မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ သောကြာနေ့ အတွဲ [၅၅]၊ အမှတ် [၁၂၁]

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ရပ်တန့်မသွားစေရန် နောက်ကြောင်းပြန်မသွားစေရန်အတွက် ပကတိအရှိတရားနှင့် လက်တွေ့ နိုင်ငံရေးအခြေအနေက ခွင့်ပြုထားသည့် အတိုင်းအတာအတွင်းမှ ဖြစ်သင့်သည်နှင့် ဖြစ်နိုင်သည်ကို သဟဇာတဖြစ်အောင် ကိုင်တွယ်ဖြေရှင်းခဲ့

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့သို့ တက်ရောက်ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ အကြီးအကဲများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကုန်လွန်ခဲ့တဲ့ ငါးနှစ်တာကာလမှာ အစိုးရအဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုများနဲ့ ပတ်သက်ပြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လွှတ်တော်ကို အခုလို လာရောက်ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဆယ်စုနှစ်ငါးခုကျော်လောက် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ကင်းကွာခဲ့ရတဲ့နိုင်ငံကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ဖို့ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့ကစပြီး လုံးဝတွဲပြားခြားနားတဲ့

*စာမျက်နှာ ၇ ကော်လံ ၁ **

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် မိန့်ခွန်းပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှု သက်တမ်း ၅ နှစ်တာကာလအတွင်း

စာမျက်နှာ ၆ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အဂတိနှင့် ကိုယ်ကျင့်တရား

လူတစ်ဦးတစ်ယောက်အနေဖြင့် ကိုယ်ကျင့်တရားသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ကိုယ်ကျင့်တရားပျက်ပြားလျှင် အရာအားလုံးပျက်ပြားနိုင်ပါသည်။ ကိုယ်ကျင့်တရားသည် လူ့တန်ဖိုးပင်ဖြစ်ပါသည်။ ကောင်းမွန်သောကိုယ်ကျင့်တရားသည် ပစ္စုပ္ပန်တွင်သာမက သံသရာအထိ ကောင်းကျိုးပေးနိုင်ပါသည်။

ထို့ကြောင့်လည်း ပညာရှိတို့က "ဥစ္စာနေဆုံးရှုံးလျှင် ဘာမှမဆုံးရှုံးဟုမှတ်ပါ (When Wealth is lost, Nothing is lost)၊ ကျန်းမာရေးဆုံးရှုံးပြီဆိုလျှင် တစ်စုံတစ်ရာဆုံးရှုံးပြီဟုမှတ်ပါ (When Health is Lost, Something is lost)၊ ကိုယ်ကျင့်တရားဆုံးရှုံးပြီဆိုလျှင် အားလုံးဆုံးရှုံးပြီဟုမှတ်ပါ (When Character is Lost, Everything is Lost)"ဟု ဆိုခြင်းပင်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားသည် လူသားတစ်ဦးအနေဖြင့် အရေးအကြီးဆုံးဖြစ်ပါသည်။

ဤသို့ဖြင့် ကိုယ်ကျင့်တရားကောင်းအောင် အဓိကလိုက်နာဆောင်ရွက်သင့်သောအချက်မှာ အဂတိတရားကင်းရှင်းရေးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ရုပ်သိမ်းခဲ့ပါသည်။ ဤအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အာဏာသက်ရောက်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရခြင်း၏ အဓိကရည်ရွယ်ချက်သည်ကား သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်စေရန်အတွက်လည်းကောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်သော်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ယခုအခါ အဂတိလိုက်စားသူများအား ထိရောက်စွာအရေးယူဆောင်ရွက်နေပြီဖြစ်ပါသည်။

အဂတိတရားကင်းရှင်းအောင်ဆောင်ရွက်ခြင်းသည် မိမိ၏ဂုဏ်သိက္ခာကိုမြှင့်တင်ပေးရုံမက နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်ပေးရာရောက်ပါသည်။ အဂတိလိုက်စားသူတစ်ဦးအနေဖြင့် တစ်ချိန်ချိန်တွင် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းမည်။ နိုင်ငံတော်ပိုင်ပစ္စည်းများလည်း ဆုံးရှုံးမည်။ ပြည်သူများ၏အမှန်တရား လိုလားတောင့်တချက်များလည်း ထိခိုက်နိုင်ပါသည်။ သို့ဖြစ်၍ မိမိအတွက်လည်းအကျိုးရှိ၊ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည့်အတွက် လူတိုင်းလူတိုင်း ကိုယ်ကျင့်တရားကောင်းအောင် နေထိုင်ပြုမူဆောင်ရွက်သင့်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၀၈ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၀၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၀၇၊ Fax- ၀၁-၈၆၀၄၅၄၆

ဓာတ်တော်ကြုတ် မူလဌာပနာတော်သွင်းခြင်းနှင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပ

မုံရွာ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ် ဆင်ဂေါ်င်းတောင်ကုန်းတော် ကျောက်နဂါး သာသနာ့နယ်မြေတွင် တည်ထားကိုးကွယ်မည့် ဉာဏ်တော် (၄၅)တောင်ရှိ မဟာနာဂဒီပ အေးငြိမ်းချမ်းသာ အင်ကြင်းစေတီတော်ကြီး၏ ရတနာရွှေ ငွေ၊ နဝရတ် ဓာတ်တော်မွေတော်ကြုတ် မူလဌာပနာတော် သွင်းခြင်းနှင့် ရတနာ၊ ရွှေ ငွေ၊ နဝရတ်အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က စစ်ကိုင်းခရိုင် မြောင်မြို့နယ် ဆင်ဂေါင်းတောင် ကျောက်နဂါး သာသနာ့နယ်မြေတွင်ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရဗိုလ (ကိုးဆယ်ဆဆရာတော်)၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နှင့်အလှူရှင်များ ဘက်ရောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရဗိုလ (ကိုးဆယ်ဆဆရာတော်ကြီး)နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက မင်္ဂလာအချိန်ကျရောက်သည်နှင့် ရတနာရွှေကြုတ်၊ ငွေကြုတ်၊ ဌာပနာပစ္စည်းများနှင့် ရတနာအုတ်မြစ်တော်များကို သွင်းလှူပူဇော်ခဲ့သည်။

အခမ်းအနားတွင် မဟာနာဂဒီပ အေးငြိမ်းချမ်းသာ အင်ကြင်းစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ဆောက်လုပ်ရန် အလှူရှင်များက စုစုပေါင်း ငွေကျပ်သိန်း ၁၈၀၀ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ကျေးလက်ဒေသများ မီးလင်းစေရေး ဆိုလာပြားများပေးအပ်

မစိ ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအတွက် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများသို့ ဆိုလာပြားများပေးအပ်ပွဲ အခမ်းအနားကို စီခမ်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီလ တတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါ ဆိုလာပြားပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကြိုင်နှင့် တာဝန်ရှိသူများက ဆိုလာပြားများကို စီခမ်းကြီးကျေးရွာတွင် အချပ် ၂၁၀၊ စီကော်ကျေးရွာတွင် အချပ် ၁၆၀၊ မလင်ကျေးရွာတွင် ၁၁ ချပ်၊ ကံကြီးကျေးရွာတွင် ၄၄ ချပ်နှင့် မန်ရကျေးရွာတွင် ၆၅ ချပ်တို့ကို ယင်းကျေးရွာများမှ အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်က ဆိုလာပြားများ ကိုင်တွယ်အသုံးပြုရမည့် နည်းလမ်းများကို ကျေးရွာသူ ကျေးရွာသားများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

ပျဉ်းမနား ဇန်နဝါရီ ၂၈

ပျဉ်းမနားမြို့ အာဟာရသုခဈေးကြီးတွင် မီးလောင်မှုမဖြစ်ပွားစေရန် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းအား ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ ဈေးတာဝန်ခံနှင့် ဈေးသူဈေးသားများ တက်ရောက်ကြပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံ၊ မီးသတ်ကားဖြင့် လည်းကောင်း၊ အပေါ့စား မီးသတ်စက်ဖြင့်လည်းကောင်း ရေပက်ဖျန်းငြိမ်းသတ်ပုံတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သဟာဝ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၀၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၆၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၄၇၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀/၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၆၆၀ ကျပ်
ဝရီမီယံဒီဇယ်	၅၁၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၅၄၀/၅၆၀ ကျပ်
အောက်တိန်း ၉၂	၆၀၀/၆၂၀ ကျပ်
အောက်တိန်း ၉၅	၇၁၀/၇၅၀ ကျပ်
ဝရီမီယံဒီဇယ်	၅၇၀/၆၂၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၅
ဥရောပ	တစ်ယူရို	၁၄၁၀.၅
စင်ကာပူ	တစ်ဒေါ်လာ	၉၀၄.၆၃
ထိုင်း	တစ်ဘတ်	၃၆.၁၂၃
အိန္ဒိယ	တစ်ရူပီး	၁၈.၉၈၅
တရုတ်	တစ်ယွမ်	၈၉၆.၈၇
မလေးရှား	တစ်ရင်းဂစ်	၃၀၄.၆၇

ခင်ရတနာ-စုစည်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ပြုလုပ်သည့် ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏မိသားစုတို့က အလှူငွေများပေးအပ်လှူဒါန်းကြရာ ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးဇာဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း) က လက်ခံရယူသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အခမ်းအနားသို့တက်ရောက်လာသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်၌ ခေတ္တကိန်းဝပ်အပူဇော်ခံထားသည့် ဘုရားရှင်၏အရိုးဓာတ်တော် လာရောက်ဖူးမြော်သူများပြား

ရန်ကုန် ဇန်နဝါရီ ၂၈

သတင်း - ဇင်းသစ်
ဓာတ်ပုံ - ရဲထွန်း

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ခေတ္တကိန်းဝပ် အပူဇော်ခံထားသည့် ဘုရားရှင်၏အရိုးဓာတ်တော်ကို လာရောက်ဖူးမြော် ကြည်ညိုသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် ယနေ့စည်ကားလျက်ရှိ သည်ကို တွေ့ရသည်။

ဘုရားရှင်၏ အရိုးဓာတ်တော်ကို မြန်မာပြည်သူပြည်သားများ ဖူးမြော်ပူဇော်ကြည်ညိုနိုင်ရန် အိန္ဒိယနိုင်ငံ လဒတ်ပြည်နယ် လိမြို့ ဟမ်းမစ်ကျောင်းတော်မှ မြန်မာနိုင်ငံသို့ ပင့်ဆောင်လာရာ စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ငူမြို့များ၌ ကိန်းဝပ်စံပယ်အပူဇော်ခံပြီး ဇန်နဝါရီ ၂၇ ရက်တွင် တောင်ငူမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်အပူဇော်ခံ ကြွချီရောက်ရှိလာခြင်းဖြစ်သည်။

ရန်ကုန်မြို့သို့ ကြွချီရောက်ရှိလာသော မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့်အောင်မြေအနီး ချမ်းသာကြီးတန်ဆောင်း၌ ခေတ္တကိန်းဝပ် အပူဇော်ခံထားရာ ရောက်ရှိချိန်မှစ၍ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြောက်ဥက္ကလာပမြို့နယ်နေ အသက် ၇၀ အရွယ် အဘွားဒေါ်မြစိန်က "ရွှေတိဂုံစေတီတော် ဘုရားလာဖူးရင်းနဲ့ ကြုံကြိုက်ပြီး ဘုရားရှင်ရဲ့ အရိုးဓာတ်တော်ကို ဖူးမြော်ခွင့်ရတာပါ။ အိန္ဒိယကနေ ကြွလာပြီး အခုလို ဖူးခွင့်ရတာ ကံကောင်းလို့ပေါ့။ စွယ်တော်ကြွလာတုန်းကလည်း ကမ္ဘာအေးဘုရားမှာ ဖူးခွင့်ရတယ်" ဟု ပြောသည်။

ရွှေတိဂုံစေတီတော် ချမ်းသာကြီး တန်ဆောင်း၌ ခေတ္တကိန်းဝပ် အပူဇော်ခံလျက်ရှိသည့် မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို ဘာသာရေးဝတ်အသင်းများမှ ဗုဒ္ဓဒေသနာတော်ဆိုင်ရာများကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

"ဟိမဝန္တာက ကြွလာတဲ့ ဘုရားရှင်ရဲ့ အရိုးဓာတ်တော်ကို စစ်ကိုင်းကောင်းမှုတော်မှာလည်း ဖူးခဲ့ရတယ်။ မန္တလေးမဟာမြတ်မုနိဘုရားမှာလည်း ဖူးခဲ့ရတယ်။ အခု ရွှေတိဂုံမှာလည်း ဖူးခွင့်ရတယ်ဆိုတော့ သုံးကြိမ်ဖူးခွင့်ရသွားတာပေါ့။ ဘုရားရှင်ရဲ့ အရိုးဓာတ်တော်ကြွတယ်ဆိုတာ ပူဇော်သူရှိတဲ့နေရာ၊ သာသနာထွန်းကားတဲ့ နေရာကိုကြွတာ။ မြန်မာပြည်က သာသနာထွန်းကားတယ်။ ပြည်သူပြည်သားတွေကလည်း စေတနာသဒ္ဓါတရား ထက်သန်တယ်" ဟု ကော့ကရိတ်မြို့တွင် တရားစခန်းဝင်ရောက်မည့် ချောက်မြို့မှ ဆရာတော် ဦးမာလာက မိန့်သည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ကိန်းဝပ်အပူဇော်ခံသည့် မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို ဇန်နဝါရီ ၂၉ ရက်တွင် လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ပင့်ဆောင်ပြီး လဒတ်ပြည်နယ် လိမြို့ ဟမ်းမစ်ကျောင်းသို့ ပြန်လည်ရောက်ရှိ ကိန်းဝပ်စံပယ်အပူဇော်ခံတော်မူမည်ဖြစ်ကြောင်း သိရသည်။

ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၁၅ ခုနှစ် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာပေဆုများကို ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်များအနက်မှ "မြဝင်း(ဒဿန)" ရေးသားပြီး လင်းလွန်းခင်စာပေမှ ထုတ်ဝေသည့် "နှင်းဆီနံ့မွှေးနှင့် အခြားစာပေဆောင်းပါးများ" စာအုပ်၊ "ပါမောက္ခဒေါက်တာ ဦးအေးမြင့်" ရေးသားပြီး ခိုင်ဇင်စိုး စာပေတိုက်မှထုတ်ဝေသည့် "လူသားတိုင်းပါဝင် သဘာဝပတ်ဝန်းကျင်" စာအုပ်၊ "ထက်အောင်(ဇန်းမော်)"ရေးသားပြီး မင်းမင်းမြတ် စာပေမှထုတ်ဝေသည့် "တောဆရာဝန်" စာအုပ်နှင့် "Dr. Saw Mra Aung" ရေးသားပြီး Su Su Mi စာပေတိုက်မှထုတ်ဝေသည့် "The Chronicle of the Mons" စာအုပ်တို့ကို ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်သည်။

ထို့ပြင် ယခုနှစ်အတွက် ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဂုဏ်ဆောင်ဆုအဖြစ် "စာရေးဆရာကြီး ဦးအောင်ခန့် (တက္ကသိုလ်ဝင်းမွန်)"အား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ ဆက်သွယ်နိုင်သည့်ဖုန်းများမှာ တင်ရွှေစာပေ ၀၁-၅၃၆၄၄၄၊ ၀၉-၅၁၁၇၆၈၃ တို့သို့ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အတွေ့အကြုံများကိုအခြေခံ၍ အမျိုးသမီးများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည်

နေပြည်တော် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် အဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်များကို တင်ပြခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊ နှစ်ပတ်လည်အစည်းအဝေး ဆွေးနွေးချက်များမှသည် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်များက အဘက်ဘက်မှ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သောကြောင့် အမျိုးသမီးများ၏အခန်းကဏ္ဍသည် နိုင်ငံတည်ဆောက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း။ အမျိုးသမီးများ၏လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားချေးငွေ မတည်ပေးရာတွင် လက်တွေ့ကျကျ မိမိဒေသ၊ မိမိဝလေ့နှင့် အခြေအနေအရ ကိုက်ညီမည့်လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ထူးချွန်သော်လည်း မိသားစုအခက်အခဲကြောင့်၊ ငွေကြေးအခက်အခဲကြောင့် အတန်းပညာမသင်ယူနိုင်သူများကို ထောက်ပံ့ကူညီနိုင်ရေး၊ စာမတတ်သူ အမျိုးသမီးများကို စာတတ်စေရန် သက်ကြီးစာဖတ်ဝိုင်း၊ စာသင်ဝိုင်းများ ဆောင်ရွက်ပေးရေး၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး တို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှတာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကိုအလေးထားကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးအားဖြင့် ယခင်နှစ်များက အတွေ့အကြုံများကို စံနမူနာယူပြီး အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်မှစတင်ကာ သုံးရက်ကျင်းပခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးတွင် ပြီးခဲ့သည့်နှစ် တစ်နှစ်တာ လုပ်ငန်း ဆောင်ရွက်ချက်များမှ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကွင်းဆင်း ဆောင်ရွက်နေသော အဖွဲ့ဝင်များ၏အတွေ့အကြုံ အခြေခံသော ဆွေးနွေးမှုများမှသည် ဆက်လက်လုပ်ဆောင်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့သို့ ရွေးကောက်ခံထားရှိသည့် ကိုယ်စားလှယ်အသစ်များဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၇၇ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅၁ ဦး၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင်တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အသစ် ၅၇ ဦးနှင့် ဖိတ်ကြားထားသည့် ပါတီ ၁၇ ခုမှ အထူးလေ့လာသူ ၇၄ ဦး စုစုပေါင်း ၅၅၉ ဦးတို့သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားသည့်အစည်းအဝေးကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်သို့ရောက်ရှိနေသော အီရန်သမ္မတ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်း

ပါရီ ဇန်နဝါရီ ၂၈

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီသည် ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံခဲ့ပြီး အီရန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကြိုဆိုကြောင်း ပြောခဲ့သည်။

၎င်းသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း သံတမန်ရေးရာအရ သဘောထားကွဲလွဲမှုအနည်းငယ်ရှိသော်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ရန် ရည်ရွယ်ကြောင်း သိရသည်။

နျူကလီးယား စာချုပ်ချုပ်ဆိုပြီး သဘောထားပျော့ပြောင်းသော ကမ္ဘာ့အင်အားကြီးနိုင်ငံများ စီးပွားရေးအရ ပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့ပြီးနောက် သမ္မတရိုဟာနီသည် ဥရောပသို့ခရီးထွက်ခဲ့သည်။

ယခု သီတင်းပတ်အတွင်း အီတလီနိုင်ငံကလည်း သဘောထားပျော့ပျောင်းသော သမ္မတ ရိုဟာနီနှင့်၎င်း၏ အဖွဲ့ဝင် ၁၂၀ ကို ကြိုဆိုလက်ခံခဲ့သည်။ အဖွဲ့ဝင် ၁၂၀ တွင် စီးပွားရေးသမားများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်သည်။

ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းသို့ အီရန် ပြန်လည်ရောက်ရှိလာခြင်းကို ကြိုဆိုကြောင်း၊ သို့သော် ဆီးရီးယားအရေးနှင့်ပတ်သက်၍ အီရန်၏ ပါဝင်ပတ်သက်မှုကိုမူ ထောက်ခံခြင်းမရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ ပြင်သစ်နိုင်ငံသည် ဇူလိုင်လကတည်းက တီဟီရန်သို့ သွားရောက်၍ ကုန်သွယ်ရေးနှင့် နိုင်ငံရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ **(ရိုက်တာ)**

မြောက်ကိုရီးယား တာဝေးပစ်ဒုံးပျံပစ်ခတ်ရန် အသင့်ဖြစ်နေဟုဆို

ဆိုးလ် ဇန်နဝါရီ ၂၈

မြောက်ကိုရီးယားအနေဖြင့် ယခုသီတင်းပတ်အတွင်း တာဝေးပစ် ဒုံးကျည်စမ်းသပ် ပစ်ခတ်ရန် အသင့်ပြင်ထားဖွယ်ရှိကြောင်း ဂျပန်အစိုးရ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ဂျပန်သတင်းအေဂျင်စီ ကျိုဒိုနယူးက ကြာသပတေးနေ့အစောပိုင်းတွင် ထုတ်လွှင့်သည်။

မြောက်ကိုရီးယားနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်း တုန်ချန်းရီ ဒုံးကျည် စမ်းသပ်ရာ နေရာ၌ ဂြိုဟ်တုပုံများကို အခြေခံပြီး တာဝေးပစ်ဒုံးကျည်ပစ်ခတ်ရန် ပြင်ဆင်ထားဖွယ်ရှိကြောင်း အဆိုပါ တာဝန်ရှိသူက ပြောသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက မြောက်ကိုရီးယားအား စတုတ္ထအကြိမ်မြောက် နျူကလီးယား စမ်းသပ်မှုအတွက် အရေးယူပိတ်ဆို့မှု အသစ်ထပ်မံပြုလုပ်သွားရန် ဆွေးနွေးနေချိန် ယင်းသတင်း ထွက်ပေါ်လာခြင်း ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ကမ္ဘာ့ပထ်လမ်း ကြောင်းအတွင်း အောင်မြင်စွာလွှတ်တင်နိုင်သည့် တာဝေးပစ်ဒုံးကျည်တစ်စင်းကို ၂၀၀၂ ခုနှစ်က အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ ယင်းလွှတ်တင်မှုသည် တိုက်ချင်းပစ် ဒုံးပျံ တည်ဆောက်ရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ဟုဆိုသည်။ **(ရိုက်တာ)**

ကမ္ဘောဒီးယား၌ ငှက်ဖျားရောဂါပပျောက်ရေး အားစိုက်ဆောင်ရွက်

ဖနွမ်းပင် ဇန်နဝါရီ ၂၈

ကမ္ဘောဒီးယားအစိုးရသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် သေစေနိုင်လောက်သော ငှက်ဖျားရောဂါဆိုးကို အပြီးတိုင်ဖယ်ရှားသုတ်သင်နိုင်မည့် ငါးနှစ်စီမံကိန်းကို အမေရိကန်ဒေါ်လာ ၁၄၂ သန်းအကုန်အကျခံကာ စတင်ဆောင်ရွက်လျက်ရှိသည်ဟု ပြည်တွင်းသတင်းစာတစ်စောင်က ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားငှက်ဖျားရောဂါတိုက်ဖျက်ရေး လှုပ်ရှားဆောင်ရွက်မှုမူဘောင်သည် ခြင်မှတစ်ဆင့်ပေါက်ပွားသော ကပ်ပါးမျိုးစိတ်ပေါင်းများစွာတို့ကြောင့် ဖြစ်ပွားသည့် ငှက်ဖျားရောဂါဝေဒနာများကို အမြစ်ပြတ်သုတ်သင်နိုင်ရေးမှာ အစိုးရအဖွဲ့၏ ရည်မှန်းချက် တစ်စိတ်တစ်ဒေသဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူ ၅၁၀၀၀ ရှိခဲ့ပြီး ယမန်နှစ်မတိုင်မီက ဖြစ်ပွားမှု ၂၅၀၀၀ နှင့်အတက်ရှိခဲ့ကြောင်း အစိုးရဆိုင်ရာသတင်းရင်းမြစ်များကို ကိုးကားလျက် ကမ္ဘောဒီးယားနေ့စဉ်သတင်းစာက ဖော်ပြသည်။

ငှက်ဖျားရောဂါပိုးကြောင့် ပြီးခဲ့သည့်နှစ်က လူ ၁၀ ဦး အသက်ဆုံးရှုံးခဲ့သည်။ လာမည့် ၂၀၂၀ တွင် ငှက်ဖျားရောဂါကြောင့် အသက်ဆုံးရှုံးရမှုများကို ပပျောက်သွားစေရန် ကမ္ဘောဒီးယားအစိုးရက များစွာမျှော်မှန်းလျက်ရှိသည်။

(ဆင်ဟွာ)

ဆွီဒင်နိုင်ငံက ဒုက္ခသည် ၈၀၀၀၀ ကို တိုင်းပြည်အတွင်းမှနှင်ထုတ်မည်

စတော့ခ်ဟုမ်း ဇန်နဝါရီ ၂၈

လွန်ခဲ့သောနှစ်က မှတ်တမ်းများအရ ဆွီဒင်နိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံသူ ဒုက္ခသည်များထဲမှ ၈၀၀၀၀ ကို တိုင်းပြည်အတွင်းမှ နှင်ထုတ်ရန် ပြင်ဆင်လျက်ရှိကြောင်း ဆွီဒင်ပြည်ထဲရေးဝန်ကြီး အန်ဒါရက်မန်းက ကြာသပတေးနေ့ အင်တာဗျူးတစ်ခုတွင် ပြောသည်။

လွန်ခဲ့သည့်နှစ်က ဝင်ရောက်လာသော ဒုက္ခသည် ၁၆၃၀၀၀ ထဲမှ ခန့်မှန်းခြေ ၆၀၀၀၀ မှ ၈၀၀၀၀ထိနှင်ထုတ်ခဲ့ကြောင်း မနှင်ထုတ်မီ၎င်းတို့ သဘောဆန္ဒအရ ထွက်ခွာခွင့်ပေးခဲ့ကြောင်း မထွက်ခွာပါက အင်အားသုံး၍ နှင်ထုတ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ အစိုးရကလည်း ဒုက္ခသည်များ မထွက်ခွာဘဲ ပုန်းအောင်းနေမည်ကို စိုးရိမ်နေကြသည်။ ယခုကဲ့သို့ ပြုလုပ်ရန်စိန်ခေါ်မှုများစွာရှိကြောင်း အာဏာပိုင်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ယခုသီတင်းပတ်အတွင်း ဝန်ကြီးချုပ်စတက်ဖန် လော့ဖ်မန်ကလည်း ဒုက္ခသည်အရေးကိစ္စ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်စေရန် ရဲများကို ကူညီထောက်ပံ့မှုများ ပေးမည်ဟု ကတိပေးခဲ့သည်။

ဆွီဒင်နိုင်ငံသည် ၎င်း၏ ဒုက္ခသည်အမြောက်အမြားလက်ခံသည့်မူဝါဒကို ပြန်လည်သုံးသပ်ခဲ့ပြီး နယ်စပ်များကို ထိန်းချုပ်ကာ ဒုက္ခသည်အစစ်ဟုတ် မဟုတ်ကို စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ **(ရိုက်တာ)**

ဇီကာဗိုင်းရပ်ထိန်းချုပ်ရေး အစီအမံများဆောင်ရွက်

ဂျီနီဗာ ဇန်နဝါရီ ၂၈

ကုလသမဂ္ဂအေဂျင်စီက ဘရာဇီးနိုင်ငံမှ လက်တင်အမေရိကန်နှင့် ကာရစ်ဘီယံ နိုင်ငံတို့တွင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိသော ထောင်ပေါင်းများစွာသော ကလေးများ ဇီကာဗိုင်းရပ် ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာကိုင်တွယ်လုပ်ဆောင်သွားရန် ဖိအားပေးလုပ်ဆောင်နေချိန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကြာသပတေးနေ့တွင် ဇီကာဗိုင်းရပ်နှင့် ပတ်သက်သော အထူးညီလာခံတစ်ရပ် ကျင်းပလျက်ရှိသည်။

တလေးမွေးဖွားရာတွင် ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သည့် ခြင်မှတစ်ဆင့် ကူးစက်ပျံ့နှံ့သော အဆိုပါဗိုင်းရပ်ကို ရပ်တန့်သွားအောင် နိုင်ငံအားလုံးက ဝိုင်းဝန်း ကြိုးပမ်းကြရန် ဗုဒ္ဓဟူးနေ့မှစတင်ကာ စီမံချက်အသစ်များ ချမှတ်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်းက ပြောကြားလိုက်သည်။

အဆိုပါ ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်သွားနိုင်ရန် အမေရိကန်အစိုးရက ရောဂါဖြစ်ပွားရာနိုင်ငံနှင့် ဒေသများသို့သွားရောက်ခဲ့သူများ သွေးလှူဒါန်းခြင်းကို ပိတ်ပင်ထားသည်။

ဘရာဇီးနိုင်ငံအနေဖြင့် အဆိုပါရောဂါကိုတိုက်ဖျက်ရန် အေးဒိစ်ခြင်နှိမ်နင်းရေးကို စစ်ဆင်ရေးတစ်ရပ်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတ ဒီမာရိုဆက်ဖ်က ပြောကြားလိုက်သည်။

အဆိုပါခြင်သည် အပူပိုင်းဒေသရှိ မြို့ကြီးများတွင် ရှင်သန်ပေါက်ပွားမှု အားကောင်းလျက်ရှိရာ ခြင်ပေါက်ပွားနိုင်သော ရေအိုး၊ ရေခွက်၊ နွံဗွက်နေရာများကို ရှင်းလင်းသွားရန်လည်း သမ္မတက ညွှန်ကြားလိုက်သည်။ **(ရိုက်တာ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **(ယာဝုံ) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်းနှစ်ခု ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှုသက်တမ်းငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ**နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည် **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီအဖွဲ့ဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြု၍ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော **ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းရေး**နှင့်စပ်လျဉ်း၍ ယခုအချိန်ကာလသည် ပထမအကြိမ် လွှတ်တော်သက်တမ်းပြီးဆုံးရန် ရက်အနည်းငယ်သာကျန်ရှိပြီး ကူးပြောင်းရေးကာလ ဖြစ်နေသည့်အတွက် ဆောင်ရွက်ရန်အချိန်အခက်အခဲရှိခြင်းနှင့် နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံတော်၏အုပ်ချုပ်မှုအာဏာကို လွှဲပြောင်းလက်ခံရယူပြီးသည့် အချိန်ကာလမှသာ အစိုးရအဖွဲ့သစ်၏ သဘောထားနှင့်အညီ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေး

ကြပြီး ပြည်ထောင်စုလွှတ်တော်နာယကက တစ်ပိုဒ်ချင်းစီအလိုက် အဆုံးအဖြတ်ရယူ အတည်ပြု၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက **ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်အကျဉ်းချုပ်**ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၁ ရက် မြောက်နေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမျိုးသားအကျိုးစီးပွားအတွက် အယူဝါဒအစွဲမထားရှိဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၈

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ကိုယ်စားလှယ်များက နှုတ်ဆက်အမှာစကားများ ပြောကြားကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက မိမိတို့ဘဝတွင် တန်ဖိုးထားဂုဏ်ယူစရာ ပြည်သူ့တာဝန်များကို ထမ်းဆောင်ခွင့်ရခဲ့သည့် ငါးနှစ်တာသက်တမ်းကာလတွင် အတွေ့အကြုံ ဗဟုသုတ၊ အသိအမြင်များနှင့် မိတ်ဆွေ ညီအစ်ကိုမောင်နှမများလည်း တိုးလာခဲ့ပါကြောင်း၊ ရရှိခဲ့သည့်အတွေ့အကြုံ ဗဟုသုတများကို

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ

အရင်းခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တတ်နိုင်သည့်ဘက်မှ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နောင်ပေါ်ပေါက်လာမည့် လွှတ်တော်ကြီးကလည်း လွှတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရင်း နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်အောင်မြင်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ ရှေ့တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ရမ်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း

တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်အမျိုးသားပါတီ၊ တပ်မတော်သား ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များက နှုတ်ဆက်စကား အသီးသီးပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ဆက်အမှာစကားပြောကြားရာတွင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည် လွှတ်တော်များအတွင်းတွင် တန်ဖိုးကြီးလှသောကိစ္စရပ်များ ဆောင်ရွက်ခွင့်ရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် တစ်နည်းဆိုရလျှင် အမျိုးသားအကျိုးစီးပွားအတွက် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ကိုးကွယ်ရာဘာသာ အယူဝါဒအစွဲမထားရှိဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်သော မေးခွန်းများ၊ အဆိုများနှင့် ဥပဒေများကို ဆွေးနွေးညှိနှိုင်းပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ထို့အတူ လွှတ်တော်နိုင်ငံရေးအတွေ့အကြုံ၊ တိုင်းရင်းသားရေးရာအတွေ့အကြုံအပါအဝင် စည်းလုံးညီညွတ်ရေးအတွက် ကျယ်ပြန့်လှသော ကိစ္စအကြောင်းအရာများကို ငါးနှစ်လုံးလုံး အမြင်ချင်း၊ အတွေ့အကြုံချင်း ဖလှယ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂၈

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက် မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်းကို ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၏ **လုပ်သက်ခွင့်ခံစားပိုင်ခွင့်တစ်လကို အမြဲတမ်းစုဆောင်းခံစားပိုင်ခွင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေးက နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ လုပ်သက်ခွင့်ကို ခံစားခွင့်ပြုရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၇ နှင့်အညီ ပြက္ခဒိန်တစ်နှစ်အတွင်းတွင် ခံစားခွင့်ပြုပေးထားသည့်အပြင် နည်းဥပဒေ ၈၀ ၌ ပြက္ခဒိန်နှစ်အတွင်း ခွင့်စာရင်း၌ကျန်ရှိသော လုပ်သက်ခွင့်ရက်များအတွက်ကိုလည်း ဆုကြေးအဖြစ်ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုရန် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါကြောင်း၊ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ လစာကို လေးကြိမ်တိုင်တိုင် တိုးမြှင့်ပေးခဲ့ခြင်းနှင့် ဘဏ္ဍာရေးအခြေအနေအရ အဆိုပါနည်းဥပဒေ ၈၀ ကို ကျင့်သုံးရန် လက်တလောဆိုင်းငံ့ထားပါကြောင်း။

ထို့ပြင် ပြက္ခဒိန်နှစ်အစပိုင်းတွင် မလွှဲမရှောင်သာသည့် လူမှုရေး၊ ကျန်းမာရေး စသောကိစ္စရပ်များအတွက် အမှန်တကယ်လိုအပ်၍ လုပ်သက်ခွင့်တောင်းခံပါက ဝန်ထမ်းစုဆောင်းထားသော လုပ်သက်ခွင့်ရက်လက်ကျန်နည်းနေပါက ရှောင်တခင်ခွင့်၊ ဆေးလက်မှတ်ခွင့်ကဲ့သို့ အခြားခံစားခွင့်ရှိသည့် ခွင့်အမျိုးအစားများ

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေး ဖြေကြားစဉ်။

ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏စီမံခန့်ခွဲမှုနည်းလမ်းအရ ပြင်ဆင်သတ်မှတ်ခွင့်ပြုပေးနိုင်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် လုပ်သက်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင်ပြေစွာဖြင့် ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီးအတွင်း လီဆူတိုင်းရင်းသားလူဦးရေစာရင်း ကောက်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ တိုင်းရင်းသားလူမျိုးစာရင်းအကြမ်း ထွက်လာချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍

ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် မေးမြန်းစဉ်။

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် အဆင့်ဆင့် အကြံအလည် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များ သတ်မှတ်ပြီးမှသာလျှင် အတည်ပြုချက်ရယူ၍ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်းကို ထပ်မံကောက်ယူပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က **ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ချက်များ**နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်သမ္မတ၏မိန့်ခွန်းကို ရှေ့ဖုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်သမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြင့်မိုး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုသည့် အခမ်းအနားတွင် ပထမအကြိမ်၊ ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် တာဝန်ထမ်းဆောင်မှု သက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းနှင့် နိုင်ငံတကာဆက်ဆံရေးအကြောင်း ဟောပြော

နေပြည်တော် ဇန်နဝါရီ ၂၈

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးမြှင့်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် စွမ်းဆောင်ရည်တိုးမြှင့်ရေး အစီအစဉ်တစ်ရပ်ဖြစ်သော ဆွေးနွေးဟောပြောခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရာထူးဝင်အဖွဲ့ဝင် ဦးသန်းထွန်းက မြန်မာနိုင်ငံ၏ နောက်ခံသမိုင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဟောပြောကာ တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ မေးမြန်းဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ထိုကဲ့သို့ဆွေးနွေးဟောပြောပွဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

သရေခေတ္တရာမြို့ဟောင်းအတွင်း သုတေသနလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဇန်နဝါရီ ၂၆ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့်အတူ ကမ္ဘာ့အမွေအနှစ် ဒေသများဌာနခွဲ သရေခေတ္တရာ ဌာနစု၏ သတင်းအချက်အလက်ဌာန ဆောင်ရွက်ထားမှု၊ ဘုရားထောင်ဘုရားနှင့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်တူးဖော်ထိန်းသိမ်းနေမှု၊ သာယာဝတီမြို့ဝင်ပေါက် တူးဖော်သုတေသနပြု ထိန်းသိမ်းမှုနှင့် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင် Professor Dr. Janice Stargedt နှင့် ဌာနဝန်ထမ်းများပူးပေါင်းပြီး ရဟန္တာကန်အနီး တူးဖော်သုတေသနပြုနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် သရေခေတ္တရာ မြို့ဟောင်းအတွင်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် Italy Lerici Foundation မှ ပညာရှင်များနှင့် တွေ့ဆုံကာ ဘူမိရူပနည်းပညာ (Geophysics Method) ဖြင့် ရှေးဟောင်းမြေကုန်းများကို သုတေသနပြုလေ့လာနေသည့် လုပ်ငန်းများ၏ တိုးတက်မှု၊ ထိန်းသိမ်းရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးသည်။ ဘူမိရူပနည်းပညာ (Geophysics Method) သည် ရှေးဟောင်းမြေကုန်းများအား တူးဖော်ခြင်းမပြုဘဲ မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ၏ တည်ရှိမှုနှင့် ပုံသဏ္ဌာန်ကို ၆၀ ရာခိုင်နှုန်းခန့်အထိ မှန်ကန်အောင် တိုင်းတာပုံထုတ်ပေးနိုင်သည့် နည်းပညာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းအမွေအနှစ် ဒေသများစွာရှိသည့်အတွက် ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်း ပိုမိုအောင်မြင်တိုးတက်လာပါက ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး ဒေသခံပြည်သူများကို အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

BRT ယာဉ်ဘေးနှင့် နောက်မှမောင်းသည့်ယာဉ်များ သတိဖြင့်မောင်းနှင်ရန် အသိပေးနှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့တော်အတွင်း BRT(Bus Rapid Transit) ယာဉ်များ မကြာမီစတင်ပြေးဆွဲတော့မည်ဖြစ်ရာ BRT ယာဉ်များသည် ထမ်း၏ ယာဘက်ယာဉ်ကြော၌ ဦးစားပေးမောင်းနှင်မည်ဖြစ်ပါသည်။ အဆိုပါ BRT ယာဉ်များသည် အိမ်ရှည်ယာဉ်ကြီး (Long Vehicle) များဖြစ်ကြသဖြင့် လမ်းဆုံများတွင် လက်ဝဲ၊ လက်ယာကွေ့သည့်အခါ BRT ယာဉ်ကြောအတိုင်းကွေ့ရာ၌ အခက်အခဲဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်နည်းဥပဒေ ၁၄၈(ဂ) နှင့်အညီ BRT ယာဉ်များသည် လမ်း၏ထောင့်ချိုးနှင့် လွတ်ကင်းရန်အတွက် လမ်းအလယ် ဒုတိယယာဉ်ကြောဘက်မှ ကပ်မောင်း၍ အမြန်နှုန်းလျှော့ချပြီး ကွေ့မည်ဖြစ်ရာ BRT ယာဉ်ဘေးနှင့် နောက်မှမောင်းသည့် အခြားယာဉ်များအနေဖြင့် သတိပြုမောင်းနှင်ပေးကြပါရန် တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန
(က)	ပါမောက္ခဒေါက်တာဇော်ဝေစိုး	ပါမောက္ခချုပ် ဆေးတက္ကသိုလ် (၁)ရန်ကုန် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာအေးထွန်း	ပါမောက္ခချုပ် ဆေးတက္ကသိုလ် (မကွေး) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❖ ကျောဖုံးမှ

နိုင်ငံ့ပုံရိပ်အတွက် ပိုမိုအမြင်တင့်တယ် စေလာမှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ အငှားအိမ်ရာ တည်ဆောက်ပြီးစီးသွားပါက ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် နေထိုင်သည့် အခြေခံလုပ်သားများနှင့် ကျူးကျော်တဲများတွင် နေထိုင်သော မိသားစုများကိုသာ အဓိကထား ငှားရမ်းနေရာချထားပေးသွားမည် ဖြစ်ပြီး ငှားရမ်းခများအနေဖြင့် တစ်လလျှင် သုံးသောင်းကျပ်နှုန်း သတ်မှတ်ထားကာ အငှားစနစ်တွင် တစ်ထပ်ခြောက်လနှင့် တစ်နှစ် စသည့် သုံးမျိုးဖြင့် ငှားရမ်းပေးသွားမည်ဖြစ်သည်။

“အခန်းနေရာ ချထားပေးမှုကတော့ မဲစနစ်နဲ့သွားမှာပါ။ ပထမထပ်ကနေ ဆဋ္ဌမအထပ်ထိ ဘယ်နေရာမှာပဲရရ တစ်လကို ငှားရမ်းခအနေနဲ့ တစ်ပြေးညီ သုံးသောင်းပဲ သတ်မှတ်ထားပါတယ်။ လက်ရှိကောက်ခံထားတဲ့ ရွှေ့ပြောင်းလုပ်သားတွေရဲ့ အိမ်ထောင်စုစာရင်း အရ ၂၆၀၀ ကျော်ရှိနေပါတယ်။ လက်ရှိဆောက်လုပ်ထားတဲ့ အခန်းအရေအတွက်က နည်းနေသေးတဲ့အတွက် ထပ်မံဆောက်လုပ်ပေးသွားဖို့ စီစဉ်ထားဝါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိကျူးကျော်တဲများတွင် နေထိုင်သူ ဒေါ်အေးတင်ကလည်း “သားသမီးတွေ ငယ်တုန်းတော့ဖြစ်သလို နေရတာကိစ္စမရှိပေမယ့် အရွယ်ရောက်လာတော့ မသင့်လျော်ဘူးလေ။ ဒီလိုအချိန်မှာ အခုလိုတိုက်ခန်းမျိုးနဲ့ နေခွင့်ရရင်တော့ အင်မတန်ကောင်းမှာပေါ့။ စာရင်းတော့ ထားကောက်သွားပြီ။ ရမရတော့မသိသေးပါဘူး” ဟု ၎င်းက ပြောသည်။

အငှားအိမ်ရာ စီမံကိန်းကို မြေဧက ၅ ဒသမ ၅၇၇၉ ဧကပေါ်တွင် ၂၀၁၄ ခုနှစ် မတ်လပိုင်းက စတင်တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် တည်ဆောက်ရေး လုပ်ငန်းများမှာ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

အငှားအိမ်ရာ စီမံကိန်းတွင် လူနေတိုက်ခန်းများအဖြစ် (၁၀×၂၀) ပေ ၁၂ ခန်းတွဲ ခြောက်ထပ် ၂၂ လုံး၊ အခန်းပေါင်း ၁၅၈၄ ခန်းပါရှိမည်ဖြစ်ကာ အခန်းများအလိုက် ရေချိုးခန်းနှင့် သန့်စင်ခန်းများ ထည့်သွင်းထားကြောင်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေးတို့ကိုလည်း စီမံဆောင်ရွက်ထားကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးအနစ်သာရ ပြည့်ဝပြီး အရေးကြီးတဲ့ တာဝန်လွှဲပြောင်းမှုကို စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဒီနေရာကနေ ထပ်မံကတိပြု။

*** ရှေ့စုံးမှ**

နိုင်ငံရေး စနစ်သစ်တစ်ခု၊ အုပ်ချုပ်မှုစနစ်သစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို စတင်အကောင်အထည်ဖော်တဲ့အချိန်မှာပဲ အရှေ့အလယ်ပိုင်းဒေသက အာရပ်နိုင်ငံများမှာ အာရပ်နွေဦးအမည်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်အကောင်အထည်ဖော်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

အခု ငါးနှစ်ကြာလာတဲ့အချိန်မှာ အရှေ့အလယ်ပိုင်းဒေသက ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများမှာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံများပြိုကွဲပျက်စီးနေတာ၊ သန်းနဲ့ချီတဲ့ပြည်သူတွေဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရတာ၊ မင်းမဲ့စရိုက်နဲ့ အစွန်းရောက်ဝါဒတွေ ထွန်းကားလာတာတွေကြောင့် မူလရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီပန်းတိုင်နဲ့ အလှမ်းဝေးသထက်ဝေးလာတာကို အားလုံးတွေ့ကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ အခက်အခဲအချို့နဲ့ စိန်ခေါ်မှုအချို့ ရှိနေသေးပေမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို တည်ငြိမ်အေးချမ်းစွာနဲ့ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအခြေအနေဟာ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ရဲ့ အထူးခြားဆုံး အောင်မြင်မှုဖြစ်ပြီး နိုင်ငံတကာက စံနမူနာပြုလေ့လာရတဲ့ ဖြစ်စဉ်လည်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပြည်သူများရဲ့ အောင်ပွဲလည်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ်၊ သမ္မတရာထူးလက်ခံမိန့်ခွန်းမှာ နိုင်ငံကို ပို၍တည်ငြိမ်တဲ့နိုင်ငံ၊ ပို၍ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ်ရောက်အောင်အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်လို့ ကတိပေးခဲ့ပါတယ်။ အဲဒီကတိပြုချက်အတိုင်းပဲ ပြည်သူများရဲ့ ဆန္ဒနှစ်ရပ်ဖြစ်တဲ့ အေးချမ်းတည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်ဖို့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်လေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ရင် အရေးကြီးဆုံးက နိုင်ငံရေးတည်ငြိမ်မှု ရရှိရေးပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်မိန့်ခွန်းမှာ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်း၊ ပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေနဲ့ မတူညီသော သဘောထားအမြင်များ ရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ ကိစ္စရပ်များမှာ ပူးပေါင်းဆောင်ရွက်ကြဖို့၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာရယူဖို့ တိုက်တွန်းခဲ့သလို ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေကြောင်း အသိပေးပြောကြားခဲ့ပါတယ်။

ဒါ့ကြောင့်လည်း ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ နိုင်ငံသားအားလုံး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်နိုင်ခွင့်ရရှိစေဖို့အတွက် ယုံကြည်ချက်ကြောင့်၊ နိုင်ငံရေးသဘောတား ကွဲလွဲမှုများကြောင့် ထိန်းသိမ်းခံထားခဲ့ရတဲ့ အကျဉ်းသားများကို ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။ အဲဒီလိုပဲ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့တဲ့ နိုင်ငံရေးပါတီများအနေနဲ့ လွှတ်တော်နိုင်ငံရေးမှာ ပါဝင်နိုင်စေရန်အတွက် လိုအပ်တဲ့ဥပဒေပြင်ဆင်မှုများကိုပြုလုပ်ပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီဆောင်ရွက်ချက်များကြောင့်ပဲ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိခဲ့သော၊ ယှဉ်ပြိုင်ခွင့်မရခဲ့သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဟာ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ယခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတာဝန်များကို ရယူဆောင်ရွက်နိုင်ခဲ့တာကို အားလုံးတွေ့မြင်ရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်လည်း ကျွန်တော် ကတိပြုပြောကြားခဲ့တဲ့အတိုင်း ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှာ ငြိမ်းချမ်းရေးအတွက် တရားဝင်ဖိတ်ခေါ်ကမ်းလှမ်းမှုများကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကြိုတင်ကန့်သတ်ချက်တွေ မပါဘဲ လွတ်လပ်မှုရှိရှိ၊ တန်းတူမှုရှိရှိနဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အစည်းအဝေးများကို ကျင်းပခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးမှုများကြောင့် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၅)ဖွဲ့နဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူစာချုပ်ပေါင်း (၃၉)ခုကို သီးခြားလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါတယ်။ နောက်တစ်ဆင့်ဖြစ်တဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ဖို့အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ရရှိရေးကို တစ်နှစ်ကျော် အပြန်အလှန်ဆွေးနွေးခဲ့ပြီးတဲ့နောက်မှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ အဖွဲ့အစည်းများအတွက်လည်း အစဉ်တံခါးဖွင့်ထားပြီးဖြစ်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အခြေခံပြီး စာချုပ်ပါအချိန်ဇယားအတိုင်း နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးညီလာခံကျင်းပခြင်းဟာ ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်အရ ပေါ်ထွက်လာမယ့် အစိုးရထံသို့ တာဝန်လွှဲပြောင်းပေးရာမှာ အရေးကြီးဆုံး လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးညီလာခံက ပေါ်ထွက်လာတဲ့ ဆွေးနွေးချက်များဟာ နောက်အစိုးရလက်ထက်မှာ ဆက်လက်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံအုတ်မြစ်ကောင်းများပဲဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

၂၀၁၁ ခုနှစ်က ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ထွက်လာအောင် ဆောင်ရွက်မယ်၊ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာမူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ်ကျင့်သုံးဆောင်ရွက်သွားမယ်၊ ဆင်းရဲချမ်းသာကွာတမှု၊ မြို့ပြ ကျေးလက်လူနေမှုအဆင့်ကွာခြားမှုတို့ကို တတ်နိုင်သလောက် လျှော့ချမယ်လို့ ကျွန်တော် ကတိပြုပြောကြားခဲ့ပါတယ်။

ဒါ့ကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်က စတင်ပြီး ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုစီမံကိန်းကို ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါတယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြစ်တဲ့ လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးတွေကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ဖို့အတွက် ကာလရှည် အနှစ်(၂၀) အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ၂၀၁၁-၂၀၃၁ ခုနှစ်၊ မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်၊ ၂၀၁၀-၂၀၃၅ ခုနှစ် မြန်မာ့စက်မှုလုပ်ငန်း တိုးတက်ရေးမျှော်မှန်းချက်နဲ့ အခြား မူသဘောဆိုင်ရာစီမံကိန်း (Conceptual Plan)၊ ပင်မစီမံကိန်း (Master Plan)၊ မြေယာအသုံးချမှုဝါဒ (Land Use Policy) များကို နိုင်ငံတကာအဖွဲ့အစည်းများအကူအညီနဲ့ ရေးဆွဲပြီး လွှတ်တော်သို့တင်ပြခြင်း၊ ပြည်သူလူထုသို့ အသိပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာမှာ အဓိကကျတဲ့ စာရင်းဇယားများ၊ ကိန်းဂဏန်းများ တိကျမှန်ကန်စေရန်အတွက် နှစ်ပေါင်းသုံးဆယ်ကျော် ကောက်ယူနိုင်ခြင်းမရှိခဲ့တဲ့ လူဦးရေနှင့် အိမ်ထောင်စုစာရင်း၊ စီးပွားရေးစစ်တမ်းများပါဝင်တဲ့ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီသန်းခေါင်စာရင်းကောက်ယူမှုဟာ ကျွန်တော်တို့အစိုးရအတွက်သာမက နောင်တာဝန်ယူမယ့် အစိုးရအဆက်ဆက်အတွက်လည်း စီးပွားရေးစီမံကိန်းများရေးဆွဲရာမှာ များစွာအထောက်အကူဖြစ်စေတဲ့ အရေးကြီးတဲ့အောင်မြင်မှုဖြစ်ပါတယ်။

နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အဓိကအခက်အခဲကတော့ နှစ်ပေါင်းနှစ်ဆယ်လောက် ကျွန်တော်တို့နိုင်ငံအပေါ် ချမှတ်ထားခဲ့တဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုများပဲဖြစ်ပါတယ်။ အဲဒီလိုပိတ်ဆို့အရေးယူမှုတွေကို ဖယ်ရှားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအပေါ် အပြုသဘောမမြင်နိုင်သေးတဲ့ နိုင်ငံများကို ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ ကျင့်သုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သက်သေပြခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုလက်ခံပြီး ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင် အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်နိုင်ငံများကိုသွားရောက်ပြီး နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ခေါင်းဆောင်များကို တွေ့ဆုံရှင်းလင်းပြောကြားခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့အစိုးရသစ်အပေါ်မှာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ယုံကြည်မှုကို အချိန်တိုအတွင်းရရှိခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးများ ပုံမှန်ပြန်ဖြစ်လာခဲ့ပါတယ်။ ဩစတြေးလျ၊ နော်ဝေနိုင်ငံတို့က စီးပွားရေးပိတ်ဆို့မှုများကို ဦးစွာရုပ်သိမ်းပေးခဲ့ပြီးနောက် ဥရောပသမဂ္ဂနဲ့ အခြားနိုင်ငံများကလည်း ရုပ်သိမ်းပေးခဲ့ပါတယ်။ ကုန်သွယ်မှုဆိုင်ရာ (G.S.P) အကျိုးခံစားခွင့်လည်း ယခုရရှိနေပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုကလည်း ဒဏ်ခတ်အရေးယူမှုအများစုကို ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒီလို စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခဲ့တဲ့အတွက် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းများရရှိလာခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခြင်းနဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြဋ္ဌာန်းနိုင်ခြင်း၊ အထူးစီးပွားရေးဇုန်များ စတင်အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့် ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၁ ခုနှစ်မှာ ငွေကျပ် ၂၄၁ ဒသမ ၅၇ ဘီလီယံရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ငွေကျပ် ၅၁၇၉ ဒသမ ၉၁ ဘီလီယံအထိ တိုးတက်လာခဲ့ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေနဲ့ ၂၀၁၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄ ဘီလီယံကနေ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁၂ ဘီလီယံအထိ တိုးတက်လာခဲ့ပါတယ်။ လူတစ်ဦးချင်း

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

ဝင်ငွေဟာလည်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ရဲ့ အစီရင်ခံစာအရ ၂၀၁၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈၀၀ ကျော်ရှိရာကနေ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၇၀ အထိ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ အရေးကြီးတဲ့အောင်မြင်မှုအချို့ကိုလည်း ဖော်ပြလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံခြားတုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာမှာ အတားအဆီးတစ်ခုဖြစ်နေတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေတာကို ဖျက်သိမ်းပြီး ဈေးကွက်ကိုအခြေခံတဲ့ တစ်ခုတည်းသောငွေကြေးလဲလှယ်နှုန်းတစ်မျိုးတည်းဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်အပေါ် စိုးရိမ်မှုတွေရှိနေပေမယ့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကူအညီနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမှာ အရေးကြီးတဲ့ ဗဟိုဘဏ်ကို သီးခြားအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခင်အစိုးရ အဆက်ဆက်က တင်ရှိနေတဲ့ ကြွေးမြီများအနက်မှ ဒေါ်လာ ၆ ဘီလီယံခန့်ကို ပဲရစ်ကလပ် အဖွဲ့ဝင်နိုင်ငံများနဲ့ ညှိနှိုင်းလျှော်ပစ်နိုင်ခဲ့သလို အကြွေးဟောင်း အကြွေးသေတွေကိုလည်း ပေါင်းကူးချေးငွေရယူပြီး သက်သာသောနှုန်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ပါထယ်။

ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အကူဖြစ်စေမယ့် ကမ္ဘာ့ဘဏ်အပါအဝင် IMF, ADB တို့မှ ငွေကြေးနဲ့ နည်းပညာအကူအညီ အထောက်အပံ့များလည်း ရရှိခဲ့ပါတယ်။ ဒါ့အပြင် EITI အဖွဲ့ဝင်ဖြစ်ရေးနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) နိုင်ငံအဖြစ်က လွတ်မြောက်အောင်လည်း အစပျိုးဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘဏ္ဍာရေးစနစ်နဲ့ပတ်သက်ရင်လည်း ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် (Public Financial Management, PFM) စနစ်ပေါ်ပေါက်အောင် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်တွင်းဘဏ်များ အရည်အသွေးမြင့်မားစေဖို့အတွက် အရည်အသွေးမြင့်မားတဲ့ နိုင်ငံတကာဘဏ် (၉) ဘဏ်ကို ဖွင့်လှစ်ခွင့် ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာနည်းတူ ငွေကြေးဈေးကွက် ပေါ်ပေါက်ဖို့အတွက် ရန်ကုန်စတော့အိတ်ချိန်းကိုလည်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

အလားတူပဲ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအနေနဲ့ ပြည်သူများအနေနဲ့ ပေးသင့်ပေးထိုက်သော အခွန်များကို စနစ်တကျပေးဆောင်နိုင်ဖို့ ရှင်းလင်းသည့် အခွန်စနစ် သတ်မှတ်၍ အကြီးစားအခွန်ထမ်းရုံးကို တည်ထောင်ခြင်း၊ အခွန်ထမ်းဆောင်သူများကို ကျွန်တော်ကိုယ်တိုင် အသိအမှတ်ပြု ဂုဏ်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အမှန်စာရင်းအရ ပြည်ထောင်စု၏ အခွန်ရငွေဟာ ၁ ဒသမ ၀၇၇ ထရီလီယံကျပ်ရှိပြီး ပြည်ထောင်စု၏အခွန်ရငွေနှင့် ဂျီဒီပီအချိုးဟာ ၃ ဒသမ ၂ ရာခိုင်နှုန်းပဲရှိရာကနေ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ အခွန်ရငွေဟာ ၆ ဒသမ ၃၈၇ ထရီလီယံအထိ တိုးတက်ရရှိခဲ့ပြီး ပြည်ထောင်စု၏ အခွန်ရငွေနဲ့ ဂျီဒီပီအချိုးဟာ ၈ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော် စတင်တာဝန် ထမ်းဆောင်ချိန်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးကို ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကတိပေးပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများရဲ့ ရလဒ်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပိုမိုလုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးကဏ္ဍမှာ ၂၀၁၁ ခုနှစ်က အသုံးစရိတ်

၂၀၁၅ ရွေးကောက်ပွဲကနေ ဘယ်ပါတီပဲနိုင်နိုင် ဒီမိုကရေစီအစခရီးဖြစ်တဲ့ ၂၀၁၀ ပြည့်နှစ်မှာရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကိုရရှိစေဖို့အတွက် အခြေခံကောင်းများ တည်ဆောက်ပေးခဲ့။

ကျပ် ၃၁၀ ဘီလီယံရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ၁၆၉၂ ဘီလီယံအထိ တိုးတက်သုံးစွဲခဲ့ပါတယ်။ ယခင်က မူလတန်း အခမဲ့ပညာရေးသာ ဆောင်ရွက်ရာကနေ အထက်တန်းအခမဲ့ပညာရေးအထိ တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များ၊ ဘက်စုံပညာထူးချွန်ဆုငွေအစီအစဉ်များ၊ ပညာသင်ဆု ချီးမြှင့်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သလို နိုင်ငံတော်သမ္မတပညာသင်ဆု အစီအစဉ်နဲ့ နိုင်ငံတကာတက္ကသိုလ်များကို ပညာတော်သင်များ စေလွှတ်ပေးနိုင်ခဲ့ပါတယ်။ ပညာရေးကဏ္ဍအသုံးစရိတ်များ တိုးမြှင့်အသုံးပြုလာတာနဲ့အမျှ လိုအပ်သည့် ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းများအတွက် လိုအပ်သည့် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်ခဲ့တဲ့အတွက် အခြေခံပညာရေးအပိုင်းမှာ ၂၀၁၁ ခုနှစ်မှာ ကျောင်းပေါင်း လေးသောင်းတစ်ထောင်ကျော်ရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ကျောင်းပေါင်း လေးသောင်းငါးထောင်ကျော်အထိ တိုးတက်လာခဲ့ပါတယ်။ ကျောင်းသားဦးရေဟာလည်း ရှစ်သန်း ခုနစ်သောင်းကျော်ကနေ ရှစ်သန်းရှစ်သိန်းကျော်အထိ တိုးတက်လာခဲ့ပါတယ်။ ဆရာ ဆရာမဦးရေဟာလည်း နှစ်သိန်းခုနစ်သောင်းကျော်ကနေ သုံးသိန်းသုံးသောင်းကျော်အထိ တိုးတက်လာခဲ့ပါတယ်။ ကျောင်းအဆောက်အအုံသစ် တစ်သောင်းတစ်ထောင်ကျော်ကို ဆောက်လုပ်ပေးခဲ့ပြီး အဆောက်အအုံပေါင်း တစ်သောင်းတစ်ထောင့်တစ်ရာကျော်ကိုလည်း ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် မျိုးဆက်သစ်လူငယ်ခေါင်းဆောင်များ ပေါ်ပေါက်လာစေရေးအတွက် ကင်းထောက်လူငယ်များ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီ မောင်မယ်များစတဲ့ လူငယ်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများကိုလည်း ပြန်လည်ဖော်ထုတ်အားပေးခဲ့ပါတယ်။

တစ်ဖက်ကလည်း ဗုဒ္ဓဘာသာတရားတော်ရဲ့ အဆုံးအမတွေ၊ ဓမ္မစကူးလ်တွေ၊ ဆောင်ရွက်မှုတွေရှိလာတာကို ကြိုဆိုရမှာလည်းဖြစ်ပါတယ်။ အခြားဘာသာများရဲ့ လူသားကောင်းကျိုးပြု ဟောပြောမှုတွေကိုလည်း ကြိုဆိုပါတယ်။ ကျောင်းပညာရေးနဲ့ ဆက်နွှယ်ပြီး ပြည်သူ့နီတိတွေ၊ လူ့ဘောင်အဖွဲ့အစည်းကို ကောင်းကျိုးဖြစ်စေမယ့် အလေ့အထ၊ အမူအကျင့်၊ စိတ်ထားကောင်းတွေလည်း သင်ကြားပေးဖို့ စီမံခဲ့ပါတယ်။ ဒါမှ ငြိမ်းချမ်းတဲ့၊ အေးချမ်းတဲ့၊ သာယာတဲ့၊ စိတ်ထားကောင်းတဲ့ လူတွေနေတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားနိုင်တဲ့ လူတွေနေထိုင်ကြတဲ့ နိုင်ငံကြီးဖြစ်ရမယ်လို့ မျှော်မှန်းကြိုးပမ်းခဲ့ပါတယ်။

ကျန်းမာရေးကဏ္ဍအသုံးစရိတ်ကလည်း ၂၀၁၁ ခုနှစ်မှာ ကျပ် ၈၆ ဒသမ ၅၈ ဘီလီယံရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ကျပ် ၈၁၄ ဒသမ ၁၇ ဘီလီယံထိရှိလာခဲ့ပါတယ်။ ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေဖို့အတွက် ပြီးခဲ့တဲ့ငါးနှစ်တာကာလအတွင်းမှာ ဆေးရုံ (၂၂၅)ရုံ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဆေးရုံ (၁၀၀)ကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ အလားတူပဲ ခရိုင်၊ မြို့နယ် ကုသရေးဆေးရုံ (၄၂၀)ရုံကို အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သလို ကျေးလက်ကျန်းမာရေးဌာန၊ မိခင် ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန (၂၂၅)ခု၊ တိုင်းရင်းဆေးရုံ (၄၄) ရုံ၊ သူနာပြုနဲ့ သားဖွားကျောင်း (၉) ကျောင်းကို အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်သူများအနေနဲ့ မိမိတို့နေထိုင်ရာဒေသမှာပဲ အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူနိုင်ဖို့အတွက် တိုင်းဒေသကြီး/ ပြည်နယ်မြို့ကြီးများက ဆေးရုံ (၁၅)ရုံကို ခုတင် (၅၀၀) ဆေးရုံကြီးများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင် (၂၀၀၀) ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်ဖက်ကလည်း ဆေးရုံများကို အဆင့်မြှင့်တင်ပေးသလို လူနာများအနေနဲ့ ကျန်းမာရေးအတွက် ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရန် အခမဲ့ကုသမှု အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ ဆက်သွယ်ရေးကဏ္ဍဟာလည်း အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ မိုဘိုင်းဖုန်းနဲ့ အင်တာနက်သုံးစွဲမှုကို တိုးချဲ့ဖို့ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒီလို တိုးချဲ့ခြင်းဟာ သာမန်ဆက်သွယ်ပြောဆိုရုံအတွက်သာမဟုတ်ဘဲ ပြည်သူများရဲ့ သတင်းအချက်အလက်သိပိုင်ခွင့်၊ အသိပညာရှာဖွေ ဆည်းပူးနိုင်ခွင့်ကိုလည်း တိုးချဲ့ပေးလိုက်တာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများအနေနဲ့ မိုဘိုင်းဖုန်း၊ အင်တာနက်တို့ကနေ ဈေးကွက်သထင်း၊ ရာသီဥတုသတင်းများကို ရယူနိုင်တဲ့အတွက် ကျေးလက်နဲ့ မြို့ပြကြား အသိပညာကွာဟချက်ကို ကျဉ်းမြောင်းစေပြီး ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ဆက်သွယ်ရေးကဏ္ဍမှာ နိုင်ငံတကာကုမ္ပဏီများ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့တဲ့အတွက် ယခုအခါ နိုင်ငံတွင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုဟာ ၂၀၁၁ ခုနှစ်က ၄ ရာခိုင်နှုန်းကျော်၊ ၅ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာကနေ အခုအခါမှာ ၈၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပြီ ဖြစ်ပါတယ်။ ဆင်းကတ်ဈေးနှုန်းများဟာ ၁၅ သိန်း၊ သိန်း ၂၀ ကနေ ကျပ် ၁၅၀၀ အထိ လျှော့ချပေးခဲ့တဲ့အတွက် လူတိုင်းလက်လှမ်းမီတဲ့ ဈေးနှုန်းဖြစ်လာပါပြီ။ မကြာခင်မှာ Mobile Banking စနစ်ကိုပါ တိုးချဲ့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျေးလက်ဒေသနေပြည်သူများရဲ့ စီးပွားရေးအခွင့်အလမ်းများက ပိုမိုမြင့်မားလာတော့မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အားနည်းချက်တစ်ခုကတော့ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရလက်ထက်မှာ အမျိုးသားစွမ်းအင်မူဝါဒကို ရေးဆွဲအတည်ပြုခဲ့ပြီး ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်ကို ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နဲ့ ပူးပေါင်းပြီးလည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံချက်အား ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီးလည်းကောင်း ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။

ပြီးခဲ့တဲ့ငါးနှစ်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်ဓာတ်အား (၁၈၂၂) မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ခဲ့တဲ့အတွက် ယခုဆိုရင် မြို့ပေါင်း (၄၂၂)မြို့၊ ကျေးရွာပေါင်း (၂၉၁၀၉) ရွာမှာ လျှပ်စစ်မီးအသုံးပြုနိုင်နေပြီဖြစ်ပါထယ်။ အဲဒီလို တိုးချဲ့ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်ကစပြီး မဟာဓာတ်အားလိုင်းစနစ်ကနေ လျှပ်စစ်ဓာတ်အားမရရှိခဲ့တဲ့ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်များမှာ လျှပ်စစ်ဓာတ်အား စတင်ရရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်မီးလင်းရေးကနေ ငါးနှစ်အတွင်း ကျေးရွာပေါင်း သုံးသောင်းတစ်ထောင်ကျော်ကို မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အမျိုးသား လျှပ်စစ်ဓာတ်အားပင်မစီမံချက်အရ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်တွင်း ငါးနှစ်စီမံကိန်းနဲ့ အိမ်ထောင်စုပေါင်း ၁ ဒသမ ၇ သန်းကို လျှပ်စစ်ဓာတ်အား ဆက်သွယ်ပေးနိုင်ရေး စီမံထားပြီးလည်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးနဲ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုများရဲ့ ရလဒ်များကို ပြည်သူများ ရရှိခံစားနိုင်ဖို့အတွက် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ရပါတယ်။ ဒီမိုကရေစီစနစ်ဟာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နဲ့တွဲဖက်မှသာ အောင်မြင်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပေါ်ပေါက်အောင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပြည်သူများရဲ့ အကျိုးစီးပွားကို မျှထစွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတထ်။

ယခင်က အထက်မှအောက်ကိုဆင်းသက်တဲ့ Top Down စနစ်အား အောက်ခြေမှ ဗဟိုကို တင်ပြတဲ့ Bottom Up ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ပြည်သူတွေကိုယ်တိုင် ရွေးချယ်ဖွဲ့စည်းထားတဲ့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများဟာ လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံခန့်ခွဲရေးကော်မတီများနဲ့ပေါင်းစပ်ပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်စေခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပိုမိုပေါင်းစပ် ဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယဝန်ကြီးများဦးစီးတဲ့ Delivery Unit များကို ဖွဲ့စည်းကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခဲ့သလို အုပ်ချုပ်ရေးလုပ်ငန်းများမှာ ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ လွယ်ကူချောမွေ့စေဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ One Stop Shop ရုံးပေါင်း (၂၆၇) ရုံးကို ဖွင့်လှစ်ခဲ့ပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်လျက်လည်းရှိပါတယ်။

အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးမှာ အဓိကကျတာကတော့ နိုင်ငံ့ဝန်ထမ်းများပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရလက်ထက်မှာ ဝန်ထမ်းများ အရည်အသွေး မြင့်မားရေးနဲ့ သက်သာချောင်ချိရေးအတွက် သင်တန်းများပေးခြင်း၊ ပညာတော်သင် စေလွှတ်ခြင်းများအပြင် လစာများတိုးမြှင့်ပေးခြင်း၊ အငြိမ်းစားလစာများ တိုးမြှင့်ပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပါတထ်။ အခြားဒီမိုကရေစီနိုင်ငံများနည်းတူ အစိုးရအဆက်ဆက်ပြောင်းလဲပေမယ့် ဌာနတာဝန်များကို တည်ငြိမ်စွာ လက်ဆင့်ကမ်း ထမ်းဆောင်သွားနိုင်ဖို့အတွက် အမြဲတမ်းအတွင်းဝန်များကို ပြန်လည်ခန့်ထားခဲ့ပြီး လိုအပ်တဲ့ ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ငါးနှစ်ကာလအတွင်းမှာ အဆင့်ဆင့်သော ရာထူးတာဝန်များကို ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်သန်းခွဲကျော်ဟာ ယခင်အုပ်ချုပ်ရေးစနစ်နဲ့ လုံးဝကွဲပြားခြားနားတဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုပေါ်ပေါက်လာအောင် အစွမ်းကုန်အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအတွက်လည်း ဝန်ထမ်းများရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကို ကျွန်တော့်အနေနဲ့ အသိအမှတ်ပြုကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအပါအဝင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များမှာ အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ခုကတော့ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်ပါထယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ခေတ်စနစ်နဲ့မကိုက်ညီတဲ့ စာနယ်ဇင်းဆိုင်ရာ ဥပဒေများကိုပယ်ဖျက်ပေးခဲ့ပြီး လိုအပ်တဲ့ဥပဒေသစ်

စာမျက်နှာ ၉ သို့

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော် မိမိတို့အစိုးရအဖွဲ့ဝင်အားလုံးက နောက်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

စာမျက်နှာ ၈ မှ

များကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။ သတင်းမီဒီယာများရဲ့ ကျင့်ဝတ်နဲ့ စာနယ်ဇင်းအတတ်ပညာဆိုင်ရာ အဆင့်အတန်းများ မြင့်မားစေဖို့အတွက် နိုင်ငံတကာ မီဒီယာအဖွဲ့အစည်းများကို သတင်းမီဒီယာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံတကာ သတင်းမီဒီယာအဖွဲ့အစည်းများကို လွတ်လပ်စွာ သတင်းရယူခွင့်ပြုခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

လက်ရှိအချိန်မှာ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်တဲ့ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းခဲ့ပြီးဖြစ်သလို လွတ်လပ်တဲ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကိုလည်း ဆက်လက်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒါ့အပြင် သတင်းမီဒီယာသမားများ လွတ်လပ်စွာ သတင်းရယူခွင့်ကို အထောက်အကူဖြစ်စေမယ့် သတင်းအချက်အလက်ဆိုင်ရာအခွင့်အရေးဥပဒေကြမ်း (Right to Information Law) ကိုလည်း ရေးဆွဲပြုစုထားပြီးဖြစ်တဲ့အတွက် နောက်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေ၊ ဥပဒေတွေ အသက်ဝင်လာတာနဲ့အမျှ ဒီကနေ့ သတင်းမီဒီယာသမားများ ကြုံတွေ့နေရတဲ့ ကျင့်ဝတ်ဆိုင်ရာ ပြဿနာများ၊ ဥပဒေကြောင်းဆိုင်ရာ အခက်အခဲများ လျော့နည်းပပျောက်သွားမှာ ဖြစ်ပါတယ်။

အလားတူ လူ့အခွင့်အရေးကော်မရှင်ဟာလည်း သက်ဝင်လှုပ်ရှားနေပြီ ဖြစ်ပါတယ်။ အစိုးရအဖွဲ့မှာလည်း လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးကော်မတီကို ဖွဲ့စည်းထားသလို တစ်ဖက်ကလည်း လွတ်လပ်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နေတာတွေ့နိုင်ပါတယ်။ International Transparancy Initiative အရ ၂၀၁၀ ခုနှစ်မှာ Anti Corruption Index ၁၈၃ ကနေ ယခု ၂၀၁၅ ခုနှစ်မှာ ၁၄၆ ဖြစ်လာတာကို ကြည့်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ဘက်ကို ရွေ့လာတာ တွေ့နိုင်ပါတယ်။ ကာလကြာရှည် သံချေးတက်နေတဲ့ အလေ့အကျင့်တွေကို ပြုပြင်တဲ့နေရာမှာ ချက်ချင်းတော့ ကျွန်တော်တို့ဖြစ်ချင်သလို မဖြစ်နိုင်ခဲ့တာ တွေ့ရပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး သက္ကရာဇ် ၂၀၃၀ မှာ မြန်မာနိုင်ငံကို အလယ်အလတ်အဆင့်ဝင်ငွေရရှိသော နိုင်ငံဖြစ်ရန်အတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရာမှာ နိုင်ငံ့စီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍရဲ့ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို လုပ်ဆောင်ခဲ့တဲ့အတွက် ပုဂ္ဂလိကကဏ္ဍဝါဝင်မှုဟာ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ၇၂ ဒသမ ၈ ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ၉၇ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၈၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကဏ္ဍမှာလည်း ပုဂ္ဂလိကပါဝင်မှုဟာ ၂၀၁၀-၂၀၁၁ မှာ ၅၃ ဒသမ ၁၆ ရာခိုင်နှုန်းသာရှိရာကနေ ၂၀၁၄-၂၀၁၅ မှာ ၆၅ ဒသမ ၈၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်ဖို့အတွက် ပထမခြေလှမ်းပဲဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ လွှတ်တော်အသီးသီးနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ဟာ တာဝန်သိမှုနဲ့ လွတ်လပ်မှုကို ဟန်ချက်ညီညီကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့အတွက် လက်တွဲညီညီ ကြိုးပမ်းခဲ့ကြပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာပဲ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို နောက်တစ်ဆင့် တက်လှမ်းနိုင်မယ့် အခွင့်အရေးဖြစ်တယ်ဆိုတာကိုလည်း သတိပြုဆောင်ရွက်ခဲ့ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ပြီးခဲ့တဲ့ ငါးနှစ်သက်တမ်း လုပ်ဆောင်ချက်များဟာ ၂၀၁၅ ခုနှစ် မတိုင်မီ ငြိမ်းချမ်းရေးရရှိဖို့၊ နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ်ပေါ်ပေါက်လာဖို့၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာဗဟုသုတပြည့်စုံလာစေဖို့ ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ၂၀၁၅ ရွေးကောက်ပွဲကနေ ဘယ်ပါတီပဲနိုင်နိုင် ဒီမိုကရေစီအစခရီးဖြစ်တဲ့ ၂၀၁၀ ပြည့်နှစ်မှာရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ရရှိစေဖို့အတွက် အခြေခံကောင်းများ တည်ဆောက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်အနေနဲ့ သမ္မတအဖြစ် ဒုတိယအကြိမ် ပြန်လည် တာဝန်ထမ်းဆောင်ခွင့်ရရှိရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ ထပ်မံအနိုင်ရရှိရေးထက် ပိုပြီး ကျယ်ပြန့်မြင့်မားတဲ့ ရည်မှန်းချက်လည်း ဖြစ်ပါတယ်။ ဒါဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု အကျိုးစီးပွားထက် ပိုမိုမြင့်မားတဲ့ အမျိုးသားနိုင်ငံရေး ရည်မှန်းချက်လည်းဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ခိုင်မာဖို့အတွက် အဓိကကျတဲ့ ရည်မှန်းချက်လည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားအရ မည်သည့်ပါတီက တာဝန်ယူသည်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်နဲ့ အစိုးရအဖွဲ့ဝင်အားလုံးက နောက်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်။

ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော် အထက်မှာ အစီရင်ခံတင်ပြခဲ့တဲ့ အောင်မြင်မှုတွေရရှိခဲ့သလို အခက်အခဲတွေ၊ အားနည်းချက်တွေ၊ စိန်ခေါ်မှုတွေ အများကြီးတွေ့ကြုံခဲ့ပါတယ်။ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ဝိရောဓိတွေလည်းရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ရပ်တန့်မသွားစေဖို့၊ နောက်ကြောင်းပြန်မသွားစေဖို့အတွက် ပကတိအရှိတရားနဲ့ လက်တွေ့နိုင်ငံရေးအခြေအနေက ခွင့်ပြုထားတဲ့အတိုင်းအတာ အတွင်းကနေ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာကို သဟဇာတဖြစ်အောင် ကိုင်တွယ်ဖြေရှင်းခဲ့ပါတယ်။ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နာကျင်မှုတွေကို မေ့ပျောက်ပြီး နိုင်ငံနဲ့ပြည်သူများရဲ့ ရေရှည်အကျိုးစီးပွားအတွက် စိတ်ရှည်သည်းခံဆောင်ရွက်ခဲ့ပါတယ်။ အမိန့်အာဏာနဲ့ လုပ်ဆောင်ခြင်းထက် ပါဝင်ပတ်သက်တဲ့ Stakeholder များအကြားမှာ စိတ်တူသဘောတူ ပူးပေါင်းဆောင်ရွက်မှုရအောင် ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။

ဒါ့ကြောင့်လည်း ဒီကနေ့ ရောက်ရှိနေတဲ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ဟာ မတူညီတဲ့ နိုင်ငံရေးအင်အားစုတွေ ပိုမိုပါဝင်လာပြီး မတူကွဲပြားတဲ့ သဘောထားများကို ဈေးစပ်ဆွေးနွေးအဖြေရှာခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ပေါ်ပေါက်လာပြီ၊ ပြည်သူတွေအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်တွေ ပိုမိုထွန်းကားလာပြီ၊ နိုင်ငံရေးနယ်ပယ်မှာ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ နိုင်ငံရေးအဆောက်အအုံ (Political Institution) တွေ ပိုမိုခိုင်မာလာပြီဆိုတာ ဘယ်လိုမှ ငြင်းလို့မရတဲ့ အမှန်တရားပဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အပေါ်မှာ ပြည်တွင်း၊ ပြည်ပက ယုံကြည်မှုတွေ ပိုမိုရရှိလာတာပဲဖြစ်ပါတယ်။ ဒီလိုယုံကြည်လို့ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတို့ရဲ့ နိုင်ငံရေးဂုဏ်သိက္ခာမြင့်မားလာပြီး တစ်ချိန်က မြန်မာနိုင်ငံကို အထီးကျန်ပိတ်ဆို့ထားခဲ့တဲ့ နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နိုင်ခြင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ရာထူးတာဝန်ကို ထမ်းဆောင်နိုင်ခြင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လက်ခံကျင်းပနိုင်ခြင်း၊ အာရှဒေသတွင်းနဲ့ နိုင်ငံတကာရေးရာများမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်ခြင်းဆိုတဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အောင်မြင်မှုများကိုလည်းရရှိခဲ့တာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကနေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးကြီးတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာ၊ လွတ်လပ်စွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကြီးကနေ ပေါ်ပေါက်လာတဲ့ ရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ပြီး ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ရွေးကောက်ပွဲမတိုင်မီက ကတိပြုထားတဲ့အတိုင်း ရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ကို စနစ်တကျ တာဝန်လွှဲပြောင်းပေးနိုင်ရေးအတွက် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီတာဝန်လွှဲပြောင်းမှုဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့အချိန်ကစပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့အစိုးရနဲ့ နိုင်ငံတော်အကြီးအကဲက နောက်အထွေထွေရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ အစိုးရနဲ့ နိုင်ငံတော်အကြီးအကဲကို တည်ငြိမ်အေးချမ်းစွာ တာဝန်လွှဲပြောင်းပေးတဲ့ ပထမဆုံးဖြစ်စဉ်လည်းဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးအနှစ်သာရပြည့်ဝပြီး အရေးကြီးတဲ့ တာဝန်လွှဲပြောင်းမှုကို စနစ်တကျ အောင်မြင်အောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒီနေရာကနေ ထပ်မံကတိပြုပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

သက်တမ်းအလိုက် ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲများဟာ ဒီမိုကရေစီစနစ်ရဲ့ အင်္ဂါရပ်တစ်ခုပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲများကနေ ပြည်သူများရဲ့ အဆုံးအဖြတ်အတိုင်း နိုင်ငံရေးပါတီများရဲ့ အနိုင်၊ အရှုံးဆိုတာလည်း ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ အများစုအနိုင်ရတဲ့ပါတီများက နိုင်ငံနဲ့ ပြည်သူအကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်သလို အနည်းစုပါတီများကလည်း အမျိုးသားအကျိုးစီးပွားအခြေခံပေါ်ကနေ ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်ရင် အပြုသဘောဆောင် ဝေဖန်ထောက်ပြခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ နောင်အဆက်ဆက်သော ရွေးကောက်ပွဲများမှာ မိမိတို့ပါတီရဲ့မူဝါဒများကို ပြည်သူတွေ လက်ခံယုံကြည်လာအောင် ဒီမိုကရေစီနည်းလမ်းတကျ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားအရ မည်သည့်ပါတီက တာဝန်ယူသည် ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်နဲ့အစိုးရအဖွဲ့ဝင်အားလုံးက နောက်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နောင်လွှတ်တော်များမှာ မပါဝင်တော့ဘူးဆိုရင်တောင် လွှတ်တော်ပြင်ပကနေ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

လာမယ့် မတ်လ ၃၀ ရက်နေ့မှာ ကျွန်တော်တို့အစိုးရသက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ပြီးခဲ့တဲ့ ငါးနှစ်သက်တမ်းကာလအတွင်းမှာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်ယူစဉ်ကာလအတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ မဏ္ဍိုင်အသီးသီးမှာ တာဝန်ရှိသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သတင်းမီဒီယာများနှင့် ပြည်သူများအားလုံးကို ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

နောက်ပေါ်ပေါက်လာမယ့် အစိုးရနဲ့ လွှတ်တော်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို ပိုမိုအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေ၊

မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံးနဲ့ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။

အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် အရည်အသွေးပြည့်ဝသော စွမ်းအင်ဝန်ဆောင်မှုများ

ရှင်မင်း

လူဦးရေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက်သည် လိုက်ပါမြင့်တက်လျက်ရှိသည်။ လိုအပ်သောစွမ်းအင်ကို အပြည့်အဝဖြည့်ဆည်းနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် နိုင်ငံ၏ စွမ်းအင်သယံဇာတအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ရန် လိုအပ်ပေသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း ဇန်နဝါရီ ၈ ရက်က နေပြည်တော်ရှိ ဟီလ်တန်ဟိုတယ်၌ ကျင်းပသည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၆) အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားစွမ်းအင်လုံခြုံရေး တိုးမြှင့်ရန်နှင့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် ပြည့်ဆည်းပေးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစွမ်းအင်မူဝါဒကိုလည်း ရေးဆွဲထုတ်ပြန်ထားရှိသည်။

"မြန်မာနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍနဲ့ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်ဖို့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်"ဟု အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ပြောကြားသည်။

ရေးဆွဲအတည်ပြုခဲ့သော အမျိုးသားစွမ်းအင်မူဝါဒကို အများပြည်သူသိရှိနိုင်ရန် ယခင်နှစ် ဇန်နဝါရီ ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ယင်းမူဝါဒတိုးချက်မှာ ရေတိုရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များရေးဆွဲရန်၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိုအားပေးသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရန်၊ စွမ်းအင်ဆိုင်ရာ အမှန်ကိန်းဂဏန်းရရှိရေး ဆောင်ရွက်ရန်၊ စွမ်းအင်သယံဇာတများကို ပြည်သူလူထုတစ်ရပ်လုံး အကျိုးကျေးဇူးခံစားစေရေးဆောင်ရွက်ရန်၊ ပြန်ပြည့်မြဲစွမ်းအင်အသုံးပြုရေး မြှင့်တင်ဆောင်ရွက်ရန်၊ စွမ်းအင်ခြိုးခြံချွေတာရေး မြှင့်တင်ဆောင်ရွက်ရန်၊ သုတေသနဖွံ့ဖြိုးရေး၊ ဒီဇိုင်းထုတ်လုပ်ရေးနှင့်အတတ်ပညာ ဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်

ဒုတိယဝန်ကြီး ဦးမြင့်ဇော်

ဒုတိယဝန်ကြီး ဦးမော်သာထွေး

ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်မိုး

မြှင့်တင်ရန်နှင့် စွမ်းအင်ဈေးနှုန်း မူဝါဒချမှတ်ရန်တို့ ဖြစ်သည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ လက်ရှိကာလမှာ တိုးတက်လျက်ရှိပါတယ်။ ဒီလို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စွမ်းအင်လိုအပ်ချက်ဟာလည်း လိုက်ပါမြင့်တက်နေပါတယ်။ စီးပွားရေးတိုးတက်မှုကို ဆက်ပြီးတော့ ထိန်းထားနိုင်ဖို့ စွမ်းအင်ကို အပြည့်အဝဖြည့်ဆည်းနိုင်ဖို့ လိုအပ်ပါတယ်။ လိုအပ်တဲ့ စွမ်းအင်ကို အချိန်ကိုက်ဖြည့်ဆည်းဖို့ စွမ်းအင်စီမံကိန်းတွေဟာ အချိန်ယူအကောင်အထည်ဖော်ရတဲ့ စီမံကိန်းတွေဖြစ်တာကြောင့် အသေးစိတ်လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဆက်လက်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတို့၏ ဆက်စပ်အချိုးမှာ ၁ ဒသမ ၄ ဆ ရှိကြောင်း သိရသည်။

"ဖွံ့ဖြိုးမှုတွေအလိုက် စွမ်းအင်လိုအပ်ချက် ကွဲပြားတယ်။ ရန်ကုန်၊ မန္တလေးတို့ ဖွံ့ဖြိုးတာနဲ့ ပြည်နယ်တွေမှာ ဖွံ့ဖြိုးတာမတူဘူး။ မတူတဲ့အတွက် ပျမ်းမျှလိုအပ်ချက်က ၁၃ ရာခိုင်နှုန်းခန့်ဖြစ်ပါတယ်။ တချို့ပြည်နယ်တွေမှာ ၂၀ ရာခိုင်နှုန်းလောက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဓာတ်အားစနစ်ကြီးထဲ ထည့်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ အနိမ့်ဆုံးတိုးတက်မှုနှုန်းအရဆိုရင် ၂၀၃၀ ပြည့်နှစ်မှာ မဂ္ဂါဝပ် ၉၁၀၀ တိုးမယ်လို့ ခန့်မှန်းထားတယ်။ အမြင့်ဆုံးထုတ်လုပ်နိုင်ရင် ၂၀၃၀ ပြည့်နှစ်မှာ မဂ္ဂါဝပ် ၁၄၅၀၀ လောက် ခန့်မှန်းထားတယ်။ ဒါက ပြည်သူတွေသုံးဖို့ ဓာတ်အားဖြစ်ပါတယ်။ တချို့နေရာတွေမှာ ပုံသေတွက်လို့မရတဲ့အတွက် အချိန်မရွေးအရန် ဓာတ်အားကနေ သုံးစွဲနိုင်ဖို့ JICA နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်တွေထဲမှာ မဂ္ဂါဝပ် ၂၃၀၀၀အထိ လျာထားပါတယ်။ ဒါက အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်ပါ" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ပြောကြားသည်။

ကမ္ဘာ့ဘဏ်နှင့်ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အရ အများပြည်သူအတွက် ဗို့အားနိမ့်ဓာတ်အားရရှိနိုင်ရန် ပင်မဓာတ်အားအတွင်းရှိ ဗို့အားမြင့်မှ ထပ်ဆင့်ပို့ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ပါဝင်မတည်ကာ ကမ္ဘာ့ဘဏ်ကလည်း သင့်လျော်သလို ကူညီပြီး လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူ ၇ ဒသမ ၂ သန်းအတွက် ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့်လျှပ်စစ်မီးရရှိနိုင်ရန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ အသုံးပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

"၂၀၃၀ ပြည့်နှစ်အထိကို ၂၀၁၆ ခုနှစ်ကနေစပြီး ငါးနှစ်စီမံကိန်း သုံးပိုင်းပိုင်းထားတယ်။ ပထမငါးနှစ်အတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကို နိုင်ငံခြားပစ္စည်းဝယ်ဖို့ Consultants တွေငှားဖို့ ထောက်ပံ့မှာဖြစ်ပါတယ်။ ကျန်တဲ့ ၂၅ ရာခိုင်နှုန်းကို နိုင်ငံတော်ဘတ်ဂျက်နဲ့ ဒေသပစ္စည်းတွေကို သုံးစွဲရမှာဖြစ်ပါတယ်။ သန်း ၄၀၀ ထဲမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်မီးလင်းရေးကဏ္ဍပါဝင်နေတဲ့အတွက် သန်း ၈၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ခွဲဝေထားပါတယ်။ ကျန်တဲ့ သန်း ၃၂၀ ထဲက သန်း ၂၀ ကို Capacity Building အတွက် ငါးနှစ်တာအတွင်း သုံးစွဲသွားမှာဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးမော်သာထွေးက ဆက်လက်ပြောကြားသည်။

လျှပ်စစ်ဓာတ်အားဝိုင်းတွင် ထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုဆိုသည့် အပိုင်းသုံးပိုင်းနှင့် လုပ်ဆောင်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုစရိတ်သက်သာပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်ရမည့်အချက်များကို အခြေခံပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက်ကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့်လည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်နှင့်လည်းကောင်း ပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ စီမံချက်အရ မြန်မာနိုင်ငံ၌ အိမ်ထောင်စု ၁၀ ဒသမ ၈၉ သန်းရှိပြီး လက်ရှိ ၃ ဒသမ ၅ သန်းသော အိမ်ထောင်စုများသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ကြပြီး လျှပ်စစ်ဓာတ်အားမရရှိသေးသော အိမ်ထောင်စုပေါင်းမှာ ၇ ဒသမ ၃ သန်း ကျန်ရှိကြောင်းနှင့် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ မဂ္ဂါဝပ် ၁၄၅၀၀ ဖြစ်ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ သတ်မှတ်ထားကာ စီမံကိန်းပထမကာလသတ်မှတ်ထားပြီး ယင်းကာလပြီးဆုံးချိန်တွင် ပြည်သူ ၄၇ ရာခိုင်နှုန်းအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ လူဦးရေထူထပ်သောနေရာများတွင် ပထမအဆင့်၊ ဝေးလံသောဒေသများတွင် ဒုတိယအဆင့်၊ ချင်း၊ ရှမ်း၊ ကချင်နှင့် ကယားဒေသများတွင် နောက်ဆုံးအဆင့်စသည်ဖြင့် ပိုင်းခြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ နောက်ဆုံးအဆင့် ဆက်သွယ်မည့် နေရာဒေသများအတွက် အချိန်ကာလ စောင့်ဆိုင်းရမည့်သတ်မှတ်ချက်ကို ကျော်လွှားနိုင်ရန် Pre – Electrification လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရှိမည်ဖြစ်ကာ ယင်းလုပ်ငန်းများသည် ရေရှည်တည်တံ့မှုမရှိသော်လည်း အမြန်ဆောင်ရွက်ပြီးစီးနိုင်ပြီး ဓာတ်အားစနစ်မှ ဆက်သွယ်မှုထက် ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သက်သာနိုင်ကြောင်း၊ စီမံချက်အရ လက်ရှိမဟာဓာတ်အားလိုင်းများနှင့် ၂၀၃၀ ပြည့်နှစ်အထိ တိုးချဲ့တည်ဆောက်ရန် လျာထားသော မဟာဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးပါက တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၉၉ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖြည့်ဆည်းမှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်နေသကဲ့သို့ သုံးစွဲမှုအပိုင်းတွင် စွမ်းအင်ကို အကျိုးရှိစွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးအတွက် အမျိုးသားစွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့်ခြိုးခြံချွေတာရေးမူဝါဒကို ရေးဆွဲခဲ့ပြီး အဆိုပါမူဝါဒအရ ၂၀၁၂ ခုနှစ် စွမ်းအင်သုံးစွဲမှုကို အခြေခံ၍ မြန်မာနိုင်ငံတွင် စွမ်းအင်သုံးစွဲမှုကို ၂၀၂၀ ပြည့်နှစ်တွင် ၁၂ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်း လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"လူတိုင်းဟာ နေ့တိုင်း စွမ်းအင်ကို သုံးနေကြရတယ်။ စွမ်းအင်နဲ့ ဘယ်သူမှ ကင်းလို့မရဘူး။ ဒါကြောင့် စွမ်းအင်ချွေတာရေးဟာ လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာဆိုရင် စွမ်းအင်သုံးစွဲမှု လုံလောက်မှု မရှိသေးဘူး။ ဒ့အပြင် သုံးစွဲသူဘက်ကလည်း Management လုပ်တာမျိုးမရှိသေးဘူး။

ဒါတွေ အထောက်အပံ့ရဖို့ စွမ်းအင်ကို အကျိုးရှိရှိသုံးပြီး စွမ်းအင်ချွေတာတဲ့ နည်းလမ်းတွေကို ပြောင်းလဲကြရမယ်။ စွမ်းအင်ကို ချွေတာမယ်ဆိုတော့ မီးမသုံးဘဲ မီးမှိတ်နေကြမလားဆိုတာမျိုးမဟုတ်ပါဘူး။ အကျိုးရှိရှိနဲ့ အသုံးချနိုင်မယ့် နည်းလမ်းတွေကိုအသုံးချပြီး ပြောင်းလဲသုံးစွဲကြရမှာပါ" ဟု စက်မှုဝန်ကြီးဌာန စွမ်းအင်ခြိုးခြံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်လင်းက ပြောပြသည်။

ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်မိုးကလည်း "ကျွန်တော်တို့ဌာနက အဓိက Focal Ministry အဖြစ်တာဝန်ယူပြီး ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ဆောင်ရွက်နေတယ်။ နိုင်ငံတကာနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ Seminar တွေအပြင် သုတေသနလုပ်ငန်းတွေလည်း ဆောင်ရွက်နေတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ADB နဲ့ ကျွန်တော်တို့ဝန်ကြီးဌာန ပူးပေါင်းပြီး ပြန်လည်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ပြီးတော့ ADB အကြံပေး မစ္စတာဟိန်းစ်က ပြန်လည်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အစီရင်ခံစာကို တင်ပြခဲ့တယ်။ ဒီအကြံပေးပုဂ္ဂိုလ်ရဲ့ အစီရင်ခံစာကို အခြေခံကာ ပိုပြည့်စုံအောင် ထပ်မံဖြည့်စွက်ပြီး မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်မူဝါဒကို ဆောင်ရွက်နေပါတယ်" ဟု ပြောပြသည်။

စွမ်းအင်ကဏ္ဍ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ကာ စွမ်းအင်ဝန်ကြီးဌာနက ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဘူမိအပူစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနက ကျောက်မီးသွေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ စက်မှုဝန်ကြီးဌာနက စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးကဏ္ဍများတွင် လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဦးဆောင်ကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်

စာမျက်နှာ ၁၁ သို့

(၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့က ၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၀ ရက် (၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်)မှ ပြာသိုလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်)အထိ ကျင်းပခဲ့သော (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သဘောရေးဖြေနှင့် အာဂုံပြန်အောင်မြင်တော်မူကြသော သံဃာတော်အရှင်သူမြတ်များ၏စာရင်းကို သာသနာရေးဦးစီးဌာနက ယနေ့ထုတ်ပြန်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၈) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်း သဘောရေးဖြေအောင်

မူလအဘိဓမ္မကောဝိဒ (၂) ပါး

၁။ ပလ္လင်အမှတ် (၁၇၉) အရှင်ခေမာဝံသ၊ အသက် (၄၉)နှစ်၊ သိက္ခာ(၂၉)ဝါ မိုင်းသောက်တောရစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂။ ပလ္လင်အမှတ် (၁၈၇) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်

ဝိနယကောဝိဒ (၁၀) ပါး

၁။ ပလ္လင်အမှတ် (၂၀၇) အရှင်ဥတ္တမ(ခတ်ချို)၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၂၁၈) အရှင်ဝိရောစန၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၂၂) အရှင်ဝဇိရပါဏီဘိဝံသ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆) ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၂၂၅) အရှင်စန္ဒသိရီ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၂၆) အရှင်ပညိန္ဒ (မုံရွာ)၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၂၂၈) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၃၄) နှစ်၊ သိက္ခာ (၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊အနီးစခန်း၊ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၂၃၄) အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက်(၃၂) နှစ်၊ သိက္ခာ (၁၂ ဝါ) တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၂၃၇) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၃၁) နှစ်၊ သိက္ခာ(၁၁) ဝါ တိပိဋကကမ္ဘောဇကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၉။ ပလ္လင်အမှတ်(၂၄၂) အရှင်ဝိသုဒ္ဓ၊ အသက်(၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**

၁၀။ ပလ္လင်အမှတ်(၂၄၇) အရှင်သူရိယာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ(၇) ဝါ တိပိဋက စုစန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်

ဥဘတောဝိဘင်္ဂကောဝိဒ (၁၀) ပါး

၁။ ပလ္လင်အမှတ်(၂၅၀) အရှင်ဝေပုလ္လ၊ အသက် (၄၂) နှစ်၊ သိက္ခာ (၂၂) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၅၁) အရှင်ဝဏ္ဏသိရ၊ အသက်(၄၁)နှစ်၊ သိက္ခာ(၂၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၆၇) အရှင်ခေမာနန္ဒ၊ အသက် (၃၃) နှစ်၊ သိက္ခာ (၁၃) ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၆၈) အရှင်ပညာနန္ဒ၊ အသက် (၃၃) နှစ်၊ သိက္ခာ(၁၃) ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ ၁၀ မှ

စွမ်းအားဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့ ပူးပေါင်းကာ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကလည်း မြို့ပြသုံး နျူကလီးယားစွမ်းအင်အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ဖော်ထုတ်ရေးဆွဲမှုအားလုံးသည် တူညီသောရည်မှန်းချက်တစ်ရပ်အပေါ်တွင် အခြေခံဆောင်ရွက်ထားခြင်းဖြစ်သကဲ့သို့ စီမံချက်တစ်ခုချင်းစီ၌လည်း အားသာချက်များရှိနေရာ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ ရှေ့လုပ်ငန်းစဉ်များတွင် အားသာချက်များကို ရယူအသုံးချနိုင်ရန် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့်သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများက ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအစီအမံများ၊ လိုအပ်သည့်ဥပဒေ၊ မူဘောင်ပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအမံများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအကြားတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက်ရှိကြသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဖွဲ့စည်းချိန်မှစတင်၍ သုံးနှစ်သက်တမ်းအတွင်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။

"ကော်မတီရဲ့ သုံးနှစ်ကာလအတွင်း အမျိုးသားစွမ်းအင်မူဝါဒနဲ့ စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်တဲ့သို့သော စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ မူဝါဒမူဘောင်နဲ့ ဖွံ့ဖြိုးမှုအစီအမံတွေကို ရေးဆွဲနိုင်ခဲ့တဲ့အပြင် စွမ်းအင်ကို အကျိုးရှိပြီး ထိရောက်စွာ အသုံးချရေးနဲ့ ဖြန့်ဖြူးတာရေးကဏ္ဍ၊ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ စတဲ့ကဏ္ဍအသီးသီးရဲ့ မူဝါဒ၊ မဟာဗျူဟာနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများရေးဆွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ပါတယ်"ဟု အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ပြောကြားသည်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီသည် မြန်မာနိုင်ငံ အမျိုးသားစွမ်းအင်မူဝါဒကို အာရှဖွံ့ဖြိုးရေးဘဏ်၏အကူအညီရယူပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစွမ်းအင်မူဝါဒကို ရေးဆွဲအတည်ပြုထုတ်ပြန်ခဲ့ပြီး နိုင်ငံအတွက် လိုအပ်သည့်စွမ်းအင်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးနှင့် တိကျသည့်လုပ်ငန်းအစီအမံများ ချမှတ်နိုင်ရန်အတွက် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ကိုလည်း ရေးဆွဲခဲ့သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်အစီအမံများ ပါဝင်ရေးဆွဲထားသည့် Myanmar Energy Master Plan ကို ဇန်နဝါရီ ၈ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာ မစ္စတာ ချောင်ချီနိုင်းလ်နှင့် ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ Myanmar Energy Master Plan တွင် အခန်းခုနစ်ခန်းပါဝင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် ရှုမြင်သုံးသပ်ချက်၊ စွမ်းအင်အသုံးပြုမှုပုံစံ၊ စွမ်းအင်အရင်းအမြစ်တည်ရှိမှု၊ အနာဂတ်ကာလ စွမ်းအင်လိုအပ်ချက်၊ စွမ်းအင်ဖြည့်ဆည်းမှုနည်းလမ်းများ စသည်ဖြင့် အဆင့်ဆင့်ပြုစုရေးဆွဲထားရှိသည်။

အဆိုပါ ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်၌ စွမ်းအင်ဖြည့်ဆည်းမှု မဟာဗျူဟာ (Energy Supply Strategies)များ ဖော်ထုတ်ရာတွင် ကုန်ကျစရိတ်အနည်းဆုံးဖြင့် လုံလောက်သောစွမ်းအင်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးသည့် စွမ်းအင်နည်းပညာများ အသုံးပြုနိုင်ရေး၊ ထိရောက်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေး၊ စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ရေးစသည့် Criteria များအပေါ် အခြေခံပြီးဆောင်ရွက်ထားရှိသဖြင့် ရွေးချယ်ခွင့် ပိုမိုရရှိလာပြီး အမှန်တကယ်သင့်လျော်သော နည်းလမ်းတစ်ခုကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် ကြွယ်ဝသော စွမ်းအင်အရင်းအမြစ်များအား ဖော်ထုတ်၍ စွမ်းအင်ဖူလုံမှုရရှိအောင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေကြောင်း၊ စွမ်းအင်တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ အလေအလွင့်မရှိရေးနှင့် နောင်လာနောက်သားများအတွက် သို့မှီးထိန်းသိမ်းထားနိုင်ရေးသည်လည်း အရေးကြီးကြောင်း အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ဇန်နဝါရီ ၈ ရက်က နေပြည်တော်ရှိ ဟီလ်တန်ဟိုတယ်၌ ကျင်းပသည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၆) အစည်းအဝေး၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ရေရှည်မျှော်မှန်းချက်သည် စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများအရ စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ အသက်သာဆုံးတန်ဖိုးဖြင့် ထုတ်လုပ်ပြီး အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့်အညီ အရည်အသွေးပြည့်ဝသော စွမ်းအင်ဝန်ဆောင်မှုများကို ပြည်သူလူထုထံ ပေးအပ်နိုင်ရန်ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။

အထူးလှိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **သုဓမ္မသိင်္ဂီ ဒေါ်အေးအေးမာ** (ဒါရိုက်တာ သူရိယစန္ဒာဝင်း ကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

ဦးစန်းမောင်

ထက်နိုင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

အမည်ပြောင်း

ဦးနိုင်လင်း ၁၂/သကတ(နိုင်) ၁၂၈၉၄၆၏သား အလက (၁) ဒဂုံဆိပ်ကမ်း၊ တတိယတန်း(က)မှ မောင်ဝဏ္ဏကျော်အား ယနေ့မှစ၍ မောင်ရှန်းမင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရှန်းမင်းအောင်

အမည်ပြောင်း

အ. ထ. က (၄) မင်္ဂလာတောင်ညွန့်မြို့နယ်၊ နဝမတန်း(အေ) မှ ဦးအောင်မိုး [ဘီအယ်လ်အန်-၁၀၄၈၁၆] ၏ သား မောင်ရှိန်းဝေယံမိုးအား မောင်ရှိန်းဝေယံဟုပြောင်းလဲခေါ်တွင်ပါရန်။

မောင်ရှိန်းဝေယံ

အမည်ပြောင်း

အ. ထ. က (၄) မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဋ္ဌမတန်း(ဘီ) မှ ဦးလှမြင့် [အမ်အမ်ဘီး-၆၈၂၄၄၂] ၏ သား မောင်ဇင်ဝေယံမြင့်အား မောင်ဇင်ဝေယံဟုပြောင်းလဲခေါ်တွင်ပါရန်။

မောင်ဇင်ဝေယံ

UNITED NATIONS DEVELOPMENT PROGRAMME

UNDP Empowered lives. Resilient nations.

Vacancy Announcement – 001/UNDP HR/2016

UNDP National Officer: Do you want direct experience strengthening democracy in Myanmar? The United Nations Development Programme (UNDP) is looking for a National Officer to work in our Nay Pyi Taw team, supporting the Myanmar Hluttaw to draft better laws, provide effective oversight and work better with the people. You would help international technical advisors to liaise with Parliamentary staff and Members of Parliament, and help organise activities like trainings and study visits. **Minimum Qualifications:** Bachelors or Masters degree, with two or four years working experience, ideally in project management. Fluency in Myanmar and English. **Duration:** 1 year with possible extension. **To Apply:** We encourage you to visit our website for the full job description and requirements, and to submit your application **http://jobs.undp.org/cj_view_job.cfm?cur_job_id=62465**

Applications Close: 2 February 2016.

ကမ္ဘာ့ရွှေဈေးထက် မြန်မာ့ရွှေဈေးကပို၊ ဈေးကွက်အတွင်း ဝယ်လိုအားကျ၍ ပြန်ရောင်းလိုအားမြင့်မား

ရန်ကုန် ဇန်နဝါရီ ၂၈

ဇန်နဝါရီ ၂၇ ရက်က ကမ္ဘာ့ရွှေဈေးထက် မြန်မာ့ရွှေဈေးပို၍ မြင့်နေသည်။ ထို့အတွက် ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေဆိုင်များတွင် ဝယ်လိုအားကျဆင်းနေပြီး ဝယ်ယူထားသူများက ပြန်ရောင်းလိုအားမြင့်မားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအေးချို(စမ်းချောင်း)က မြန်မာ့အလင်းသို့ ပြောသည်။

ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်း ရွှေဈေးကွက်အဖွင့်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၁၉ ဖြင့် စဖွင့်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၇၇၉၅၀၀ ဖြစ်ခဲ့သည်။ ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေး တစ်ဒေါ်လာသာကျခဲ့သော်လည်း မြန်မာ့ရွှေဈေးမှာ ကျပ် ၇၇၆၀၀၀ ဖြစ်သွား၍ နံနက်နှင့် ညနေ ငွေကျပ် ၃၅၀၀ ကွာခြားခဲ့သည်။ ယခုလအတွင်းရွှေဈေးနှုန်းကိုကြည့်ပါက ယင်းဇန်နဝါရီ ၂၇ ရက်သည် ဈေးနှုန်းအမြင့်ဆုံးအဖြစ် စံချိန်တစ်ခုဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာ့ရွှေဈေးမှာ ဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၁၈ ဖြစ်၍ ငွေကြေးလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၂၉၄ ကျပ် (အနီးစပ်ဆုံး)ရှိ၍ မြန်မာ့ရွှေဈေး (အခေါက်) တစ်ကျပ်သားလျှင် ငွေကျပ် ၇၇၆၀၀၀ ရှိခြင်းကြောင့် ကမ္ဘာ့ရွှေဈေးနှင့် တွက်ချင့်ပါက မြန်မာ့ရွှေဈေးသည် တစ်ကျပ်သားလျှင် ငွေကျပ် ၇၇၁၅၀၀ (အနီးစပ်ဆုံးဈေး) ရှိရမည်ဖြစ်သော်လည်း ငွေကျပ် ၇၇၆၀၀၀ ဖြစ်နေသည့်အတွက် ကမ္ဘာ့ရွှေဈေးထက် မြန်မာ့ရွှေဈေးက ငွေကျပ် ၄၅၀၀ ပိုများနေကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ရွှေဈေးကွက်အဖွင့်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၆၂ ဒေါ်လာရှိပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၇၄၄၅၁၀ ဖြစ်၍ ဈေးကွက်အဖွင့်နှင့် အပိတ်မှာ ငွေကျပ် ၇၀၀ သာလျှင် ကွာခြားမှုရှိခဲ့သည်။

တစ်ဖန် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က ရွှေဈေးကွက်အဖွင့်၌ ရွှေတစ်အောင်စလျှင် ဒေါ်လာ ၁၀၆၁ ဒေါ်လာဖြင့် စခဲ့ပြီး မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၇၄၃၀၀ ရှိနေသည်။ ယင်းနေ့သည် စနေနေ့ဖြစ်၍ ကမ္ဘာ့ရွှေဈေးကွက်ပိတ်သည့်အတွက် ကမ္ဘာ့ရွှေဈေးအပြောင်းအလဲမရှိသော်လည်း မြန်မာ့ရွှေဈေးကွက်ပိတ်ချိန်၌ ငွေကျပ် ၇၄၃၂၀၀ ဖြစ်သွားခဲ့သည်။ ယင်းနေ့အတွက် ကွာခြားချက်မှာ ငွေကျပ် ၂၀၀ သာလျှင်ဖြစ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအေးချို(စမ်းချောင်း)က "ရွှေဈေးကွက်ရဲ့ သဘောတရားအရ ဈေးကျလာရင် ရွှေဆိုင်တွေမှာ ဝယ်လိုအားကျလာတတ်တယ်။ ဈေးတက်လာရင် ဝယ်ထားတဲ့သူတွေက ပြန်ရောင်းလိုအား ပိုများလာလေ့ရှိပါတယ်။ အခုမြန်မာ့ရွှေဈေးကလက်ရှိ ကမ္ဘာ့ရွှေဈေးတက် ငွေကျပ် ၅၀၀၀ လောက်ပိုများနေတယ်။ တကယ်လို့ ကမ္ဘာ့ရွှေဈေးတက်မယ်ဆိုလည်း အများကြီးမတက်နိုင်ဘူး။ ကမ္ဘာ့ရွှေဈေးကျလာရင်တော့ မြန်မာ့ရွှေဈေးက လိုက်ကျလာနိုင်ပါတယ်" ဟု သုံးသပ်ပြောကြားသည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ပိုပို

ဇန်နဝါရီ ၂၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး	မှတ်ချက်
၁။	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၄၀၀၀ မှ ၃၈၅၀၀	အဟောင်း
၂။	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၇၀၀၀ မှ ၃၇၀၀၀	အသစ်
၃။	ဧည့်မထ/ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၅၀၀ မှ ၂၀၈၀၀	အသစ်
၄။	ဝေစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၉၈၀၀ မှ ၂၀၀၀၀	အသစ်
၅။	မြီးတို(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၃၀၀၀ မှ ၂၆၀၀၀	အဟောင်း
၆။	မြီးတို(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၀၀၀၀ မှ ၂၂၅၀၀	အသစ်
၇။	သုခ(ဆန်)	နယ်စုံ	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၃၀၀၀ မှ ၂၃၅၀၀	အသစ်/ရှယ်
၈။	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ ရွှေဘို၊ ဝါးခယ်မ)	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၉၀၀ မှ ၂၁၇၀	
၉။	ကြက်သွန်နီ	ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၅၀ မှ ၈၅၀	
၁၀။	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၃၅၀၀ မှ ၃၅၅၀	ရှယ်၊လတ်
၁၁။	အာလူး	လွိုင်ကော်၊ ဆင်ဖြူကျွန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၅၀ မှ ၆၀၀	A1,OK,S1,S2
၁၂။	ခရမ်းချဉ်သီး	ပဗ္ဗတကိုင်းသီး(မှော်ဘီ၊ကြံခင်း)	တစ်တာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၀၀၀ မှ ၇၀၀၀	ရှယ်
၁၃။	ဆီးသီး		တစ်တာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၅၀၀ မှ ၆၀၀၀	
၁၄။	စတော်ဘယ်ရီသီး		တစ်ပိဿာ	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၅၅၀၀	
၁၅။	ပိန္နဲသီး		တစ်လုံး	သီရိမင်္ဂလာဈေးကုန်စည်ဒိုင်	၃၀၀၀ မှ ၁၀၀၀၀	

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၂၉-၁-၂၀၁၆(သောကြာနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၁၅ Weekly Sports Info
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း -၇၉)
၁၃း၅၀ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၄း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (မျိုးမာန်သစ်နှင့် အားမာန်)
၁၄း၃၅ Football မဂ္ဂဇင်း

ညပိုင်း

၁၅း၁၅ Ooredoo MNL -1 2016ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)
၁၇း၃၅ Hyper Sports
၁၈း၃၅ The Farmer
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၃)
၂၁း၀၀ သမိုင်းကိုဖော်ပြသောဝါကျများ "လူ့ရှင်တော်ကြီး ဦးစံမတူနှင့် တွေ့ဆုံခြင်း"

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းချုပ်ဆိုသည့် အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန် အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့သော လုပ်ငန်းသဘောတူစာချုပ်၊ စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း (သို့မဟုတ်) တံဆိပ်ခေါင်းလျော့နည်းထမ်းဆောင်ထားသော စာချုပ်များကို တည်ဆဲတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသော စာချုပ်စာတမ်းများဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန်ဒဏ်ကြေးကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းများတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း (သို့မဟုတ်) တံဆိပ်ခေါင်းခွန် လျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့်ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်သတ်မှတ်ကာလကျော်လွန်ပြီးပါက ထိုက်သင့်သော တံဆိပ်ခေါင်းခွန်ကပ်နှိပ်ထားမှုမရှိခြင်းနှင့် တံဆိပ်ခေါင်းခွန်ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်စာတမ်းများကို ထိုက်သင့်သောတံဆိပ်ခေါင်းခွန် (သို့မဟုတ်) လျော့နည်းထမ်းဆောင်ထား၍ ထပ်မံထမ်းဆောင်ရမည့်တံဆိပ်ခေါင်းခွန်အပြင် ၎င်းထိုက်သင့်သော သို့မဟုတ် လျော့နည်းထမ်းဆောင်သော တံဆိပ်ခေါင်းခွန်၏(၁၀)ဆကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅(က)အရ ပေးဆောင်ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ဒဏ်ကြေးကင်းလွတ်ခွင့်ဖြင့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရာတွင် ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများမှ တံဆိပ်ခေါင်းများထုတ်ပေးခြင်းမပြုဘဲ ကျသင့်သောတံဆိပ်ခေါင်းခွန်ကို ချလန်ဖြင့်ပေးဆောင်စေပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၄၂(၁)အရ မူရင်းစာချုပ်ပေါ်တွင် (Endorsement)ထပ်ဆင့်ရေးသားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

မန္တလေး မဟာအောင်မြေမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကမ်းနားလမ်းအရှေ့ဘက် ၄၁ လမ်းနှင့် ၄၂ လမ်းကြား မိုးကောင်းကျောင်းအနီး သံလျက်မှော် အနောက်ရပ်ကွက် တောင်ငံပြာရည်ရပ် အကွက် (၃၇၉)ရှိ ဦးမြတ်သူ၏ နေအိမ်မှ ယနေ့ညနေ ၃ နာရီ ၄၃ မိနစ်ခန့်က ဓာတ်ဆီထည့်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အဆိုပါ အိမ်မှတစ်ဆင့် ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက် လောင်ကျွမ်းခဲ့ရာ **(ယာဝုံ)** နှစ်ထပ်နေအိမ် ၁၃ လုံး၊ တစ်ထပ်နေအိမ် ထရံကာသွပ်မိုး နေအိမ် စုစုပေါင်း ၁၈ လုံး မီးလောင်ခံရကြောင်း သက်ဆိုင်ရာမှ သိရသည်။

မီးလောင်ရာသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ဗဟိုမီးသတ် ကြက်ခြေနီယာဉ်များ၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးသတ်ယာဉ် ၇၀ တို့ဖြင့် ပူးပေါင်းမီးငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူငါးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူရန် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စုဝင် မိသားစုများကို တောင်ငံပြာရည်ရပ် အုဋ္ဌကျောင်းမှော်ရုံ၌ ယာယီစခန်းဖွင့်လှစ်၍ သက်ဆိုင်ရာက ကူညီစောင့်ရှောက်ပေးလျက်ရှိကာ မီးစတင်လောင်ခဲ့သည့် အိမ်ရှင် ဦးမြတ်သူကို သက်ဆိုင်ရာက စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ကျောက်မဲ ဇန်နဝါရီ ၂၈

လားရှိုးမှ မန္တလေးသို့ မောင်းနှင်လာသော အမှတ် ၁၃၂ အစုန်ရထားပေါ်တွင် ဇန်နဝါရီ ၂၇ ရက်က ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမှ မန္တလေးသို့ မောင်းနှင်လာသော အမှတ် ၁၃၂ အစုန်ရထားဆိုက်ရောက်လာစဉ် ရထားလုံခြုံရေးအဖွဲ့တို့က တွဲအမှတ် BDTEZ-12550 ရိုးရိုးတန်း အတွဲ-၂ ပေါ်သို့ တက်ရောက်စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၈၈ ခွက်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ တို့ကို ပိုင်ရှင်မဲ့တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများအား ရောင်းချရန်အလို့ငှာ သယ်ဆောင်လာသူကို စုံစမ်းအရေးယူနိုင်ရန် ကျောက်မဲရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်္ဂလာထွန်း(ကျောက်မဲ)

ဓာတ်အားယာယီပြတ်တောက်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်တွင် သယ်န်းကျွန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့၊ သုံးခွ၊ ခရမ်းမြို့နယ်များနှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ (ရွှေလင်ဗန်းကျေးရွာ၊ အလယ်ရွာ ကျေးရွာ၊ အနောက်ပိုင်းတက္ကသိုလ်နှင့် စက်မှုဇုန်အချို့)တို့တွင် ယင်းနေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုရှိစေရန် စသည်တို့အတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ် ဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဖောင်လုပ်သားက ဖောင်ဦးစီးကို ဓားဖြင့်လိုက်ထိုးစဉ် ဖောင်ဦးစီး၏ ပြန်လည်ခုခံမှုကြောင့် ဖောင်လုပ်သား ပင်လယ်ထဲပြုတ်ကျပျောက်ဆုံး

ပုသိမ် ဇန်နဝါရီ ၂၈

ဖျာပုံမြို့နယ် ကပ္ပလီပင်လယ်ပြင်၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၃ နာရီက ငါးဖောင်လုပ်ငန်း ဖောင်ဦးစီးကို ဖောင်လုပ်သားတစ်ဦးက ဓားဖြင့် လိုက်လံထိုးစဉ် ဖောင်ဦးစီးက ပြန်လည်ခုခံကာကွယ်သဖြင့် ဖောင်လုပ်သား ပင်လယ်ထဲသို့ ပြုတ်ကျပျောက်ဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖျာပုံမြို့နယ် ခါးပြတ်ကျေးရွာနေ ရေလုပ်ငန်းကိုယ်စားလှယ် ကိုအေးမင်းထွန်း (၂၉ နှစ်)သည် တစ်ရွာတည်းနေ ရေလုပ်ငန်းရှင် ဦးရဲဝင်းထွဋ်၏ အလုပ်ရုံ၌ ရှိနေစဉ် ၎င်း၏ ရေလုပ်သားများဖြစ်ကြသော ဖောင်ဦးစီး သဲလင်းစိုး (၂၈ နှစ်)၊ ရေလုပ်သား အောင်သန်း (၄၆ နှစ်)နှင့် စိုးမင်းထွန်းပါ သုံးဦးတို့သည် ကပ္ပလီပင်လယ်ပြင်၌ ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ယင်းနေ့ နံနက် ၁ နာရီခွဲတွင် ကျားပိုက်ဖော်ရန်အတွက် ရေလုပ်သား စိုးမင်းထွန်းက ဖောင်ဦးပိုင်း၌ ကျားဒေါက်ဖြုတ်နေစဉ် ဖောင်ဦးစီး သဲလင်းစိုးက ဖောင်ပဲ့ပိုင်း၌ အိပ်ပျော်နေသော ဖောင်လုပ်သား အောင်သန်းအား သွားရောက်နှိုးရာ မကျေမနပ်ဖြစ်ပြီး အနီးရှိ ဓားမြှောင်ဖြင့် လိုက်လံထိုးခဲ့ကြောင်း၊ ဖောင်ဦးစီး သဲလင်းစိုးမှာ ထွက်ပြေးခဲ့ပြီး ၎င်းနောက်မှ လိုက်လာသော အောင်သန်းကို ထင်းချောင်းဖြင့် ခုခံကာကွယ်ရိုက်နှက်လိုက်ရာ ဦးခေါင်းသို့ ရိုက်မိသွားပြီး ပင်လယ်ထဲပြုတ်ကျသွားကြောင်း သိရသည်။

ထို့နောက် ငါးပေါင်းရေယာဉ်ကို မီးအချက်ပြခေါ်ယူ၍ ယင်းရေယာဉ်၏ ဆလိုက်မီးဖြင့် အနီးပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေသော်လည်း ပြန်လည်တွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။ ထို့ကြောင့် ထင်းချောင်းဖြင့် ရိုက်နှိက်သူ ဖောင်ဦးစီး သဲလင်းစိုးအား အမာနယ်မြေရဲစခန်းက အမှုဖွင့်၍ ဖမ်းဆီးအရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပုသိမ်-လှကြည်

(၂၉)နှစ်ပြည့် မွေးနေ့ဆုတောင်း

ခေတ္တ Korea ရောက်ချစ်ခင်ပွန်း ကိုမင်းမင်းစိုးရဲ့ ၂၉-၁-၂၀၁၆ရက်နေ့တွင် ကျရောက်သော (၂၉)နှစ်ပြည့် မွေးနေ့မှစ၍ နှောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်ဇနီးနှင့်အတူ သာယာပျော်ရွှင်သော မိသားစုဘဝ ပိုင်ဆိုင်နိုင်ပြီး သာသနာအကျိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီးလေး
သဲသဲ(ခ)သဲမြနှယ်

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ အထကဆင်တဲ၊ နဝမတန်း(က)မှ မထက်စန္ဒီကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လေးမြင့် ၁၂/ဥကမ(နိုင်)၀၁၄၈၅၅ ဖြစ်ပါကြောင်း။

ဒေါ်ခင်လေးမြင့်

ဂုဏ်ပြုပူဇော်ပွဲနှင့် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

'ယုနိုက်တက်ယု' စေတနာ့ဝန်ထမ်း အထက်တန်းကျောင်း ၁၉၅၃-၁၉၈၈ (စမ်းချောင်းမြို့နယ်)အား တည်ထောင်ခဲ့သော ဖခင်ကြီးဆရာကြီးဦးသန်းအား ရည်စူး၍ ဂုဏ်ပြုပူဇော်ပွဲနှင့် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်- ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၃၁) ရက် (တနင်္ဂနွေနေ့)
အချိန်- နံနက် (၉း၀၀) နာရီမှ (၁၂း၀၀) နာရီအထိ
နေရာ- ဓနသိဒ္ဓိဆွမ်းစားကျောင်းဓမ္မာရုံ၊ အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက်၊ အ. ထ. က (၄) စမ်းချောင်းအနီး

တာဝရခရီးသွားလုပ်ငန်း

ကျိုက်ထီးရိုးချောင်းသာ(နေ့စဉ်) ၃၀၀၀၀ကျပ်/- စားသောက်ခန်း/ Guest, Hotel
မန္တလေး ကျောက်စိမ်းဘုရား မြင်းခြံလွင် ပုဂ္ဂံ(၄)ရက်၊ မိုးကုတ်ပါ(၇)ရက်၊ ပုဂံ ပုပ္ပါး စွယ်တော်လေးဆူ (၄)ရက်၊ တောင်ကြီး (မိုးပုံဖွဲ့) ပင်းတယ [illegible] ထမ်းစဉ်(၄) ရက်၊ လွိုင်ကော်ပါ(၅)ရက်၊ အားလုံးပါ(၁၀/၁၂)ရက်၊ (ရခိုင် မြောက်ဦး စစ်တွေ ငပလီ) (ထားဝယ်ရှင်ကိုင်း မော်လမြိုင် [illegible]) (ကန်ချွန်ပူရီ) ကလေး တမူး [illegible](၇)ရက်၊ [illegible] ဟားခါး(၉)ရက်၊ (လားရှိုး မူဆယ် လွှယ်) ကျိုက်ကမီ၊ မဲလံဆံတော်ရှင် ပြည် [illegible] နဂါးရစ်တောင်၊ [illegible] Ph:09788474787, 09799484878

ဆရာဌေး နှင့်သမီး- ဆရာမ ဌေးစန္ဒာလွင်

B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းအောင်/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဖေဖေါ်ဝါရီ (၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
နွေသင်တန်း ၄တန်းမှ ၁၀တန်းထိ လက်ခံနေပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

မိဘအမည်မှန်

ရခိုင်ပြည်နယ်ဒေသကြီး၊ ဟသ်ာတ မြို့နယ်၊ တလုတ္တော်အထက၊ ပဉ္စမတန်း (A)မှ မောင်လှိုင်မင်း၏ မိဘအမည်မှန်မှာ ဦးစန်းဌေး ၁၄/ဟသတ(နိုင်)၁၄၂၂၆၀- ဒေါ်စန်းစန်းဦး ၁၄/ဟသတ(နိုင်)၀၉၃၂၉၆ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဖျာပုံမြို့၊ အလက(၂)၊ အဋ္ဌမတန်းမှ မောင်အောင်ထွန်းလင်း၏ ဖခင် အမည်မှန် မှာ ဦးစိုးဝင်း(IA-PPN-01496) ဖြစ်ပါကြောင်း။

မုံရွာတက္ကသိုလ် နည်းပြ/သရုပ်ပြရာထူးအတွက် ရေးဖြေစာမေးပွဲ ကျင်းပမည့်အစီအစဉ် ကြေညာချက်

နေ့ရက်	ဖြေဆိုမည့်ဘာသာ	အချိန်
၇-၂-၂၀၁၆ တနင်္ဂနွေနေ့	မြန်မာစာ	နံနက် ၈နာရီမှ ၁၀နာရီအထိ
	အင်္ဂလိပ်စာ	နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီအထိ
	အထွေထွေဗဟုသုတ	မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် စာပေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃-၂-၂၀၁၆ရက်မှ ၅-၂-၂၀၁၆ရက်အထိ မုံရွာတက္ကသိုလ်စာမေးပွဲဌာနခွဲနှင်းဌာနတွင် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း နိုင်ငံသားမှတ်ပုံတင်မူရင်းနှင့်အတူ ကိုယ်တိုင်ထုတ်ယူနိုင်ပါသည်။

စုံစမ်းရန် ဖုန်း-၀၇၁-၂၁၂၅၉
ဌာနမှူး (သင်တန်း)
မုံရွာတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃မာန်မြေ၊ မြေကွက်အမှတ် ၂၂/ က၊ မြေကွက်တည်နေရာအမှတ် ၂၂/က၊ မာန်မြေ ၂၂လမ်း၊ ၃မာန်မြေရပ်ကွက်၊ သာကေတမြို့နယ် (ဦးနိုင်သိန်းထွန်း RGN-၀၁၃၉၁၀) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးနိုင်သိန်းထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်လှထိန် ၁၂/ပဇတ(နိုင်)၀၀၆၁၉၈ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၉၀၀၄/၂၀၁၅)ရသူ ဒေါ်မော်မော်ဝင်း ၃/ကကရ(နိုင်)၁၁၄၇၁၂က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်+ပေးကမ်း+စွန့်လွှတ်စာချုပ်ရန် မြေမှုံကူးပြောင်းထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကန်ကြီးထောင့်မြို့နယ်၊ တကုန်းကြီးကျေးရွာ၊ ပုသိမ်-ရန်ကုန်ကားလမ်းအနီးနေ ဦးဘီစကွတ်- ဒေါ်မြို့မြို့သန်းတို့၏ တစ်ဦးတည်းသောသမီး မခင်ဆွေလှိုင်(ခ)ရှမ်ဇမ်ဘီသည် မိဘတို့အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ၎င်းဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

ဖခင် ဦးဘီစကွတ်(ဘ) ဦးအန်ထော်နီ
၁၄/ပသရ(နိုင်) ၀၉၅၆၄၅
တကုန်းကြီးကျေးရွာ၊
ကန်ကြီးထောင့် မြို့နယ်

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာချက်

ကျွန်မ ဒေါ်ခင်ဝင်း (ဘ)ဦးစိန်ယု ၉/မရတ(နိုင်)၀၂၀၄၆၉၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်သည် ဦးမောင်မောင်စိန်(ဘ)ဦးညွှန့်မောင် ၉/မရတ(နိုင်)၀၈၆၈၂၈၊ အမှတ် ၁၂၁၊ ၇၁ လမ်း၊ မြွန်ပေါက်၊ မြို့သစ်(၅)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့အား ၃-၇-၂၀၁၄ရက်တွင် ပြင်ဦးလွင်မြို့၊ မှတ်ပုံတင်စာချုပ်စာတမ်းရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၄၀၀/၂၀၁၄ဖြင့် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ လွှဲအပ်ခံရသူ ဦးမောင်မောင်စိန်၏ဆောင်ရွက်ချက်များသည် မရိုးသားကြောင်း တွေ့ရှိရသည့်အပြင် ယုံကြည်၍ လွှဲအပ်ထားခြင်းအား ကိုယ်ကျိုးအဖြစ် အလွဲသုံးစားပြုပါသောကြောင့် ပြင်ဦးလွင်မြို့၊ မြို့မရဲစခန်း၏(ပ)အမှတ် ၂၆၇၊ ပြင်ဦးလွင် မြို့နယ်တရားရုံး၏ပြစ်မှုကြီးအမှတ် ၅/၂၀၁၆၊ (ပြစ်မှုပုဒ်မ ၄၀၆)ဖြင့် တရားစွဲဆိုပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါကိုယ်စားလှယ်လွှဲစာအား အကြောင်းပြု၍ တစ်စုံတစ်ရာဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ ယခုတားမြစ်ချက်အား လိုက်နာခြင်းမရှိပါက တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ
ဒေါ်ခင်ဝင်း ၉/မရတ(နိုင်)၀၂၀၄၆၉
အနီးစခန်းတိုးချဲ့ကွက်သစ်၊ ရပ်ကွက်ကြီး ၁၇၊ ပြင်ဦးလွင်မြို့

ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဒုတိယအကြိမ် အာရှဖိတ်ခေါ်ခြင်းလုံး ခတ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်တွင်းပြိုင်ပွဲများအန်နံ့အဟုန်ဖြင့် ကျင်းပနိုင်ရေး အာရှခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ အောင်ဆန်း ဘောလုံးပြိုင်ကွင်းအတွင်းရှိ ခြင်းလုံးအဖွဲ့ချုပ်ရုံးခန်းမ၌ ဆွေးနွေးမှုများ ပြုလုပ်စဉ်။ မင်းခေတ်

❍ ကျော်ဖုံးမှ

ဇရာဝတီအသင်းနှင့် ဇန်နဝါရီ ၂၉ ရက်(ယနေ့)ပွဲတွင် အမှတ် ပေးပွဲကစားကာ သုံးရက်သာနားပြီး အာရှချန်ပီယံလိဂ် ခြေစစ်ပွဲကစားရခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ခြေစစ်ပွဲကစားရမည့် ထိုင်းကလပ်ချောင်ဘူရီအသင်းနှင့် ၂၀၁၂ AFC Cup ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီး တစ်ပွဲသရေကျကာတစ်ပွဲရှုံးနိမ့်ခဲ့သည်။

ချောင်ဘူရီအသင်းမှာ မူလက အာရှချန်ပီယံလိဂ် ခြေစစ်ပွဲကို ယှဉ်ပြိုင်ခွင့်မရသော်လည်း ၂၀၁၅ ထိုင်း ပရီမီယာလိဂ်၌ တတိယနေရာရရှိခဲ့သည့် ဆူဖန်ဘူရီအသင်းမှာ AFCကလပ်အသင်း လိုင်စင်မရှိသောကြောင့် စတုတ္ထနေရာရရှိခဲ့သည့် ချောင်ဘူရီအသင်းက အစားထိုး ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ချောင်ဘူရီအသင်းမှာ ထိုင်းနာမည်ကြီးလက်ရွေးစင်ဟောင်း သာဆက်ချိုင်မန်း ကိုင်တွယ်နေသည့်အသင်းဖြစ်ပြီး ဘရာဇီးနှင့် တောင်ကိုရီးယားကစားသမားများ ခေါ်ယူအသုံးပြုလျက်ရှိသည်။ ထို့အပြင် လက်ရှိထိုင်းလက်ရွေးစင်ကစားသမားများဖြစ်သည့် ဆူတီနန်၊ သာဝီခရန်၊ ပရာကစ်ဒီပရွှန်၊ ပေါ်ခ်လော တို့ ပါဝင်ကစားလျက်ရှိသည်။

မြန်မာကလပ်အသင်းများမှာ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကို ၂၀၁၅ ရာသီက စတင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ရတနာပုံ အသင်းမှာ အကြိုခြေစစ်ပွဲပထမအဆင့်မှထွက်ခဲ့ရသည်။

အန်ဒရိုစ်တောင်ဆင်ကို နယူးကာဆယ်ခေါ်ယူ

စပါးအသင်းရဲ့နာမည်ကြီးကစားသမား အန်ဒရိုစ်တောင်ဆင်ကို နယူးကာဆယ်က ပေါင် ၁၂ သန်းခန့်စာချုပ်ဖို့အတည်ပြုပြောကြားလိုက်ပါပြီ။ တောင်ဆင်ကို တစ်ပတ်လုပ်ခလစာပေါင် ၅၅၀၀၀ နဲ့ စာချုပ်လိုက်တယ်လို့ဆိုပါတယ်။ စိန့်ဂျိမ်းပတ်စ်မှာ တောင်ဆင်ရဲ့ပုံတွေကိုတီရှပ်အသစ်နဲ့အတူ တွေ့ရပါတယ်။ နယူးကာဆယ်အသင်းဟာ ကျွန်တော်ပြောင်းချင်တဲ့အသင်းတွေထဲက တစ်သင်းပါလို့ အင်္ဂလန်တောင်ပံတိုက်စစ်မှူးကဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ တောင်ပံတိုက်စစ်မှူးတောင်ဆင်ကို နယူးကာဆယ်ကငါးနှစ်ခွဲစာချုပ်နဲ့ခေါ်ယူလိုက်တာဖြစ်ပါတယ်။

တန်းဆင်းဇုန်နီးနေတဲ့ နယူးကာဆယ်အတွက် အကောင်းဆုံးသောကယ်တင်မှုတွေနဲ့ ကစားသွားမှာ ဖြစ်တယ်လို့ တောင်ဆင်ကစာချုပ်အပြီး မီဒီယာတွေကို ပြောဆိုလိုက်ပါတယ်။ ❒ ကောင်းမြတ်သူ

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲခရိုင်၊ မိုင်းလုံမြို့နယ်ခွဲ အောက်ရပ်နေ ဦးစိုင်းငယ် ၁၃/ကမနု(နိုင်) ၀၂၄၄၈၀နှင့် ဦးဆန်ငယ်တို့မှာ တစ်ဦးတည်းဖြစ်ပါသည်။ ဦးဆန်ငယ် မိုင်းလုံမြို့နယ်ခွဲ

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ သမြေသာရွာနေ မကေသီအောင် ၅/ရဘန(နိုင်)၁၄၆၃၇၃၏ဖခင် ဦးဆွေနှင့် ဦးခင်မောင်ဆွေ ၅/ရဘန(နိုင်) ၀၃၆၇၈၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

7Stars (ရာထူးဝင်သင်တန်းကြီး)

BE -ဝင်ခွင့်

မြန်မာအသင်းနှင့် ရှုပ်ပြင်သံကြားမှခေါ်ယူသော
ရှုပ်သံကျွမ်းကျင် (၂) - ၃၄ နေရာ
အသံလွှင့်ကျွမ်းကျင် (၂) - ၃၄ နေရာ
အငယ်တန်းအင်ဂျင်နီယာ (၂) - ၃၂ နေရာ

အပြည့်စုံဆုံးမှတ်စုများ ရောင်းချပေးနေပါပြီ ။ နယ်သို့ပို့ပေးသည် ။

တိုက်(18 / 38)၊ သမြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

09.789107733, 09.799860155, 09421052736, 09.780080052

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာဈေး၊ အခန်း(C-13)တွင် ဖွင့်လှစ်ထားရှိသော MG MG GLASS SHOP(MACHINERY & ELECTRONIC) ၏ပိုင်ရှင် ဦးရဲလွင် ၁၃/လရန(နိုင်)၀၉၇၂၆၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလွင်၏စိတ်ကူးစိတ်သန်းဖြင့် တီထွင်ဖန်တီးရေးဆွဲထားသော အောက်ပါကုန်အမှတ်တံဆိပ်တို့အား ကြေညာအပ်ပါသည်။

CNDEVE WAMARA KEDI Rolwal

ထိုအမှတ်တံဆိပ်တို့နှင့်ပတ်သက်၍- Electric Planer(Wamara)ရေဘော်စက်၊ High Pressure Washer(Wamara) ကားရေဆေးစက်၊ Generator (Wamara) မီးစက်၊ And Accessories (Wamara) အထွေထွေ (အပိုပစ္စည်း)၊ Water Pump (Rolwal, CNDEVE) ရေစုပ်စက်၊ Solder Machine (Rolwal, CNDEVE) ဂဟေစက်၊ And Accessories (Rolwal, CNDEVE) အထွေထွေ (အပိုပစ္စည်း)၊ Brush Cutter (KEDI) မြက်ရိတ်စက်၊ Chain Saw (KEDI) ချိန်းစော၊ Back Pack Brush Cutter(KEDI)နောက်လွယ်မြက်ရိတ်စက်၊ Push Trolley Brush Cutter (KEDI)လက်တွန်းမြက်ရိတ်စက်တို့အား မြန်မာတစ်နိုင်ငံလုံးသို့ အထက်ပါတံဆိပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဖိနှိပ်ကပ်နှိပ်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါကိစ္စများနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမှုရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက သက်ဆိုင်ရာဌာန အသီးသီးတို့တွင် ခွင့်ပြုမိန့်များရယူခြင်းနှင့် မူပိုင်ခွင့်ကိစ္စ၊ မှတ်ပုံတင်ခြင်းကိစ္စရပ်တို့ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာတပြည်လုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်
LL.B.,B.A(Business Law).,C.B.L.,DL.101 WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၉)
အမှတ် ၁၃၄၊ မြေညီထပ်၊ ၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၁၀၅၁၃၊ ၀၉-၂၅၀၇၂၉၁၅၅

■ ကျော်ဖုံးမှ

ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ် အဲဗာတန်အိမ်ကွင်း၌ မန်စီးတီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဒုတိယအကျော့ မန်စီးတီးအိမ်ကွင်း၌ မန်စီးတီးအသင်း ၄-၂-၃-၁ ကစားကွက်ဖြင့် အဂူရို၊ ဖာဘီယန်၊ ဖာနန်ဒင်ဟို၊ စတာလင်း၊ ယာယာတိုရေး၊ ဆေးဗား၊ ဇာဘာလက်တာ၊ ကလစ်ချီ၊ ဒီမစ်ချယ်လီ၊ အော့တာမန်ဒီနှင့် ဂိုး-ကာဘာယ်လီရို တို့ပါဝင်ခဲ့သည်။ အဲဗာတန်အသင်းသည် ဒုတိအကျော့တွင် ကစားကွက်ပြောင်းကာ ၄-၄-၂ ပုံစံဖြင့် လူကာကူ၊ အော့စ်မန်း၊ ဘာကလေ၊ ဒျူလိုဖီး၊ ဘာရီ၊ ကာလီဗာလေ၊ လေတန်ဘိန်းစ်၊ မိုရီ၊ ဂျာဂီကာ၊ ဂျွန်စတုန်းနှင့် ဂိုးရိုဘလက်စ်တို့ ပွဲထွက်ခဲ့သည်။

ပွဲချိန် ၁၈ မိနစ်တွင် အဲဗာတန်အသင်း၏ ဦးဆောင်ဂိုးအဖြစ် ကွင်းလယ်လူ ဘာကလေက သွင်းယူခဲ့သည်။ ၂၄ မိနစ်တွင် ဖာနန်ဒင်ဟိုက မန်စီးတီးအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးအတွက် အနိုင်ဂိုးများကို မိနစ် ၇၀ တွင် လူစားဝင်လာသော ဒီဘရိုင်းက သွင်းယူပြီး ၇၇ မိနစ်တွင် တိုက်စစ်မှူး အဂူရိုက ခေါင်းတိုက် သွင်းယူခဲ့သည်။ မန်စီးတီးအသင်း နှစ်ကျော့ပေါင်း လေးဂိုး-သုံးဂိုးဖြင့်အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲဖြစ်သည့် လီဗာပူးနှင့် စတုတ်စီးတီးတို့ ပွဲစဉ်တွင် ပထမအကျော့၌ လီဗာပူးတို့အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအကျော့ ပွဲစဉ်ကို ဇန်နဝါရီ ၂၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည်။

ပထမပိုင်းပွဲပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ကွင်းလယ်ကစားသမား အာနော့တိုဗစ်က စတုတ်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန်ပြည့် မိနစ် ၉၀ ထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းယူနိုင်ဘဲ စတုတ်က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်တစ်ဂိုးစီဖြင့် အရှုံးအနိုင်မပေါ်ခဲ့ဘဲ အချိန်ပိုမိနစ် ၃၀ ထပ်မံကစားခဲ့ရာ ပြောင်းလဲမှုမရှိခဲ့ပေ။ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးတို့ ခြောက်ဂိုး-ငါးဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲသို့ (၁၁) ကြိမ် တက်ရောက်ခဲ့ရာ ရှစ်ကြိမ် ဖလားရရှိခဲ့ပြီး သုံးကြိမ် ဒုတိယရရှိကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ မန်စီးတီးအသင်းမှာ ဗိုလ်လုပွဲသို့လေးကြိမ် တက်ရောက်နိုင်ခဲ့ပြီး သုံးကြိမ်ဖလားရရှိကာ တစ်ကြိမ်ဒုတိယရရှိထားသည်။ ကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

စတုတ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီးနောက် လီဗာပူးကစားသမားများ အောင်ပွဲခံနေသည် ကိုတွေ့ရစဉ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်း များ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ကာလတိုင်းနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက် ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက် ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွား ရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရ မည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင် အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်း ဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ် သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသား စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကို ဆိုသည်။

အခန်း(၂)

စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန် ဈေးနှုန်းအရ ၇. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၃. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၂၃. ၀ ရာခိုင်နှုန်း လျော့နည်းရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၈. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၈. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက် ရန်၊
(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန် ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၁၁. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၅. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၃၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄. ၃ ရာခိုင်နှုန်း တိုးတက် ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၇. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၆. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃. ၅ ရာခိုင်နှုန်း တိုးတက် ရန်၊

(ဃ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၂၆. ၂ ရာခိုင်နှုန်းမှ ၂၅. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅. ၀ ရာခိုင်နှုန်းမှ ၃၅. ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၈ ရာခိုင်နှုန်းမှ ၃၈. ၅ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၅၅,၄၂၀. ၆ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၂. ၀၅ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၇. ၉၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၈,၁၅၇. ၁ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၂,၁၈၅. ၅ ဘီလီယံတင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per capita GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၄၁၃ ,၀၃၁ မှ ကျပ် ၁,၅၈၄, ၉၆၀ သို့ ဖြစ်ပေါ်လာရန်၊

အခန်း(၃)

အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)နှင့်(၇)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ် မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံ သားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေပြီး "ပတ်ဝန်းကျင် နှင့် လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်" စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော "ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဖြစ်စေသော" စီမံကိန်းများအား ပြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့်လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်း များကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက် ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ နှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြု သော စီမံကိန်းများပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံ ပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့် သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများ အတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင် ကိုထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန် သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံ မှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(နှစ်ကုန်ခန့်မှန်းခြေ)			၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**လယ်ယာကဏ္ဍကြီး**	**၁၆,၃၀၂,၄၅၆·၀**	**၂၈·၆**	**၃·၄**	**၁၇,၀၄၅,၁၉၆·၈**	**၂၇·၈**	**၄·၆**
	၁	လယ်ယာ	၁၁,၄၁၉,၄၀၄. ၀	၂၀. ၀	၂. ၈	၁၂,၀၄၀,၆၃၃. ၉	၁၉. ၆	၅. ၄
	၂	သားငါး	၄,၇၇၇,၀၄၄. ၉	၈. ၄	၅. ၅	၄,၉၂၂,၉၄၇. ၉	၈. ၀	၃. ၁
	၃	သစ်တော	၁၀၆,၀၀၇. ၁	၀. ၂	-၁၆. ၂	၈၁,၆၁၅. ၀	၀. ၂	-၂၃. ၀
၂		**စက်မှုကဏ္ဍကြီး**	**၁၇,၀၁၀,၃၄၁·၁**	**၂၉·၉**	**၈·၃**	**၁၈,၉၃၀,၇၀၉·၄**	**၃၀·၉**	**၁၁·၃**
	၁	စွမ်းအင်	၇၁,၂၈၁. ၁	၀. ၁	-၁၉. ၇	၈၄,၆၈၆. ၈	၀. ၁	၁၈. ၈
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၆၂၉,၇၇၈. ၇	၁. ၁	၁. ၁	၇၀၁,၉၉၁. ၅	၁. ၂	၁၁. ၅
	၃	စက်မှုလက်မှု	၁၂,၅၂၂,၆၀၅. ၅	၂၂. ၀	၉. ၉	၁၃,၈၆၉,၈၀၁. ၆	၂၂. ၆	၁၀. ၈
	၄	လျှပ်စစ်ဓာတ်အား	၇၀၁,၉၇၄. ၂	၁. ၃	၁၀. ၈	၇၄၇,၇၃၀. ၁	၁. ၂	၆. ၅
	၅	ဆောက်လုပ်မှု	၃,၀၈၄,၇၀၁. ၆	၅. ၄	၄. ၄	၃,၅၂၆,၄၉၉. ၄	၅. ၈	၁၄. ၃

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၃		ဝန်ဆောင်မှုကဏ္ဍကြီး	၂၃,၅၉၅,၂၃၅.၆	၄၁.၅	၁၀.၃	၂၅,၃၅၀,၄၂၂.၄	၄၁.၃	၇.၄
	၁	ပို့ဆောင်ရေး	၇,၁၆၀,၈၂၂.၁	၁၂.၆	၈.၃	၇,၇၁၁,၅၂၈.၈	၁၂.၆	၇.၇
	၂	ဆက်သွယ်ရေး	၃,၀၂၉,၁၉၄.၉	၅.၃	၃၅.၇	၃,၂၈၃,၀၃၉.၀	၅.၃	၈.၄
	၃	ငွေရေးကြေးရေး	၁၉၄,၅၃၁.၈	၀.၃	၁၁.၂	၂၁၀,၅၅၆.၂	၀.၃	၈.၂
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁,၅၂၉,၀၃၃.၀	၂.၇	၇.၆	၁,၆၀၀,၁၁၉.၇	၂.၆	၄.၆
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၄၁၀,၇၃၁.၈	၂.၅	၁၁.၁	၁,၅၈၄,၁၀၁.၃	၂.၆	၁၂.၃
	၆	ကုန်သွယ်မှု	၁၀,၂၇၀,၉၂၂.၄	၁၈.၁	၆.၀	၁၀,၉၆၁,၀၇၇.၄	၁၇.၉	၆.၇
၄		စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)	၅၆,၉၀၈,၀၃၃.၀	၁၀၀.၀	၇.၆	၆၁,၃၂၆,၃၂၈.၆	၁၀၀.၀	၇.၈

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက်စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(နှစ်ကုန်ခန့်မှန်းခြေ)			၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**ထုတ်လုပ်မှုတန်ဖိုး**	**၃၃,၃၁၂,၇၉၇.၁**	**၅၈.၅**	**၅.၆**	**၃၅,၉၇၅,၉၀၆.၂**	**၅၈.၇**	**၈.၀**
	၁	လယ်ယာ	၁၁,၄၁၉,၄၀၄.၀	၂၀.၀	၂.၈	၁၂,၀၄၀,၆၁၃.၉	၁၉.၆	၅.၄
	၂	သားငါး	၄,၇၇၇,၀၄၄.၉	၈.၄	၅.၅	၄,၉၂၂,၉၄၇.၉	၈.၁	၃.၀
	၃	သစ်တော	၁၀၆,၀၀၇.၁	၀.၂	-၁၆.၂	၈၀,၆၁၅.၁	၀.၂	-၂၃.၀
	၄	စွမ်းအင်	၇၁,၂၈၀.၁	၀.၁	-၁၉.၇	၈၄,၆၈၆.၈	၀.၁	၁၈.၈
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၆၂၉,၇၇၈.၇	၁.၁	၁.၁	၇၀၀,၉၉၁.၅	၁.၂	၁၁.၅
	၆	စက်မှုလက်မှု	၁၂,၅၂၂,၆၀၅.၅	၂၂.၀	၉.၉	၁၃,၈၆၉,၈၁၁.၆	၂၂.၆	၁၀.၈
	၇	လျှပ်စစ်ဓာတ်အား	၇၀၁,၉၇၄.၂	၁.၃	၁၀.၈	၇၄၇,၇၃၀.၁	၁.၂	၆.၅
	၈	ဆောက်လုပ်မှု	၃,၀၈၄,၇၀၁.၆	၅.၄	၄.၄	၃,၅၂၆,၄၉၉.၄	၅.၈	၁၄.၃
၂		**ဝန်ဆောင်မှုတန်ဖိုး**	**၁၃,၃၂၄,၃၃၃.၅**	**၂၃.၄**	**၁၃.၈**	**၁၄,၃၈၉,၃၄၅.၀**	**၂၃.၄**	**၈.၀**
	၁	ပို့ဆောင်ရေး	၇,၁၆၀,၈၂၂.၀	၁၂.၆	၈.၃	၇,၇၁၁,၅၂၈.၈	၁၂.၆	၇.၇
	၂	ဆက်သွယ်ရေး	၃,၀၂၉,၁၉၄.၉	၅.၃	၃၅.၇	၃,၂၈၃,၀၃၉.၀	၅.၃	၈.၄
	၃	ငွေရေးကြေးရေး	၁၉၄,၅၃၁.၈	၀.၃	၁၁.၂	၂၁၀,၅၅၆.၂	၀.၃	၈.၂
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁,၅၂၉,၀၃၃.၀	၂.၇	၇.၆	၁,၆၀၀,၁၁၉.၇	၂.၆	၄.၆
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၄၁၁,၇၃၁.၈	၂.၅	၁၁.၁	၁,၅၈၄,၁၁၁.၃	၂.၆	၁၂.၃
၃		**ကုန်သွယ်မှုတန်ဖိုး**	**၁၀,၂၇၀,၉၂၂.၄**	**၁၈.၁**	**၆.၀**	**၁၀,၉၆၁,၀၇၇.၄**	**၁၇.၉**	**၆.၇**
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၅၆,၉၀၈,၀၃၃.၀**	**၁၀၀.၀**	**၇.၆**	**၆၁,၃၂၆,၃၂၈.၆**	**၁၀၀.၀**	**၇.၈**

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၀ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(နှစ်ကုန်ခန့်မှန်းခြေ)			၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
		တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈
၁	ကချင်ပြည်နယ်	၁,၁၀၇,၁၅၀.၁	၁.၉	၉.၈	၁,၂၃၂,၁၀၅.၈	၂.၀	၁၁.၃
၂	ကယားပြည်နယ်	၂၀၃,၁၀၈.၄	၀.၄	၄.၄	၂၁၄,၃၂၄.၀	၀.၃	၅.၅
၃	ကရင်ပြည်နယ်	၁,၀၈၉,၅၂၉.၀	၁.၉	၉.၄	၁,၁၇၂,၉၁၉.၀	၁.၉	၇.၇
၄	ချင်းပြည်နယ်	၂၁၁,၄၆၃.၇	၀.၄	၇.၄	၂၇၆,၅၀၄.၈	၀.၄	၃၀.၈
၅	စစ်ကိုင်းတိုင်းဒေသကြီး	၇,၀၂၆,၁၃၄.၆	၁၂.၃	၉.၇	၇,၆၀၆,၈၃၅.၄	၁၂.၄	၈.၃
၆	တနင်္သာရီတိုင်းဒေသကြီး	၂,၀၀၀,၄၅၈.၈	၃.၅	၆.၉	၂,၀၈၅,၆၅၅.၆	၃.၄	၄.၃
၇	ပဲခူးတိုင်းဒေသကြီး	၄,၈၉၃,၄၄၀.၅	၈.၆	၈.၁	၅,၂၆၉,၄၄၉.၀	၈.၆	၇.၇
၈	မကွေးတိုင်းဒေသကြီး	၅,၃၀၂,၈၇၃.၉	၉.၃	၅.၄	၅,၇၃၆,၃၅၁.၅	၉.၄	၈.၂
၉	မန္တလေးတိုင်းဒေသကြီး	၆,၃၇၁,၇၈၇.၄	၁၁.၂	၈.၄	၆,၉၂၄,၈၄၉.၄	၁၁.၃	၈.၇
၁၀	မွန်ပြည်နယ်	၂,၄၂၆,၆၁၇.၆	၄.၃	၉.၀	၂,၆၀၇,၂၃၄.၀	၄.၃	၇.၄
၁၁	ရခိုင်ပြည်နယ်	၂,၀၄၈,၇၈၆.၂	၃.၆	၄.၁	၂,၁၈၈,၂၉၁.၀	၃.၆	၆.၈
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၃,၆၄၈,၃၁၂.၃	၂၄.၀	၁၀.၂	၁၄,၇၆၇,၉၇၁.၃	၂၄.၁	၈.၂
၁၃	ရှမ်းပြည်နယ်	၃,၅၂၂,၉၃၁.၉	၆.၂	၂.၈	၃,၇၆၉,၅၉၂.၀	၆.၁	၇.၀
၁၄	ဧရာဝတီတိုင်းဒေသကြီး	၅,၈၃၇,၅၁၈.၈	၁၀.၃	၅.၄	၆,၂၁၃,၅၈၅.၆	၁၀.၁	၆.၄
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၂၁၇,၉၁၉.၉	၂.၁	၀.၂	၁,၂၆၀,၆၆၁.၂	၂.၁	၃.၅

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)		၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**လယ်ယာကဏ္ဍကြီး**	**၁၉,၄၆၄,၀၈၄.၆**	**၂၆.၂**	**၂၁,၅၀၁,၆၀၇.၁**	**၂၅.၆**	**၁၀.၅**
	၁	လယ်ယာ	၁၃,၄၉၀,၁၁၂.၅	၁၈.၁	၁၄,၈၈၇,၆၆၂.၄	၁၇.၇	၁၀.၄
	၂	သားငါး	၅,၈၅၇,၇၆၅.၁	၇.၉	၆,၅၂၃,၀၉၄.၂	၇.၈	၁၁.၄
	၃	သစ်တော	၁၁၆,၂၀၇.၀	၀.၂	၉၀,၈၅၀.၅	၀.၁	-၂၁.၈
၂		**စက်မှုကဏ္ဍကြီး**	**၂၆,၀၀၅,၂၀၇.၄**	**၃၅.၀**	**၃၀,၂၁၇,၁၀၇.၈**	**၃၅.၉**	**၁၆.၂**
	၁	စွမ်းအင်	၄,၅၉၆,၉၄၆.၈	၆.၂	၄,၉၀၄,၄၈၆.၃	၅.၈	၆.၇
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၈၆၃,၇၁၅.၁	၁.၂	၉၄၄,၆၅၀.၆	၁.၁	၉.၄
	၃	စက်မှုလက်မှု	၁၅,၂၃၂,၃၉၆.၇	၂၀.၅	၁၇,၉၃၀,၁၄၄.၀	၂၁.၃	၁၇.၇

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

	၄	လျှပ်စစ်ဓာတ်အား	၁,၀၃၁,၆၅၅.၃	၁.၄	၁,၁၀၇,၉၁၃.၈	၁.၃	၇.၄
	၅	ဆောက်လုပ်မှု	၄,၂၈၀,၄၉၃.၆	၅.၇	၅,၃၃၀,၁၉၃.၁	၆.၄	၂၄.၅
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	**၂၈,၈၂၅,၀၇၅.၈**	**၃၈.၈**	**၃၂,၄၀၉,၁၃၂.၈**	**၃၈.၅**	**၁၂.၄**
	၁	ပို့ဆောင်ရေး	၈,၂၅၂,၂၀၄.၅	၁၁.၁	၉,၀၂၇,၃၈၃.၆	၁၀.၇	၉.၄
	၂	ဆက်သွယ်ရေး	၁,၇၈၂,၇၂၂.၀	၂.၄	၂,၁၃၁,၆၈၂.၂	၂.၅	၁၉.၆
	၃	ငွေရေးကြေးရေး	၁၅၀,၇၄၁.၄	၀.၂	၁၆၃,၁၅၉.၆	၀.၂	၈.၂
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၂,၇၂၂,၂၅၂.၅	၃.၇	၂,၈၄၉,၉၃၄.၈	၃.၄	၄.၇
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၇၉၅,၃၀၅.၈	၂.၄	၂,၁၁၆,၈၀၀.၄	၂.၅	၁၇.၉
	၆	ကုန်သွယ်မှု	၁၄,၁၂၁,၈၄၉.၆	၁၉.၀	၁၆,၁၂၀,၁၇၂.၂	၁၉.၂	၁၄.၂
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၇၄,၂၉၄,၃၆၇.၈**	**၁၀၀.၀**	**၈၄,၁၂၈,၁၂၇.၇**	**၁၀၀.၀**	**၁၃.၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)		၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး (ရာခိုင်နှုန်း)	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**ထုတ်လုပ်မှုတန်ဖိုး**	**၄၅,၄၆၉,၂၉၂.၀**	**၆၁.၂**	**၅၀,၇၁၈,၉၉၄.၉**	**၆၁.၅**	**၁၃.၇**
	၁	လယ်ယာ	၁၃,၄၉၀,၁၁၂.၅	၁၈.၁	၁၄,၈၈၇,၆၆၂.၄	၁၇.၇	၁၀.၄
	၂	သားငါး	၅,၈၅၇,၇၆၅.၁	၇.၉	၆,၅၂၃,၀၉၄.၂	၇.၈	၁၁.၄
	၃	သစ်တော	၁၁၆,၂၀၇.၀	၀.၂	၉၀,၈၅၀.၅	၀.၁	-၂၁.၈
	၄	စွမ်းအင်	၄,၅၉၆,၉၄၆.၈	၆.၂	၄,၉၀၄,၄၈၆.၃	၅.၈	၆.၇
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၈၆၃,၇၁၅.၀	၁.၂	၉၄၄,၆၅၀.၆	၁.၁	၉.၄
	၆	စက်မှုလက်မှု	၁၅,၂၃၂,၃၉၆.၇	၂၀.၅	၁၇,၉၃၀,၁၄၄.၀	၂၁.၃	၁၇.၇
	၇	လျှပ်စစ်ဓာတ်အား	၁,၀၃၁,၆၅၅.၃	၁.၄	၁,၁၀၇,၉၁၃.၈	၁.၃	၇.၄
	၈	ဆောက်လုပ်မှု	၄,၂၈၀,၄၉၃.၆	၅.၇	၅,၃၃၀,၁၉၃.၁	၆.၄	၂၄.၅
၂		**ဝန်ဆောင်မှုတန်ဖိုး**	**၁၄,၇၀၃,၂၂၆.၂**	**၁၉.၈**	**၁၆,၂၈၈,၉၆၀.၆**	**၁၉.၃**	**၁၀.၈**
	၁	ပို့ဆောင်ရေး	၈,၂၅၂,၂၀၄.၅	၁၁.၁	၉,၀၂၇,၃၈၃.၆	၁၀.၇	၉.၄
	၂	ဆက်သွယ်ရေး	၁,၇၈၂,၇၂၂.၀	၂.၄	၂,၁၃၁,၆၈၂.၂	၂.၅	၁၉.၆
	၃	ငွေရေးကြေးရေး	၁၅၀,၇၄၁.၄	၀.၂	၁၆၃,၁၅၉.၆	၀.၂	၈.၂
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၂,၇၂၂,၂၅၂.၅	၃.၇	၂,၈၄၉,၉၃၄.၈	၃.၄	၄.၇
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁,၇၉၅,၃၀၅.၈	၂.၄	၂,၁၁၆,၈၀၀.၄	၂.၅	၁၇.၉
၃		**ကုန်သွယ်မှုတန်ဖိုး**	**၁၄,၁၂၁,၈၄၉.၆**	**၁၉.၀**	**၁၆,၁၂၀,၁၇၂.၂**	**၁၉.၂**	**၁၄.၂**
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၇၄,၂၉၄,၃၆၇.၈**	**၁၀၀.၀**	**၈၄,၁၂၈,၁၂၇.၇**	**၁၀၀.၀**	**၁၃.၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)		၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
		တန်ဖိုး (ရာခိုင်နှုန်း)	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇
၁	ကချင်ပြည်နယ်	၁,၄၄၇,၈၁၁.၆	၂.၀	၁,၆၅၃,၉၁၄.၇	၂.၀	၁၄.၂
၂	ကယားပြည်နယ်	၂၅၆,၈၉၉.၀	၀.၃	၂၈၅,၁၀၃.၂	၀.၃	၁၁.၀
၃	ကရင်ပြည်နယ်	၁,၃၄၀,၈၅၅.၄	၁.၈	၁,၅၁၁,၆၁၂.၉	၁.၈	၁၂.၇
၄	ချင်းပြည်နယ်	၂၇၇,၄၁၆.၇	၀.၄	၄၀၅,၆၄၉.၇	၀.၅	၄၆.၂
၅	စစ်ကိုင်းတိုင်းဒေသကြီး	၈,၅၂၂,၂၅၃.၈	၁၁.၅	၉,၇၁၆,၁၉၈.၂	၁၁.၅	၁၄.၀
၆	တနင်္သာရီတိုင်းဒေသကြီး	၃,၅၈၃,၉၈၂.၉	၄.၈	၃,၅၉၆,၅၃၄.၀	၄.၃	၀.၄
၇	ပဲခူးတိုင်းဒေသကြီး	၅,၉၃၀,၂၁၀.၄	၈.၀	၆,၇၂၃,၁၉၁.၃	၈.၀	၁၃.၄
၈	မကွေးတိုင်းဒေသကြီး	၆,၅၈၈,၂၆၆.၇	၈.၉	၇,၅၅၆,၀၁၄.၈	၉.၀	၁၄.၇
၉	မန္တလေးတိုင်းဒေသကြီး	၇,၆၁၁,၀၂၇.၄	၁၀.၂	၈,၇၃၀,၃၅၇.၆	၁၀.၄	၁၄.၇
၁၀	မွန်ပြည်နယ်	၂,၉၃၀,၉၂၇.၇	၃.၉	၃,၂၈၆,၁၂၄.၂	၃.၉	၁၂.၁
၁၁	ရခိုင်ပြည်နယ်	၃,၆၂၇,၈၂၇.၉	၄.၉	၄,၄၄၀,၀၇၆.၁	၅.၃	၂၂.၄
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၆,၈၅၉,၇၈၇.၇	၂၂.၇	၁၉,၂၆၀,၇၀၈.၈	၂၂.၉	၁၄.၂
၁၃	ရှမ်းပြည်နယ်	၄,၃၅၂,၃၂၆.၆	၅.၉	၄,၈၉၈,၉၈၉.၆	၅.၈	၁၂.၆
၁၄	ဧရာဝတီတိုင်းဒေသကြီး	၉,၃၉၂,၉၂၉.၃	၁၂.၆	၁၀,၃၅၈,၄၅၇.၉	၁၂.၃	၁၀.၃
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁,၅၇၁,၈၄၄.၇	၂.၁	၁,၇၀၅,၁၉၄.၇	၂.၀	၈.၅

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)		၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	
		တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)	တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆
၁	နိုင်ငံပိုင်	၇,၀၆၃,၀၉၀.၁	၂၆.၇၁	၆,၆၇၉,၈၃၃.၃	၂၂.၀၅
၂	သမဝါယမပိုင်	၃,၃၃၈.၆	၀.၀၁	၃,၃၇၅.၅	၀.၀၁
၃	ပုဂ္ဂလိကပိုင်	၁၉,၃၇၉,၄၉၈.၄	၇၃.၂၈	၂၃,၆၁၅,၂၃၃.၂	၇၇.၉၄
	စုစုပေါင်း	**၂၆,၄၄၅,၈၂၇.၁**	၀၀၀.၀၀	**၃၀,၂၉၈,၄၄၂.၀**	၁၀၀.၀၀

အသင်းတိုင်း အကြိတ်အနယ်နွှဲရဦးမယ့် ဘွန်ဒက်လီဂါ ပွဲစဉ်(၁၉)

မိုးမြင့်လင်းလက်

ဂျာမနီမြေက ဘွန်ဒက်လီဂါပွဲစဉ် (၁၉)ကို ဇန်နဝါရီ ၃၀ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ တန်းစီဇယားတတိယနေရာမှာရပ်တည်နေတဲ့ ဟာသာဘာလင်တို့က ရလဒ်ကောင်းရဖို့ ရုန်းကန်ရမှာဖြစ်ပြီး ဂလာဘတ်တို့က မိန့်ဇ်နဲ့တွေ့ဆုံရတာကြောင့် ပွဲမချောင်ပါဘူး။ ဒီတစ်ပတ် ဘွန်ဒက်လီဂါပွဲစဉ်တွေကတော့ မြေရှည်တူအသင်းတွေရဲ့ အားပြိုင်မှုဖြစ်တာကြောင့် ကမောက်ကမ ရလဒ်တွေထွက်လာဦးမှာ သေချာပါတယ်။

ဝါဒါဘရီမင်နှင့်ဟာသာဘာလင်

တန်းဆင်းဇုန်ထဲရောက်နေပေမယ့် ဟာသာဘာလင်ကို ဘယ်လိုကစားရမယ်ဆိုတာ သိထားတဲ့ ဝါဒါဘရီမင်တို့က အခုပွဲအိမ်ကွင်းမှာ အမှတ်ရအောင်ကစားပါလိမ့်မယ်။ ဟာသာဘာလင်တို့ကတော့ အဝေးကွင်းမှာ တိုက်စစ်ရော ခံစစ်ပါ ဟန်ချက်ညီအောင်ကစားနိုင်ပေမယ့် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်က ကျဆင်းတတ်ပါတယ်။ ဟာသာဘာလင်နဲ့ ဝါဒါဘရီမင်တို့ရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့သုံးပွဲရလဒ်ကိုကြည့်ရင် ဝါဒါဘရီမင်က တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ အခုပွဲမှာ ဟာသာဘာလင်တို့ ခြေစွမ်းပြနိုင်ပေမယ့် တန်းဆင်းဇုန်ထဲက ရုန်းထွက်မယ့် ဝါဒါဘရီမင်ရဲ့အားမာန်ကြောင့် အနိုင်ဆိုတာ အိမ်ရှင်တို့အတွက်ပဲဖြစ်မှာပါ။

မိန့်ဇ်နှင့်ဂလာဘတ်

တန်းစီဇယားစတုတ္ထနေရာမှာရှိနေတဲ့ ဂလာဘတ်တို့က အဝေးကွင်းမှာ ခံစစ်မှူးတွေ အမှားအယွင်းလုပ်တတ်တာမို့ သတိထားရမယ့်ပွဲပါပဲ။ မိန့်ဇ်တို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင်ကစားတတ်ပြီး အဝင်အထွက်ရဲရဲနဲ့ ဂိုးရအောင် ထိုးဖောက်တိုက်စစ်ဆင်နိုင်သူတွေဖြစ်ပါတယ်။ မိန့်ဇ်တို့ဟာ ဂလာဘတ်နဲ့နောက်ဆုံးငါးပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးပြီး ကျန်သုံးပွဲသရေဖြစ်ထားတာမို့ ခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့ အားထုတ်လာမယ့် ဂလာဘတ်တို့အတွက် အခုပွဲဟာ အကြိတ်အနယ်နွှဲရမှာဖြစ်ပြီး အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

လေဗာကူဆင်နှင့်ဟန်နိုဗာ

လေဗာကူဆင်ဟာ အိမ်ကွင်းမှာခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်တွေကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ စွမ်းရည်ရှိပါတယ်။ ဟန်နိုဗာတို့က အဝေးကွင်းမှာဆိုရင် ရလဒ်မကောင်းတတ်တာမို့ ဒီပွဲမှာ အောင်ပွဲခံနိုင်ဖို့တော့ မလွယ်ပါဘူး။ တန်းဆင်းဇုန်ထဲကျဆင်းနေတဲ့ ဟန်နိုဗာတို့ရဲ့တိုက်စစ်က အားရစရာမရှိသလို ဂိုးရဖို့လည်း ခက်ခဲနေတတ်တာမို့ ဒီပွဲဟာ လေဗာကူဆင်ရဲ့နိုင်ပွဲလို့ပဲ သတ်မှတ်ရမှာဖြစ်ပါတယ်။

ဒမ်စတက်နှင့်ရှော်လ်ကေး

ဒီနှစ်သင်းရဲ့နောက်ဆုံးငါးပွဲတွေ့ဆုံမှုရလာဒ်ကိုကြည့်ရင် ရှော်လ်ကေးတို့က သုံးပွဲနိုင်ခဲ့ပြီး ဒမ်စတက်တို့က တစ်ပွဲနိုင်ကာ တစ်ပွဲသရေဖြစ်ထားပါတယ်။ ဒီနှစ်ဘွန်ဒက်လီဂါမှာ အခုအချိန်အထိ အိမ်ကွင်းနိုင်ပွဲတစ်ပွဲသာရထားတဲ့ ဒမ်စတက်တို့ဟာ ရှော်လ်ကေးကိုဖိအားပေးကစားဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ အဝေးကွင်းဆိုပေမယ့် ရှော်လ်ကေးတို့ပဲ နိုင်ပွဲရလဒ်ကို သိမ်းပိုက်အောင်ပွဲခံပါလိမ့်မယ်။

စတုဂတ်နှင့်ဟမ်းဘတ်

စတုဂတ်တို့က ခြေစွမ်းပုံမှန်ရရှိနေပြီး နိုင်ပွဲတွေလည်းရရှိနေပါတယ်။ ဟမ်းဘတ်တို့က အိမ်ကွင်းထက်အဝေးကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အပြင် အမှတ်ပြည့်ရအောင်လည်း အားထုတ်နိုင်တာမို့ စတုဂတ်တို့ သတိထားရမယ့်ပွဲပါ။ ဒါပေမယ့် ဒီနှစ်သင်းရဲ့နောက်ဆုံးငါးပွဲ တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် နှစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ စတုဂတ်တို့နိုင်ပွဲရဖို့ အခွင့်အရေးများနေပါတယ်။ ။

ဓမ္မာရုံသစ်တည်ဆောက်ရန် အုတ်မြစ်စီအခမ်းအနား ကျင်းပ

နမ့်ခမ်း ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် နမ့်တီးကျေးရွာအနီးရှိ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတောရကျောင်း၌ အလျား ပေ ၉၀၊ အနံ ၇၅ ပေရှိ အာစီနှစ်ထပ် ဓမ္မာရုံသစ်ကြီး ဆောက်လုပ်ရန် အုတ်မြစ်တော်စီအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဟာစည်သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတောရကျောင်း ဆရာတော်နှင့် သံဃာတော်များက ရတနာကြုတ်တော်ကို ထည့်သွင်းပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်(ခွဲ)သာသနာရေးမှူး ဦးမြင့်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများက အုတ်မြစ်များစီခဲ့သည်။

ဓမ္မာရုံသစ်ကြီးကို မဟာစည်သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတောရကျောင်း ဆရာတော်၏ ဩဝါဒကို ခံယူ၍ မန္တလေးမြို့မှ အလှူရှင် ဦးစိုင်းမောင်ထွန်း မိသားစု၏ မတည်လှူဒါန်းငွေ ကျပ်သိန်း ၅၀၀နှင့် ပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၂၂၀၀ ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ညဏ်မင်း

ယာဉ်စည်းကမ်း လမ်းစည်းကမ်းမလိုက်နာသူများအား ဖမ်းဆီးအရေးယူ

မတ္တရာ ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများအား ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဖွဲ့စုံပူးပေါင်းဖမ်းဆီး၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိုင်ကယ်စီးနင်းမောင်းနှင်ရာတွင် ဦးထုပ်မဆောင်းသူများ၊ ယာဉ်နံပါတ်မပါသည့် ဆိုင်ကယ်များ၊ နှစ်ယောက်ထက်ပို၍ စီးသူများအား အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မတ္တရာ)၊ မြို့နယ်ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီတို့ပူးပေါင်း၍ ဖမ်းဆီးကာ အရေးယူခဲ့ခြင်းဖြစ်သည်။ ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်နေသည့် မော်တော်ဆိုင်ကယ်များကိုလည်း ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

နိုးကျော်သူထွေး(မတ္တရာ)

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြည်မြို့၌ကျင်းပ

ပြည် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မူမူတင်က ရှင်းလင်းပြောကြားပြီး ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီးဦးမြဝင်း(မြဝင်း-ဒဿန)က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ပညာပေးဟောပြောသည်။

ပြည်မြို့ရှိ အခြားကျောင်းများ၌လည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားများကို တစ်ရက်တည်းတွင် ကျင်းပခဲ့ပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန်အတွက် ရေစကြိုမြို့တွင် ရေပိုက်လိုင်းများ တိုးချဲ့သွယ်တန်းနေ

ရေစကြို ဇန်နဝါရီ ၂၈

ရေစကြိုမြို့၌ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် တိုးချဲ့ရေပေးဝေနိုင်ရန် ရေပိုက်လိုင်းများ သွယ်တန်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ရေပေးဝေရေးအတွက် တာဝန်ယူဆောင်ရွက်နေသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက "လက်ရှိအခြေအနေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူတွေရဲ့ သောက်သုံးရေလိုအပ်ချက်ကို ၄၀ ရာခိုင်နှုန်းပဲ ဖြည့်ဆည်းပေးနိုင်တဲ့ အနေအထားရှိပါတယ်။ လက်ရှိရေပေးဝေမှုအတိုင်း ပုံမှန်ပေးဝေနိုင်ဖို့နဲ့ နွေရာသီကာလမှာ သောက်သုံးရေ ပြတ်လပ်မှုမရှိအောင် လျှပ်စစ်နဲ့ရေတင်တဲ့ ပွန်တွန်းအပြင် ဒီဇယ်အင်ဂျင်နဲ့ ပွန်တွန်းတစ်ခုကိုလည်း ဆောင်ရွက်ထားပါတယ်။ အဲဒီ ဒီဇယ်အင်ဂျင်ထိုင်ထားတဲ့ ပွန်တွန်းကတစ်ဆင့် ဂါလန် ၂၀၀၀၀ ဆံ့ အနယ်စစ်ကန်ကို ရေတင်ပေးပြီး အမြင့်တင်ရေကန်ကိုတင်ဖို့ ဒီဇယ်အင်ဂျင်ကို ထိုင်ထားပါတယ်။ အကယ်၍ လျှပ်စစ်မီးပြတ်တောက်သွားရင်လည်း ရေပေးဝေမှု ရပ်မသွားအောင် ဒီဇယ်အင်ဂျင်နဲ့ ရေပေးဝေနိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ပြောကြားသည်။

ရေစကြိုမြို့ တိုးချဲ့ရေပေးဝေနိုင်ရန်အတွက် လေးလက်မ ပိုက်လိုင်းသစ်တစ်ခုကို ရေစင်ရှိရာ ကမ်းနားမှ ရွာပိုးရပ်ကွက် မြို့ပတ်လမ်းထိပ်အထိ သွယ်တန်းလျက်ရှိသည်။ ရေပိုက်လိုင်း သွယ်တန်းခြင်းဖြင့် ရွာပိုးရပ်ကွက်နှင့် ဆက်စပ်ရပ်ကွက်များသို့ လာမည့်နွေရာသီတွင် တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့တွင် မြို့နေပြည်သူများအတွက် သောက်ရေဖြန့်ဝေပေးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြို့နေပြည်သူ နှစ်သောင်းကျော်အတွက် သောက်သုံးရေ လိုအပ်ချက်မှာ တစ်ရက်လျှင် ဂါလန် လေးသိန်းကျော်ရှိကြောင်း၊ လက်ရှိ ရေဖြန့်ဝေပေးနိုင်မှုမှာ တစ်ရက်လျှင် ဂါလန် ၁၈၀၀၀၀ ခန့်သာ ရှိနေသေးသောကြောင့် လာမည့်နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန်အတွက် တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

အလက(၁)ပြည် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆင်စုရပ်ကွက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုအတွက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်ကကျင်းပရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးတင်ဦး၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ ခရိုင်ပညာရေးမှူး ဦးခင်မောင်ဝင်းနှင့် ကမ္ဘောဒီးယားသံအမတ် H.E.Mr.Seing Bunvuth တို့က ပန္နက်ရိုက်ပေးကြသည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် တစ်ဖက်တစ်လမ်းမှ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၏ ကူညီထောက်ပံ့မှုဖြင့် ယခုဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်မှာ ၈၆ ကျောင်းမြောက် လှူဒါန်းမှုဖြစ်ပြီး အလျား ၇၂ ပေ၊ အနံပေ ၃၀ ရှိသော အာစီအမျိုးအစားနှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ငွေကျပ်သိန်း ၁၀၀၀ခန့် ကုန်ကျမည် ဖြစ်ကြောင်း သိရသည်။

တင်နိုး(မြန်မာ့အလင်း)

ဂန့်ဂေါမြို့နယ်၌ ရက်ကန်းသမဝါယမအသင်းများဖွဲ့စည်း

ဂန့်ဂေါ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ တစ်ပိုင်တစ်နိုင်ရိုးရာလက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများပါဝင်ဖွဲ့စည်းသော ရက်ကန်းသမဝါယမအသင်းလေးသင်းကို မြို့ပေါ်ရပ်ကွက်တစ်ခုနှင့်ကျေးရွာသုံးရွာတို့တွင် မြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ အမှုဆောင်များပါဝင်သည့်ဖွဲ့စည်းရေးကော်မတီများက ဇန်နဝါရီလ တတိယပတ်က ကွင်းဆင်း၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက်တွင် တောင်ဇလပ်ရက်ကန်းသမဝါယမအသင်းကို အသင်းသား ၅၈ ဦး၊ အမှုဆောင်ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးတို့ဖြင့်လည်းကောင်း၊ ဖျားကျေးရွာတွင် ယောသူမေရက်ကန်း သမဝါယမအသင်းကို အသင်းသား ၅၀၊ အမှုဆောင်ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးဖြင့်လည်းကောင်း၊ ရှုံးရှိကျေးရွာတွင်ရွှေလွန်းပျံရက်ကန်းသမဝါယမအသင်းကို အသင်းသား ၇၀၊ အမှုဆောင်ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးတို့ဖြင့်လည်းကောင်း၊ ပိုဦးကျေးရွာတွင် သရဖူရက်ကန်းသမဝါယမအသင်းလီမိတက်ကို အသင်းသား ၂၆ ဦး၊ အမှုဆောင်ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးတို့ဖြင့်လည်းကောင်းဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

"ကျွန်မတို့ သမဝါယမအသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ တစ်ပိုင်တစ်နိုင် ရိုးရာရက်ကန်းလုပ်ကိုင်သူတွေ စုစည်းပြီး ကုန်ကြမ်းပစ္စည်း ဝယ်ယူတာတွေ၊ ကုန်ချောကို ဈေးကွက်အတွင်း တင်ပို့တဲ့အခါတွေမှာ အဆင်ပြေလွယ်ကူအောင်နဲ့ ရက်ကန်းလုပ်ကိုင်သူတွေကို သင့်တင့်တဲ့အတိုးနှုန်းနဲ့ အသင်းက အရင်းအနှီးချေးငွေထုတ်ချေးနိုင်အောင်ဖွဲ့စည်းတာဖြစ်ပါတယ်" ဟု တောင်ဇလပ်ရက်ကန်းသမဝါယမအသင်းမှ အသင်းဥက္ကဋ္ဌ ဒေါ်ငွေလှိုင်က ပြောကြားသည်။

ယခု ဂန့်ဂေါမြို့နယ်အတွင်း ဖွဲ့စည်းပြီးသော ရက်ကန်းသမဝါယမအသင်းလေးသင်းတို့မှ အသင်းသား စုစုပေါင်း ၂၀၄ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၀၄ သိန်းကို အတိုးနှုန်းငွေကျပ် ၁၀၀ လျှင် တစ်လတစ်ကျပ်ခွဲနှုန်းဖြင့် သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် ထုတ်ချေးပေးရန်ရှိကြောင်း၊ ချေးငွေများကို ခြောက်လလျှင်တစ်ကြိမ် အတိုးအရင်းပေးဆပ်သည့်စနစ်ဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

စိုက်ပျိုးရေးနည်းပညာနှင့် ၂၀၁၆ ခုနှစ် ရာသီဥတုအကြောင်း သိကောင်းစရာများ ဟောပြော

မြစ်သား ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်လုံးဆိုင်ရာ ကလျာဏမိတ္တအသင်းကြီးက စီစဉ်၍ တောင်သူများနှင့် ပြည်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် ၂၀၁၆ ခုနှစ် ရာသီဥတုအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲကို မြစ်သားမြို့ လုပ်သားကြေးမုံခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မြစ်သားမြို့နယ်အတွင်းမှ စိုက်ပျိုးရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများတက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးပညာရှင် ဦးဖရက်သိန်းဖေနှင့် မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်တို့က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် ၂၀၁၆ ခုနှစ်အတွင်း ကြုံတွေ့ရမည့် မိုးလေဝသခန့်မှန်းချက်နှင့် မိုးလေဝသအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြပြီး စိုက်ပျိုးရေးနည်းပညာများနှင့် ပတ်သက်၍ ဦးဖရက်သိန်းဖေကလည်းကောင်း၊ ရာသီဥတုနှင့် ပတ်သက်၍ ဒေါက်တာဦးထွန်းလွင်ကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလားအားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၂၈

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလားအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျိုင်းတုံမြို့မအားကစားကွင်း၌ ဇန်နဝါရီ၂၅ ရက်က ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘီလိယက်ပြိုင်ပွဲ၊ ကြက်တောင်ရိုက် (အလွတ်တန်း)တစ်ဦးချင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တစ်ဦးချင်းနှင့် အသင်းလိုက် ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုပြိုင်ပွဲမှ ရွက်ပုံးသီးအားကစားသမားများ ပေါ်ထွက်လာသည်ကိုတွေ့ရပြီး ရည်မှန်းချက်အောင်မြင်သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ကြောင်း ပြိုင်ပွဲ ကြီးကြပ်သူတစ်ဦးက ပြောကြားသည်။ ဘောလုံးပြိုင်ပွဲများမှာမူ မပြီးဆုံးသေးဘဲ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလတွင်မှ ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ကက်ပီတယ်ဝမ်းဖလားကို အရယူမယ်ဆိုတဲ့ ဂျာဂျင်ကလော့

ကက်ပီတယ်ဝမ်းဖလားကို အရယူသွားဖို့ ဆုံးဖြတ်ထားပြီဖြစ်ကြောင်း လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ဆိုပါတယ်။ လီဗာပူးက စတုတ်တို့ဟာ ဆီမီးဖိုင်နယ်ပွဲအဖြစ် ကစားရာမှာ လီဗာပူးက ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ဒုတိယအကျော့မှာ စတုတ်က ပြန်နိုင်တဲ့အတွက် ပယ်နယ်တီကစားရာမှာ လီဗာပူးက ခြောက်ဂိုး-ငါးဂိုးနဲ့နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်သွားခဲ့ပါတယ်။ လီဗာပူးအတွက် အဆုံးအဖြတ်ဂိုးကိုတော့ ဂျိုးအယ်လ်လဇ်က သွင်းယူသွားခဲ့တာပါ။ လီဗာပူးအသင်းအနေနဲ့ ဗိုလ်လုပွဲမှာ အဲဗာတန်အသင်းနဲ့တွေ့ဆုံဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ အဲဗာတန်အသင်းအနေနဲ့ ဗိုလ်လုပွဲရောက်ဖို့ အလားအလာကောင်းတွေရရှိထားပါတယ်။ ဒီအတွက် လာမယ့်လမှာ ဝင်ဘလေကွင်းမှာကျင်းပတဲ့ ဗိုလ်လုပွဲမှာ အဲဗာတန်နဲ့ ဆုံတွေ့ဖို့ လီဗာပူးနည်းပြက မျှော်လင့်ထားတာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ ကက်ပီတယ်ဝမ်းဖလားကိုအရယူသွားဖို့ ဆုံးဖြတ်ထားပါပြီ။ ရအောင်လည်း ကြိုးစားသွားမှာဖြစ်ပါတယ်လို့ လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ဆိုပါတယ်။

ဘောလုံးသမားခေါ်ယူမှု ပိတ်ပင်ခံရဖွယ်ရှိနေတဲ့ ချယ်လ်ဆီး

ပရီးမီးယားလိဂ်ထိပ်သီးကလပ် ချယ်လ်ဆီးအသင်းအနေနဲ့ အသက်မပြည့်တဲ့ ကစားသမားခေါ်ယူမှုနဲ့ ကစားသမားသစ်ခေါ်ယူမှု ပိတ်ပင်ခံရဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးက ဘာကီနာဖာဆို လူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ ထရော်ရေးကို အသက်မပြည့်ဘဲခေါ်ယူထားမှုနဲ့ပတ်သက်ပြီး ဖီဖာရဲ့အရေးယူမှုကို ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဖီဖာရဲ့စည်းကမ်းချက်များအရ အသက် ၁၈ နှစ်မပြည့်သေးတဲ့ကစားသမားတွေကို ခေါ်ယူခွင့်မရှိပါဘူး။ ချယ်လ်ဆီးအသင်းအနေနဲ့ ထရော်ရေးကို အသက် ၁၈နှစ်မပြည့်ဘဲ ခေါ်ယူခဲ့တယ်လို့ ဆိုပါတယ်။ အာဖရိကကွင်းလယ်ကစားသမား ထရော်ရေးဟာ ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးမှာ ရောက်လာခဲ့တာဖြစ်ပြီး ချယ်လ်ဆီးတာဝန်ရှိသူတွေကတော့ မည်သည့်မှားယွင်းမှုကိုမှ လုပ်ခြင်းမရှိဘူးလို့ဆိုပါတယ်။ ရီးရဲမက်ဒရစ်၊ အတ်သလက်တီကိုနဲ့ ဘာစီလိုနာအသင်းတွေဟာ အသက်မပြည့်တဲ့ ကစားသမားခေါ်ယူမှုနဲ့ ဖီဖာရဲ့ပိတ်ပင်မှုကို ရင်ဆိုင်ခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ဖီဖာက အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့မယ်ဆိုရင် ပိတ်ပင်မှုကို ရင်ဆိုင်ရဖွယ်ရှိပါတယ်။

ဖိအားပေးခံနေရပေမယ့် ရုတ်တရက်ထွက်မှာမဟုတ်ဘူးလို့ဆိုတဲ့ ဗန်ဟားလ်

ရှုံးပွဲတွေကြောင့် ဖိအားပေးခံနေရပေမယ့် ရုတ်တရက်ထွက်ခွာမှာ မဟုတ်ဘူးလို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ ဗန်ဟားလ်ဟာ အိုးထရက်ဖို့ဒ်က ထွက်ခွာဖို့ဖိအားပေးခံနေရတာပါ။ ဒါပေမယ့် ရုတ်တရက်ထွက်ခွာတဲ့အလုပ်ကိုလုပ်မှာမဟုတ်ဘူးလို့ ဒတ်ချ်လူမျိုး ဗန်ဟားလ်က သူ့မိတ်ဆွေတွေကို ပြောဆိုလိုက်ပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ မန်ယူကို အောင်ပွဲတွေ ပြန်လည်ရရှိဖို့ ကြိုးစားနေဆဲဖြစ်တယ်လို့ဆိုပါတယ်။ ဟော်လန်မှာရှိတဲ့ နေအိမ်မှာ သမီးရဲ့မွေးနေ့ပွဲအတွက် နှစ်ရက်ကြာပြန်သွားချိန်မှာ ဝေဖန်မှုတွေ ထွက်ပေါ်ခဲ့ပါတယ်။ "ကျွန်တော့်အနေနဲ့ ဖိအားပေးခံနေရတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ရုတ်တရက်တော့ ထွက်ခွာမှာမဟုတ်ပါဘူး။ ဒီကိစ္စကို အလျင်အမြန်ဆုံးဖြတ်ဖို့ စဉ်းစားမထားပါဘူး"လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ အိမ်ကွင်းမှာ ဆောက်သမ်တန်ကို ရှုံးနိမ့်ပြီးတဲ့နောက် ဗန်ဟားလ်ကို အသင်းမှ ထွက်ခွာဖို့ ဖိအားပေးမှုတွေ တိုးလာခဲ့ပါတယ်။ နှစ်စကတည်းက မန်ယူရဲ့ ရလဒ်တွေဆိုးရွားနေခဲ့တာပါ။ ဒီလိုဖြစ်နေတဲ့အကြောင်းရင်းကတော့ နည်းပြဗန်ဟားလ်ရဲ့နည်းဗျူဟာကြောင့်လို့ ပြောဆိုနေတာလည်း ရှိနေပါတယ်။

ကောင်းမြတ်သူ ➢ စုစည်းသည်

မိတ္ထီလာမြို့မှ ကျောင်းသားများ ဘောလုံးလေ့ကျင့်မှုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လာရောက်အကဲဖြတ်

မိတ္ထီလာ ဇန်နဝါရီ ၂၈

မြန်မာဖီဖာအဖွဲ့ချုပ်၏ အသက် ၁၁ နှစ်အောက် ကလေးငယ်များ သင်ကြားမှု အစီအစဉ် (FIFA 11 For Health) အရ မိတ္ထီလာမြို့ အခြေခံပညာကျောင်း ငါးကျောင်းမှ ကျောင်းသားကျောင်းသူများအား ဘောလုံးနှင့် အားကစား လေ့ကျင့်မှုများ သင်ကြားပို့ချ လေ့ကျင့်ပေးနေမှုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက်တွင် လာရောက်အကဲဖြတ် လေ့လာခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၄၄ ကျောင်းမှ အသက် ၁၁ နှစ်အောက် ကျောင်းသား ကျောင်းသူ ၅၀၄၀ အား မြန်မာဖီဖာအဖွဲ့ချုပ်၏ FIFA 11 For Health သင်ကြားမှု အစီအစဉ်အဖြစ် ဘောလုံး၊ အခြေခံအားကစားနည်းနှင့် ကျန်းမာရေး လေ့ကျင့်ခန်းများကို ပို့ချပေးလျက်ရှိသည်။ အစီအစဉ်တွင် ပါဝင်သော မိတ္ထီလာမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းငါးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇၅ ဦးအား လေ့ကျင့်သင်ကြားပေးနေမှုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက မိတ္ထီလာ အထက (၀) အားကစားကွင်းသို့ လာရောက်အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။

“ကလေးတွေကို ဘောလုံးအခြေခံအားကစားနည်း၊ ဆေးလိပ်ဆေးရွက်ကြီးနဲ့ အရက်ကို ဘာကြောင့်ရှောင်ရှားသင့်တယ် စတဲ့ ကျန်းမာရေးအတွက် ကောင်းမွန်တဲ့လေ့ကျင့်ခန်းတွေကို သရုပ်ပြလေ့ကျင့် သင်ကြားပေးပါတယ်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလကနေ ယခုဇန်နဝါရီလကုန်အထိ သုံးလ လေ့ကျင့်သင်ကြားပေးမှာပါ။ နောက်နှစ်ကျရင် မန္တလေးတိုင်းဒေသကြီးအတွင်းက ၁၁ နှစ်အောက် ကျောင်းသား ကျောင်းသူတွေကိုပဲ ဆက်လက်သင်ကြားပေးသွားမှာပါ။ အဲဒီအခါကျရင်တော့ ကျောင်းအရေးအတွက်နဲ့ ကျောင်းသား ကျောင်းသူအရေးအတွက် ဒီထက်နှစ်ဆလောက် တိုးမြှင့်ဖွင့်လှစ် သင်ကြားပေးမှာဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး မြန်မာဖီဖာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ကျန်းမာပြီး ဉာဏ်ရည်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် FIFA 11 For Health အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကာ အစီအစဉ်တွင်ပါဝင်သည့် ကျောင်းတစ်ကျောင်းစီအတွက် တူညီဝတ်စုံ ၃၅ စုံ၊ ဘောလုံး ၁၀ လုံး စသည့် အထောက်အကူပြုပစ္စည်းများကိုလည်း မြန်မာဖီဖာအဖွဲ့ချုပ်မှ ပံ့ပိုးကူညီပေးအပ်ထားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုနှင့် လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များ ပညာပေးဟောပြော

မိုးကုတ် ဇန်နဝါရီ ၂၈

မိုးကုတ်မြို့ အထက(၃)ကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သိကောင်းစရာများကို မိုးကုတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ဦးစီး၍ ဇန်နဝါရီ ၂၆ ရက်က ပညာပေးဟောပြောသည်။

ဟောပြောပွဲကို မိုးကုတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အမှတ် (၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်နှင့် အမှတ်(၁၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုတို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးနိုင်က သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များကိုလည်းကောင်း၊ လူမှုပတ်ဝန်းကျင်နှင့် အင်တာနက် ကွန်ရက်များမှတစ်ဆင့် လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုဖြစ်စဉ်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ပြီး အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ရဲတပ်ကြပ်ကျော်ကျော်က ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ အကြောင်းအရာများ၊ မော်တော်ယဉ်များကို စည်းကမ်းမဲ့စွာ ရပ်နားမောင်းနှင်နေသည့် မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်းကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုများနှင့်သေဆုံး၊ ဒဏ်ရာရရှိမှုများကို မှတ်တမ်းဓာတ်ပုံများအား ပြသကာ ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

ထို့နောက် အမှတ်(၁၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်သိန်းဌေးက မူးယစ်ဆေးဝါး၏ အန္တရာယ်များအကြောင်းနှင့် အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် လူငယ်လူရွယ်များအနေဖြင့် မသုံးရမနေနိုင်အောင် စွဲလမ်းစေပြီး ဦးနှောက်နှင့် အာရုံကြောကို ထုံထိုင်းစေသည့် မူးယစ်ဆေးဝါးများကို ရှောင်ကြဉ်ကြရေး ပညာပေးဟောပြောခဲ့သည်။

နေဝါ(မိုးကုတ်)

သတင်းတိုများ

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲကျင်းပ

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းအုပ် ဆရာကြီးဦးစိန်သန်းက အမှာစကား ပြောကြားပြီး အလယ်တန်းပြဆရာမ ဒေါ်သိမ့်သိမ့်သွယ်က ပြည်ထောင်စုနေ့ပေါ်ပေါက်လာရခြင်းနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။

ကြာအင်း ဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်ထောင်စုနေ့ အကြို စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကိုလည်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ–ဂျပန်ရိုးရာဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar-Japan Socio-Economic Development Association - Myanmar-JAPAN SEDA)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် မြန်မာ-ဂျပန် ရိုးရာဖျော်ဖြေပွဲအစီအစဉ်နှင့် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ဇန်နဝါရီ ၃၀ ရက်(စနေနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု ကျေးလက်ဖွံ့ဖြိုးရေးခရိုင်ရုံးဖွင့်

သထုံ ဇန်နဝါရီ ၂၈

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးကို ဇန်နဝါရီ ၈ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ခရိုင်ဦးစီးမှူးဦးလှမျိုးဝင်းက ခရိုင်ရုံးဆောက်လုပ်မှုအခြေအနေနှင့် ခရိုင်အတွင်းဆောင်ရွက်ခဲ့သော ကျေး လက်လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရိုင်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကိုရှင်းလင်းပြောကြားသည်။

သထုံ /ကျေး/လက်



စပိန်နိုင်ငံသား ကျပျောက်သည့်ပစ္စည်းများအား ပြန်လည်အပ်နှံ

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေ Power Guest House တွင် တည်းခိုနေထိုင်သည့် စပိန်နိုင်ငံသား Mr. Gonzala သည် ငပလီကမ်းခြေတွင် လမ်းလျှောက်ထွက်စဉ် ၎င်း၏ Samsung Galaxy S3 အမျိုးအစား ဟန်းဆက်တစ်လုံး၊ Visa ကတ်နှစ်ခုနှင့် ထိုင်ဝမ်ဒေါ်လာအချို့ ထည့်ထားသည့် ဖုန်းအိတ်တစ်လုံး ကျပျောက်သွားသဖြင့် ကူညီစုံစမ်းပေးရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု (ငပလီ)သို့ လာရောက်အကြောင်းကြားခဲ့သည်။

အကြောင်းကြားချက်အရ တပ်ဖွဲ့စု (ငပလီ)မှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်း ရှာဖွေနေစဉ် ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ငပလီမြို့ လင်းသာရပ်ကွက်နေ ဦးသန်းဝင်း (၄၅)နှစ်က ပိုင်ရှင်မဲ့တွေ့ရှိထားသည့် Samsung Galaxy S3 အမျိုးအစား ဟန်းဆက်တစ်လုံး၊ ဖုန်းအိတ်ထဲမှ တွေ့ရှိသော Visa ကတ် နှစ်ခု၊ ထိုင်ဝမ်ဒေါ်လာ ၀၀၀ တန် သုံးရွက်နှင့် ESPANA စာတန်းပါ ကတ်တစ်ခုတို့ကို တပ်ဖွဲ့စု(ငပလီ) ရုံးသို့ လာရောက် အပ်နှံသဖြင့် စိစစ်ပြီး စပိန်နိုင်ငံသား Mr. Gonzala ထံ ဦးသန်းဝင်းနှင့်အတူ နံနက် ၁၀ နာရီတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုရဲ

အဘယလာဘ ကမ္ဘာ့ငြိမ်းချမ်းရေး ဗုဒ္ဓရုပ်ပွားတော် ဟိုပန်မြို့၌ တည်ထားကိုးကွယ်မည်

ဟိုပန် ဇန်နဝါရီ ၂၈

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ရဋ္ဌပါလကုန်းတော်ပေါ်၌ အဘယ လာဘ ကမ္ဘာ့ငြိမ်းချမ်းရေး ရုပ်တော်မှု ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူကို တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

ရုပ်တော်မှု ဗုဒ္ဓရုပ်ပွားတော်လေးဆူသည် ဘဏ်တော်အမြင့် ၂၇ ပေစီ ရှိမည်ဖြစ်ပြီး ဒေသအတွင်း တည်ငြိမ်အေးချမ်းရန်၊ လယ်ယာစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်စူး၍ မုဒြာလေးမျိုးဖြင့် တည်ထားမည်ဖြစ်ကြောင်း၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ ဒေသနေပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ထားကိုးကွယ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓရုပ်ပွားတော်များ တည်ထားရန် ပန္နတော်တင်၊ အုတ်မြစ်တော်စိုက်နှင့် ဌာပနာသွင်း မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က တရားတော်များ ဟောကြား တာ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူမိသားစုက ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိများ၊ တာဝန်ရှိသူများက အုတ်မြစ်တော်များစိုက်၊ ရွှေငွေ ရတနာများနှင့် အဖိုးတန်ပစ္စည်းများကို ဌာပနာထည့်သွင်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့၌ မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၈

ဆင်ပေါင်ဝဲမြို့၌ ကလေးခိုးမှု ကောလာဟလသတင်းများ ရှင်းလင်းခြင်းနှင့် မှုခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို အမှတ်(၃) ရပ်ကွက် မူလတန်းကျောင်း၌ ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဆင်ပေါင်ဝဲမြို့မ ရဲစခန်းမှူး ဒုရဲမှူး အေးကိုကိုက အမှာစကားပြောကြားပြီး ရဲအုပ် အောင်စိုးက ကလေးခိုးသည်ဆိုသည့် သတင်းများမှာ ကောလာဟလ သတင်းများသာဖြစ်၍ မိဘပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်ကြောင့်ကြမှုများ မဖြစ်ကြရန် အသေးစိတ်ရှင်းလင်းကာ မှုခင်းများ ကြိုတင်ကာကွယ်ရေးအတွက် သိရှိထားသည့်သော အချက်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြို့မြို့သွယ်၊ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေဝင်းနှင့် ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင် ဦးကျော်ဝင်းတို့က ပြည်သူများ သိသင့်သည့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ ဗဟုသုတများကို ပညာပေးဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ဖမ်းဆီးရမိထားသည့် ဂိမ်းစက်နှင့် လောင်းကစားပစ္စည်းများ မီးရှို့ဖျက်ဆီး

လားရှိုး ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းမှ ဖမ်းဆီးရမိထားသည့် ဂိမ်းစက်များနှင့် လောင်းကစားပစ္စည်းများကို လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၉)ရှိ အမှတ် (၄) နယ်မြေ ရဲစခန်း နောက်ကွင်းပြင်၌ ဇန်နဝါရီ ၂၇ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လားရှိုး မြို့နယ်အတွင်းမှ ဖမ်းဆီးရမိထားသည့် လောင်းကစားပစ္စည်းများ ငါးမန်းဂိမ်းစက် ခြောက်လုံး၊ အကြွေစေ့ထည့်၍ ကစားရသော ဂိမ်းစက် ၁၃၃ လုံး စုစုပေါင်း ၁၃၉ လုံး စုစုပေါင်း ကာလတန်ဖိုး ၄၇၂ သိန်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်၊ မီးရှို့ဖျက်ဆီးရာတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရဲမှူးကြီး အောင်မြတ်မိုးက အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူး၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဂိမ်းစက်များနှင့်လောင်းကစားပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

ဟန်ဌေး(လားရှိုး)

မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) စက်ရုံဝင်းအတွင်းမှ ရာနှုန်းပြည့်ပြီးစီးနေသည့် မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကြီးကို တွေ့ရစဉ်။

အဆင့်မြင့်မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးစက်ရုံ ရာနှုန်းပြည့်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၂၈

ခေတ်မီနည်းပညာဖြင့် မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်သည့် စက်ရုံကြီးသည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်)ဝင်း၌ အသစ်တည်ဆောက်ပြီးစီးတော့မည်ဖြစ်ရာ ထိုစက်ရုံသစ်ကြီးမှ ယခုနှစ်ဖေဖော်ဝါရီလ မှစတင်ကာ တစ်နှစ်လျှင် မြွေဆိပ်ဖြေဆေးပုလင်း အလုံးရေ တစ်သိန်းကျော်ကို ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံ (အင်းစိန်)မှ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးကိုကိုအောင်က ပြောသည်။

"ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရပေါ့။ နိုင်ငံနဲ့အဝန်းတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှ ကျေးလက်ဒေသတွေအထိ တစ်နှစ်ကို မြွေဆိပ်ဖြေဆေးပုလင်း အလုံးရေ ရှစ်သောင်းထုတ်လုပ်နိုင်မှ အားလုံးကို လွှမ်းခြုံနိုင်မယ်ဆိုတာ အခု ဒီစက်ရုံသစ်ကြီး ပြီးရင်တော့ ဆေးပုလင်းအလုံးရေ တစ်သိန်းကျော်ထုတ်လုပ်ပေးနိုင် တော့မှာဖြစ်လို့ အားလုံးကိုလွှမ်းခြုံကျော်လွှားနိုင်ပြီဖြစ်ပါတယ်။ ဒီဆေးက စက်စွမ်းအားနဲ့ ထုတ်လုပ်လို့မရပါဘူး မြင်းတွေ၊ လားတွေ၊ သိုးတွေရဲ့ သွေးရည်ကြည်ကနေ BIO နည်းနဲ့ အဆင့်ဆင့်ထုတ်လုပ်ရတာဖြစ်လို့ ဒီတိရစ္ဆာန်တွေကိုလည်း ကိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုးချဲ့မွေးမြူနေပါတယ်" ဟု စက်ရုံမှူးအထွေထွေမန်နေဂျာ ဦးကိုကိုအောင်က ပြောသည်။

ယခုအခါတွင် ထိုမြွေဆိပ်ဖြေဆေး စက်ရုံအပါဝင် အခြားဆေးဝါးထုတ်လုပ်ရေးစက်ရုံများကို ဧက ၈၀ ကျယ်ဝန်းသော ရန်ကုန်မြို့ အင်းစိန် ဆေးဝါးလုပ်ငန်းစက်ရုံဝင်းအတွင်း၌ တည်ဆောက်နေခြင်းဖြစ်သည်။ စက်မှုဝန်ကြီးဌာန နေပြည်တော်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာကုမ္ပဏီအသီးသီးမှ ကန်ထရိုက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းစတင်ခဲ့သည်။ ယခုနှစ်ဇန်နဝါရီလပိုင်းတွင် မြွေဆိပ်ဖြေဆေးစက်ရုံမှာ တည်ဆောက် ရေးလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စက်ယန္တရားများတပ်ဆင်ကာ စက်ရုံအနေဖြင့် လာမည့်ဖေဖော်ဝါရီလတွင် မြွေဆိပ်ဖြေဆေးများကို စတင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံအတွက်လိုအပ်သော မြင်း၊ လား၊ သိုး တိရစ္ဆာန်များ၏ သွေးရည်ကြည်များကို ရယူနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ၁၀၆ ဒသမ ၈ ဧကတွင် မြင်းစောင်းများ မြင်းလွှတ်ကွင်းများ တိုးချဲ့တည်ဆောက်ကာ မြင်းနှင့်သိုး မွေးမြူရေးစခန်းမှလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးရှိ မြင်းနှင့်လား မွေးမြူရေးစခန်းမှလည်းကောင်း၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရန်ပယ် မြင်းနှင့် သိုး မွေးမြူရေးစခန်းတို့မှလည်းကောင်း လိုအပ်သော BIO Product ဆေးရည်များကို အဆင့်ဆင့်ထုတ်လုပ်ရယူရေးအတွက် မွေးမြူလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စက်ရုံဝင်း၌ မြွေပွေး၊ မြွေဟောက်နှင့်အခြားမြွေအမျိုးမျိုးတို့အား သဘာဝအတိုင်းမွေးမြူထားရှိနိုင်စေရန် မြွေခြံ (Snake Farm) ကို တည်ဆောက်နေပြီဖြစ်ရာ မကြာမီကာလ၌ ပြီးစီးတော့မည်ဖြစ်သည်။ ထိုမြွေခြံသို့ ဆေးတက္ကသိုလ် ကျောင်းသားများနှင့် ဆေးဝါးဆိုင်ရာပညာသင်ကြားနေသူများ လာရောက်လေ့လာနိုင်စေမည်ဖြစ်သည်။ အလားတူ ထိုးဆေးစက်ရုံသစ်ကြီးအား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ဆန်းပိုင်းတွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါတွင် ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ၂၀၁၆ခုနှစ် မတ်လတွင် ရာနှုန်းပြည့်ပြီးစီးကာ အောက်တိုဘာလတွင် ထိုးဆေးများစတင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုတည်ဆောက်လျက်ရှိသော ဆေးပြားတောင့်စက်ရုံအဆောက်အအုံနှင့် ပင်နီစီလင်ဆေးဝါးထုတ်လုပ်ရေး စက်ရုံတို့ကို မတ်လကုန်ပိုင်းတွင် အပြီးတည်ဆောက်ကာ ၂၀၁၇ ဧပြီလတွင် ဆေးများစတင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံ (အင်းစိန်) မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

အကျိုးအမြတ်ရရှိမှု သေချာသောကြောင့် ကျောက်ဆည်မြို့နယ်မှ တောင်သူများ ငွေးတောက်ပင်များကို စီးပွားဖြစ်စိုက်ပျိုးလာ

ကျောက်ဆည် ဇန်နဝါရီ ၂၈

မန္တလေး၊ နေပြည်တော်နှင့် ကျောက်ဆည် ဈေးကွက်များမှ ငွေးတောက်ညွန့်၊ ငွေးတောက်ရွက်များကို ဝယ်ယူမှုများလာသဖြင့် ကျောက်ဆည်မြို့နယ် ရန်ပုံနှစ်ကျေးရွာရှိ ငွေးတောက်စိုက်ခင်းများတွင် ငွေးတောက်ရွက်များကို စိုက်ပျိုးမှုများလာကြောင်း သိရသည်။

ငွေးတောက်ပင်များကို စီးပွားဖြစ်စိုက်ပျိုးလျှင် ဝ ဒသမ ၂၅ ဧက စိုက်ပျိုးပါက ဝ၅ ရက်တစ်ကြိမ် အလုပ်သမ လေးဦးမှ ငါးဦးအထိ အရွက်ခူးရကြောင်း သိရသည်။ တစ်ကြိမ်ခူးလျှင် ၃၅ ပိဿာခန့် ရရှိပြီး ဈေးနှုန်းမှာ ဆောင်းတွင်းကာလတွင် တစ်ပိဿာလျှင် ကျပ်ငါးရာခန့်အထိ ဈေးကျပြီး တန်ခူးလနောက်ပိုင်းတွင် ဖောက်သည်ဈေး ကျပ် ၂၀၀၀ နှုန်းအထိ ရရှိကြောင်း ရန်ပုံနှစ်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ လက်ရှိအချိန်တွင် တစ်ပိဿာလျှင် ကျပ်တစ်ထောင်ခန့်ရရှိနေပြီး ငွေးတောက်ပင် ဝ ဒသမ ၂၅ ဧက နှစ်ကွက်ခန့် စိုက်ပျိုးထားပါက စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်သည်ထက် ပို၍ဝင်ငွေကောင်းကြောင်း၊ တစ်နှစ်ပတ်လုံး ခူးဆွတ်နိုင်သဖြင့် ပုံမှန်အကျိုးအမြတ်ရသောကြောင့် စိုက်ပျိုးသူများလာခြင်းဖြစ်ကြောင်း သိရသည်။

(၁၆၀)

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၈

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၀)အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်မားရေးပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညိုနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကိုသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးအောင်ကိုသန့်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်မားရေးပွဲတော် ကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးစောမင်းခင်က ပြိုင်ပွဲအမျိုးအစားများနှင့် အမှတ်ပေးစည်းမျဉ်းများ၊ ပေးအပ်ချီးမြှင့်မည့် ဆုအမျိုးအစားများကို ရှင်းလင်းပြောကြားကာ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများများကိုကျင်းပခဲ့သည်။ ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပခဲ့ပြီး ဆုရရှိသူများကို ဇန်နဝါရီ ၃၁ ရက်တွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

စက်ရေတွင်းများတူးဖော်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းပို့ချ

ညောင်ဦး ဇန်နဝါရီ ၂၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ စက်ရေတွင်းတူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေစီမံခန့်ခွဲမှု သင်တန်းကို ညောင်ဦးမြို့ အပ္ပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းဇုန်၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ သင်တန်းများ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းအမှတ်စဉ် (၁/၂၀၁၆)ကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ဖွင့်လှစ်၍ ပို့ချနေခြင်းဖြစ်ပြီး သင်တန်းကာလမှာ ၁၆ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် မြေအောက်ရေ ရှာဖွေဖော်ထုတ်ခြင်း၊ စက်ရေတွင်းသစ်များတူးဖော်ခြင်း၊ စက်ရေတွင်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေပေးဝေရေးဘတ်ဂျက်ရေးဆွဲခြင်း၊ ရေလုံခြုံမှုစီမံကိန်း၊ ရေပေးဝေရေး ဒီဇိုင်းများ တွက်ချက်ခြင်း၊ ရေသန့်စင်ခြင်းနည်းပညာများနှင့် ရေအရည်အသွေး စစ်ဆေးခြင်း အစရှိသည့်ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် တွင်းတူးစက်ကြီးများ၊ လေမှုတ်စက်ကြီးများ၊ ပန့်များနှင့် ရေဓာတ်ခွဲခန်းသုံးပစ္စည်းများကို အသုံးပြု၍ စာတွေ့ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ ပထမဆုံးဖွင့်လှစ်သော အမှတ်စဉ်(၁/၂၀၁၆) သင်တန်းသို့ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီးမှ အင်ဂျင်နီယာ သင်တန်းသားလေးဦး၊ မကွေးတိုင်းဒေသကြီးမှလေးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လေးဦး၊ နေပြည်တော်မှ နှစ်ဦး၊ တချင်းပြည်နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်မှ ခြောက်ဦး၊ ချင်းပြည်နယ်မှ နှစ်ဦးတက်ရောက်လျက်ရှိသည်။

စက်ရေတွင်းတူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေစီမံခန့်ခွဲမှုသင်တန်းကို ညောင်ဦးမြို့တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဒုတိယအကြိမ်အဖြစ် သင်တန်းအမှတ်စဉ် (၂/၂၀၁၆) ကို မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံးတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မွေး (ညောင်ဦး)

ချောက်မြို့နယ်၌ UNDP စီမံကိန်းဆောင်ရွက်ရန် ညှိနှိုင်း

ချောက် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ထိခိုက်နိုင်ခြေများအား စီမံဖြေရှင်းနိုင်ရန် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)က မကြာမီစတင်ဆောင်ရွက်တော့မည့် စီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ချောက်မြို့ ရွှေပုံတောင်ဘုရားရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်၌ ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ချောက်မြို့နယ်အတွင်းရှိ စီမံကိန်းဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ပြီး UNDP မှ နိုင်ငံတကာကျွမ်းကျင်ပညာရှင် Mr.Hans Van Noord က Monitoring and Evaluation framework တစ်ခုတည်ဆောက်နိုင်ရန်၊ စီမံကိန်းလုပ်ငန်းများမတိုင်မီ လုပ်နေစဉ်နှင့် ပြီးစီးချိန်များတွင် စောင့်ကြပ်ကြည့်ရှုသုံးသပ်ရန်၊ မူဘောင်ရေးဆွဲရန် ရည်ရွယ်၍ ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းဆက်စပ်ဌာနများက ဆွေးနွေးမှုများပြုလုပ်ပေးကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က မြို့နယ်အတွင်း UNDP စီမံကိန်းဆောင်ရွက်နိုင်ရန်ကျေးရွာများ၏အခြေအနေကို ဆွေးနွေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနများမှ တာဝန်ရှိသူများကလည်း မြို့နယ်တွင်းရှိ ကျေးရွာများ၌ စီမံကိန်းမှ ဆောင်ရွက်နိုင်မည့်အခြေအနေများကို Mr.Hans Van Noord နှင့် UNDP စီမံကိန်းမန်နေဂျာ ဒေါက်တာမြင့်ဝေတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဝင်းအိမွန် (ပြန်/ဆက်)

မြောင်းမြစည်ပင်သာယာဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မြောင်းမြ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်စည်ပင်သာယာရေးပိုင် မြသာယာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၄ရက်က ပြုလုပ်ခဲ့သည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်ထော်လာဂျီယာဉ်သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးလောင်နေစဉ်အချိန်တွင် အပူကာဝတ်စုံ (Heat Protective Suit) ဖြင့် မီးလောင်ပြင်အတွင်း ဝင်ရောက်ကာ ဖြတ်တောက်ရေးကိရိယာ (Hydraulic Cutter) အသုံးပြု၍ ဝင်ရောက်ကယ်ဆယ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ (Water Mist Gun) ဖြင့် ဆီမီးလောင်မှုများကို မီးငြိမ်းသတ်ခြင်းတို့ကိုလက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးဖြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ကော်မတီဝင်များ၊ ဈေးကြီးကြပ်ရေးအဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ဈေးအတွင်း မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲ၊ မီးချိတ်များ၊ မီးသတ်စက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သရုပ်ပြလေ့ကျင့်မှုသည် ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့်လအတွင်းကလည်း မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အောင်မင်း (မြောင်းမြ)

လူကုန်ကူးမှုကာကွယ်ရေး ပညာပေးဟောပြော

မင်းလှ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အထက(ခွဲ) မန်းသံပုရာတန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုကာကွယ်ရေးနှင့် ယာဉ်စည်းကမ်းလိုက်နာရေးအပါအဝင် အထွေထွေအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မင်းလှမြို့မရဲစခန်းမှ ဒုရဲမှူးအောင်စံကျော်က မကွေးတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တလေးခိုးယူခြင်းနှင့်ပတ်သက်၍ ပေါ်ပေါက်နေသော တောလာဟလကြောင့် ပြည်သူများ စိုးရိမ်ထိတ်လန့်နေရသည့် ဖြစ်စဉ်များကိုလည်းကောင်း၊ လူကုန်ကူးမှုဖြစ်ပွားသည့်ဖြစ်စဉ်၊ အကြောင်းအရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး သိရှိထားရမည့် အချက်များကိုလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ အထက(ခွဲ) မန်းသံပုရာတန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကိုသက် (အထက်မင်းလှ)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

မြင်းခြံ ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို ဖြင်းခြံမြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပသည်။

အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘီလီယက်နှင့် ပြေးခုန်ပစ်ပြိုင်ပွဲများပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၊ ဘင်ခရာအဖွဲ့၊ ပန်းပွားအဖွဲ့များက အားကစားကွင်းအတွင်း နေရာယူပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးရာ ဝန်ကြီး ဦးအောင်ဇံက အမှာစကား ပြောကြားသည်။ ထို့နောက် အားကစားပြိုင်ပွဲ အဖွင့်ပွဲအဖြစ် ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ အမှတ်(၁၅) ရပ်ကွက်အသင်းနှင့် စင်ရော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး စင်ရော်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အားကစားပြိုင်ပွဲဖွင့်ပွဲသို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့် သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

မြိတ် ဇန်နဝါရီ ၂၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်သော ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် နန်းတော်ရာကျေးရွာအုပ်စု နန်းတော်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသော သန့်စင်ခန်းများ တည်ဆောက်ပေးခြင်း၊ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ လူထုဗဟိုပြုစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ စသည်ဖြင့် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသောင်းထင်က ငါးသယံဇာတထိန်းသိမ်းရေး၊ ရေချိုရေငန်ငါးမွေးမြူနည်းအကြောင်း၊ ရေချို ရေငန်ငါးလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါက်ထာသန့်စင်လင်းက ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ မွေးမြူရေးနှင့် ဖြစ်ပွားထသော တိရစ္ဆာန်ရောဂါများအကြောင်း၊ ကာကွယ်ဆေးသုံးစွဲနည်းများကိုလည်းကောင်း ကျေးလက်လူငယ်များအား ဟောပြောပို့ချခဲ့သည်။

မြင့်ဦး (မြိတ်)

ကလေးလွှင်ပြင်ဒေသ မြေဆီလွှာပြန်လည်ပြုပြင်ရေး

တင်အောင်ရှိန် (AUAA)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ကလေးလွှင်ပြင်ဆီသို့ ဇန်နဝါရီ ၂၀ ရက်တစတင်၍ ၂၅ ရက်အထိ ကွင်းဆင်းလေ့လာစစ်ဆေးမှုပြုခဲ့ပါသည်။ ထိုကဲ့သို့ ကွင်းဆင်းလေ့လာခဲ့ရာတွင် တွေ့ရှိရသော ကလေးလွှင်ပြင်ရှိ ရှိတ်သိမ်းပြီး စပါးစိုက်ခင်းများနှင့် နေကြာ၊ မြေထောက်ပဲ၊ မြေပဲစိုက်ခင်းများ၊ နွားစားပြောင်း၊ ပဲယင်း၊ စားတော်ပဲစိုက်ခင်းများ စသည်တို့နှင့် ပတ်သက်၍ လေ့လာခဲ့ပါသည်။

တွေ့ရှိချက်များကို စိုက်ပျိုးရေးပညာရှင်တစ်ဦးအနေဖြင့် လေ့လာသိရှိထားမှုများကို စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(AUAA)ကိုယ်စား ရေးရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် အကြံပြုတင်ပြလိုပါသည်။

၂၀၁၅ ခုနှစ်က ကိုမန်မုန်တိုင်းကြောင့် ရေကြီးရေလျှံခဲ့သော ကလေးလွှင်ပြင်မှ မြေဆီလွှာများကို လေ့လာရာတွင် နဂိုမူလမြေပေါ်တွင် လွှမ်းမိုးထားသော မြေထု၏ အတိုင်းအတာပမာဏ မြေလွှာကြီးကို မြင်တွေ့ခဲ့ရပါသည်။ ယင်းမြေလွှာထုကြီးသည် မူလမြေသား (SOIL) ပေါ်တွင် သဲမြေထုနှင့် နုန်းမြေထုများမှာ ၄း၆ပေ၊ ခြောက်ပေခန့် တည်ရှိနေသည်။ ယင်းလွှမ်းမိုးထားသောမြေတွင် ရုပ်ဂုဏ်သတ္တိ၊ ဒြပ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများမှာ လွန်စွာအားနည်းနေပါသည်။

မြေဆီလွှာဆိုသည်မှာ အစားထိုးမရသော သဘာဝအရင်းအနှီးဖြစ်သောကြောင့် အားနည်းနေသော မြေဆီလွှာများကို ပြန်လည်ပြုပြင်မှုများပြုလုပ်ရန် လိုအပ်ပါသည်။ ယခုကဲ့သို့ ဖုံးလွှမ်းသော သဲနုန်းမြေများသည် နုန်းမြေနု (Young Alluvial) တစ်ခုဖြစ်ကာ အာဟာရဓာတ်များစွာချို့တဲ့နေသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ကလေးလွှင်ပြင်ရှိ မြေဆီလွှာများ၏ ကြံ့ခိုင်ရေး၊ မြေဆီမြေနှစ်ပြည့်စုံရေးတို့အတွက် တီထွင်မှုများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ရန် အကြံပြုလိုပါသည်။ ကလေးလွှင်ပြင်တွင် တွေ့မြင်ရသောမြေလွှာများ၏ ဂုဏ်သတ္တိများ ချွတ်ယွင်းနေမှုများကို ဖြည့်ဆည်းပေးရန်အတွက် သဘာဝမြေဩဇာများ (နွားချေးမြေဆွေး၊ ကောက်ရိုး၊ သစ်ရွက်ခြောက်များ)နှင့် ကွင်းထဲရှိ သစ်ဆွေးများကို သဘာဝမီးသွေးမှုန့် (Biochar) ပြုလုပ်ထည့်သွင်း နည်းပညာရပ်ကို ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးပညာရပ်တစ်ခုအဖြစ် လက်တွေ့အသုံးချရန် လိုအပ်နေပါသည်။ ထိုသို့ပြုလုပ်ရင်းဖြင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါသည်။

အဓိက အရေးကြီးသောအချက်အဖြစ် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စပါးအပြီး ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုများကြောင့် သီးနှံပင်များမှ စုပ်ယူသွားသော အာဟာရဓာတ်များကို ပြန်လည်ဖြည့်ဆည်းပေးရန်အတွက် မြေဆီလွှာတွင်လိုအပ်သော ထုံးဓာတ်၊ မြေစေးပါဝင်မှုနှင့် သဘာဝမြေဆွေး (Ca, Clay, OM) သုံးမျိုးတို့ကို ဖန်တီးတီထွင်မှုပြုလုပ်၍ မဖြစ်မနေထည့်သွင်းကြရန်လည်း အကြံပြုတင်ပြချင်ပါသည်။

လုပ်ဆောင်ရမည့်အလုပ်များမှာ အထူးတလည် ပင်ပင်ပန်းပန်းလုပ်ဆောင်ရန်မလိုဘဲ သဘာဝအတိုင်းရှိသောပစ္စည်းများကို အသုံးပြု၍ တောင်သူများကိုယ်တိုင် အလွယ်တကူ ပြုလုပ်နိုင်မည့် နည်းပညာတစ်ရပ်ဖြစ်ပါသည်။ တောင်သူများအနေဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အေးဆေးလွယ်ကူစွာ လုပ်ကိုင်နိုင်မည့် နည်းပညာရပ်တစ်ခုဖြစ်သောကြောင့် လက်တွေ့လုပ်ကိုင်နိုင်လိုသူအားလုံးအတွက် စိုက်ပျိုးရေးပညာပေးအဖြစ် နှိုးဆော်လိုက်ရခြင်းဖြစ်ပါသည်။

ကလေးလွှင်ပြင်ဒေသသို့ ကွင်းဆင်းလေ့လာခဲ့ရာမှ တွေ့ရှိချက်များအပေါ်တွင် အခြေခံကာ တီထွင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံတောင်သူများ ပီပီပြင်ပြင် နားလည်သဘောပေါက်စေရန် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒပြုလျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မကွေး ဇန်နဝါရီ ၂၈

ပွင့်လင်းရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်စည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြမီးငြိမ်းသတ်မှုပြုလုပ်ရာတွင် ပေါက်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် လက်တွေ့ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးကိရိယာများကိုအသုံးပြု၍ ရှာဖွေကယ်ဆယ်မှုသရုပ်ပြခြင်း၊ ရေစုပ်စက်များဖြင့် ရေတင်၍ မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြခဲ့ကြသည်။

လက်တွေ့မီးငြိမ်းသတ် လေ့ကျင့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးစည်ပင်ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး သရုပ်ပြမီးငြိမ်းသတ်မှုပြုလုပ်ရာတွင် တွေ့ရှိရသော အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးက မှာကြားခဲ့သည်။

ပေါက်မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာဈေးကြီး၌သာမက မြို့ပေါ်ရပ်ကွက်များရှိ အရေးပေါ် မီးသတ်ရေကန်များ အားလုံးတွင်လည်း ရေများပြည့်ဝစွာ ဖြည့်သွင်းထားပြီးဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။

ဉာဏ်တိုး (ပေါက်)

မိုးပွင့်အထူးစီမံချက် (အပိုင်း-၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ထားဝယ် ဇန်နဝါရီ ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် Norwegian Refugee Council (NRC) အဖွဲ့နှင့်ပူးပေါင်း၍ လောင်းလုံးမြို့နယ် ဝေဒီကျေးရွာ အလယ်တန်းကျောင်းတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အထူးစီမံချက် (အပိုင်း-၂)ဖြင့် နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဝေဒီကျေးရွာ အလယ်တန်းကျောင်းမှ ကျောင်းသား ၂၈ ဦး၊ ကျောင်းသူ ၃၀ စုစုပေါင်း ၅၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇိုးရွှေသွန်း(ထားဝယ်)

IMPACT Impact Skill Development Center (ISDC)

Four-Skills English Courses

- 12 Students in a classroom.
- Experiencend and qualified local and foreign teachers.
- Well-equipped classrooms with TVs and Laptops.
- Library Facility.
- Free: Career Advice and CV Building Workshops!

Ph: 09- 258577778, 09- 258277779
No. 270,3rd Floor, Anawrahta Road, Corner of 28th Street, Pabaedan Township, Yangon

စိန်ငါးလုံး အမှတ်တံဆိပ် **ဆံပင်ပေါက်ဆေး**

ဆံပင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေး၊ မျက်ခုံးမွေးများ ကျွတ်ခြင်း ပါးခြင်း မသန်ခြင်း မပေါက်ခြင်း၊ ဦးခေါင်းပွခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ နာခေါင်းပိတ်ခြင်း၊ ဆီးကျိတ်ရောင်ခြင်း၊ ဗောက်၊ သန်းယားခြင်းတို့ ဖြစ်လျှင် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး ဆံပင်ပေါက်ဆေးကိုလိမ်းပါ

ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၃၅၇ ၊ ၀၉ ၄၂၁၀၄၀၀၀၅

သုခကမ္ဘာဆေးရုံ

သင်တန်းသားခေါ်ယူခြင်း

၁။ သုခကမ္ဘာဆေးရုံ၏ ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးအကူဝန်ထမ်းများ (ကျား/မ) လိုအပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများအား လုပ်ငန်းခွင်ဝင် (အကြို) သင်တန်း ပို့ချပေးပါမည်။ သင်တန်းကာလမှာ (၃) လ ဖြစ်ပါသည်။

၃။ သင်တန်းအောင်မြင်ပြီးဆုံးပါက ဤဆေးရုံတွင်လည်းကောင်း၊ ကျန်းမာရေး အထောက်အကူပြု လုပ်ငန်းများတွင်လည်းကောင်း၊ အလုပ်အကိုင် ရရှိရေးအတွက် ဆောင်ရွက်ပေးပါမည်။

၄။ အသေးစိတ် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အမှတ်(၆၁၅-၁၁း)၊ မာလာလမ်းသွယ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၀၅၂၀၀၊ ၅၂၆၃၂၉၊ ၅၃၆၅၀၀

သုခကမ္ဘာဆေးရုံ

ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ် ၁၄၀၀၀ ကျပ် 30$

EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ

၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၂၀၀၀ ကျပ် ၁၇၀၀၀ ကျပ်

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ ဟောကြားရာ စံရာ ကျွဲလေးဆူ၊ သံဝေဇနီယလေးဌာန ဖူးကြ အလီလီ၊ အပါယ်လေးပါးလာရ လားရာ လျှော့ပါပြီ"

(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇယိတ သုံးဌာန (အိန္ဒိယ + နီပေါ) Hotel 4 days ➔(၁၀)သိန်း

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇယိတလေးဌာန + နယူးဒေလီ၊တစ်ရုံမဟာ Hotel 6 days ➔(၁၁.၅)သိန်း

သီရိလင်္ကာ စွယ်တော် + မူလဗောဓိပင် + ဘန်ကောက် မြဘုရား (၇)ညအိပ် (၈)ရက်ခရီး ➔(၁၆)သိန်း စရိတ်ငြိမ်း

ဗုဒ္ဓဂယာတွင် ဓါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်၊

နိုင်ငံတော်မှတ်ပုံတင်ထားသော (၆)လအထက် လက်ဝယ်ရှိသူများ၊ အထောက်ပါဖရှူးနှုန်းအတိုင်း ပို့ဆောင်ပေးနေပြီး AI နှင့် MAI Air Bus 320 (ရန်ကုန် - ဂယာ - ရန်ကုန်)

ညဖောင်၊ ခရီးစဉ် လုံးပေးရှိပါ၊ အသက်သာ ဆုံးဈေးနှုန်းဖြင့် ပို့ဆောင်ပေးနေပြီး သတ်မှတ်ထားသောဈေးနှုန်းထက်ပိုမို၍ လုံးဝကောက်ခံခြင်းမရှိပါ၊

နေရာစုံကို ရောက်စည် ဝန်ဆောင်မှုကောင်းကြောင်း အာမခံ ပို့ဆောင်ပေးနေပါသည်။

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD) ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

၁၂ ရက်ခရီး (Feb-22), (Mar-7,21),(April-12)၊ **၁၅ ရက်ခရီး** (Mar-1,15,29),(April-5,12)

အမှတ် - ၂၇၆/ ၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁ - ၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉ - ၅၁၂၀၅၂၉

ခေတ်မီလှပသောနှစ်ထပ်တိုက်သစ်ရောင်းမည်

ရန်ကုန်မြို့နှင့်အနီးတဝိုက်တွင် အဆင့်အတန်းမြင့်မားစွာ (Luxury Classic Home Style) နေထိုင်လိုသူများအတွက်.....

- (100x100) ပတ်လည် မြေကွက်ကျယ်ပေါ်တွင် လူမနေရသေးသော (50x60) RC နှစ်ထပ်တိုက်အသစ်ဖြစ်ပါသည်။
- ရေ၊ မီး၊ ဖုန်း အပြည့်အစုံ အခန်းတိုင်း မီးဆိုင်းများ၊ Wall Lamp များ၊ ကောနစ်၊ ပါကေးခင်းထားသည်။
- ရေချိုးခန်းအိမ်သာတွဲလျက်ပါ Bath Tub အပါအဝင် Master Bed Room (၅)ခန်း
- မီးဖိုချောင်တွင် Locker များ၊ Basin များ၊ Exault Fan များနှင့် အသင့် ချက်ပြုတ်စားသောက်နိုင်သည်။
- ဧည့်ခန်းကျယ်၊ ဘုရားခန်းကျယ်၊ စာကြည့်ခန်း၊ ထမင်းစားခန်း၊ အားကစားပြုလုပ်ရန် အခန်းများ အဆင်သင့်ပါသည်။
- (40x20) ကြည်လင်အေးမြသောရေကူးကန် ပူးတွဲပါရှိသည်။
- ကား(၃)စီးဆန့် ကားပါကင်၊ ဒရိုင်ဘာနှင့် အိမ်အကူများနေထိုင်ရာအခန်း အိမ်သာတွဲလျက်များ ပါရှိပါသည်။
- အိမ်ရှေ့တွင် ဂျပန်မြက်၊ မြက်ခင်းကျယ်နှင့် လှပသောရေတံခွန်၊ အလှပင်များ ပါဝင်သော အသင့် နေနိုင်သည့် VIP ဆိပ်ငြိမ် မြောက်ဒဂုံမြို့နယ် တော်ဝင်အိမ်ရာ တိုက်အသစ်အား ကွန်ဒိုဈေးသာသာဖြင့် ရောင်းချပေးပါမည်။ (ရောင်းဈေး-၈၅၀၀သိန်း)

စုံစမ်းရန်ဖုန်း - ၀၉ - ၅၃၀၅၈၈၄၀

---

21 AD @ BILLBOARD ADVERTISING

ရန်ကုန် (ဆူးလေဘုရားလမ်း/ကမ္ဘာအေးဘုရားလမ်း/ဗိုလ်ချုပ်လမ်းဆောက္ကူရာရှေ့/ပန်းဆိုးတန်းဂုံးတံတား/သမိုင်းလမ်းဆုံ)

မော်လမြိုင် (အောက်လမ်းမကြီးနှင့် သင်္ဂဟလမ်းထောင့်)

ပုသိမ် (ရွှေမုဋ်တောအဝိုင်း/မဟာဗန္ဓုလလမ်းမပေါ် ပုသိမ်တက္ကသိုလ်ဝင်ပေါက်)

မိတ္ထီလာ (ကျောက်ပန်းတောင်းလမ်းမကြီးပေါ် သိဒ္ဓိအောင်လမ်းထောင့်)

ပြည် (ရန်ကုန်ပြည်လမ်းမပေါ် ဈေးဝတီလမ်းထောင့်/နဝဒေးလမ်းဆုံ)

မုံရွာ (နာဒီစင်လမ်းဆုံ)

လားရှိုး (ပြည်ထောင်စုလမ်းမ လမ်းလယ်ကျွန်းမဟာဈူပာထောင့်)

ရန်ကုန် - မန္တလေးအမြန်လမ်း (နေပြည်တော်နားနေစခန်း/၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော် TOLL-GATE)

KING MAKER

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

ဝန်ထမ်းအမြန်အလိုရှိသည်။ (ပြည်တွင်း၌သာခန့်ရန်)

"သုခကမ္ဘာ" ဆေးရုံ တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ **Staff Nurse** ကျား/မ (၃)ဦး

B.N.Sc (သို့) သူနာပြုဒီပလိုမာအောင်မြင်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

၂။ **ဓာတ်ခွဲကျွမ်းကျင်** ကျား/မ (၃)ဦး

B.P.Sc (Medical Technology) (သို့မဟုတ်) ဓာတ်ခွဲကျွမ်းကျင်သူ ဖြစ်ရမည်။

၃။ **Receptionist** မ (၃)ဦး

ဘွဲ့ရ ရုပ်ရည်သန့်ပြန့်သူ၊ အသက်(၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။

၄။ **လျှပ်စစ်ကျွမ်းကျင်သူ** ကျား (၃)ဦး

T.H.S (သို့) လျှပ်စစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

၅။ **ယာဉ်မောင်း** ကျား (၃)ဦး

ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။

၆။ **လုံခြုံရေး** ကျား (၃)ဦး

နေ့/ည မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၇။ **အထွေထွေဝန်ထမ်း** ကျား (၃)ဦး

အသက်(၂၀)နှစ် မှ (၃၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

သုခကမ္ဘာဆေးရုံ

အမှတ်-၆၁၅(အေ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၅၀၀၁၀၀၊ ၅၀၄၅၄၅၊ ၅၂၆၃၂၉၊ ၅၀၅၂၀၀၊ ၅၃၆၅၀၀။

ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

ဖုန်း - ၀၉ - ၈၆၂၃၁၈၈
ဖုန်း - ၀၉ - ၅၀၈၄၁၂၉

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦးအောင်မျိုးလင်း၏သမီး မဝိုးဒါလီလင်း(ခ) မမေရီမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ မဝိုးဒါလီလင်း(ခ) မမေရီမြင့် ၅/ရဘန(နိုင်)၁၉၇၈၇၇

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဖြိုးကို ၅/ရဘန (နိုင်)၁၇၀၀၃၀၏ Passport No. MA 392523 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉ - ၂၁၀၀၀၅၃

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ အမှတ် ၃ ရပ်ကွက်၊ ရဲစခန်းဝင်းနေ မငြိမ်းသူရွှေ၏ ဖခင်အမည်မှန်မှာ ဦးရွှေ(ခ)ဦးမောင်ရွှေ ၅/ကနန(နိုင်)၀၁၄၅၀၄ ဖြစ်ပါသည်။

ဦးရွှေ(ခ)ဦးမောင်ရွှေ

ကျေးဇူးတင်ရှိပါကြောင်း

၂၃-၁-၂၀၁၅ ရက်နေ့(စနေနေ့)တွင် ဆရာဦးသန်းစိန် ကိုယ်ပိုင် အထက်တန်းကျောင်းရှိ စိန်ရတနာခန်းမတွင် ကျင်းပခဲ့သော ၂၀၁၄ - ၁၅ ပညာသင်နှစ်ဆုပေးပွဲအခမ်းအနားနှင့် စုံညီပွဲတော်တွင်ဂုဏ်ပြုရီးမြှင့်စကားပြောကြား၍ဆုများချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ - ဦးတင်အောင်၊ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း နှင့်ဇနီး၊

ကြွရောက်လာကြသော မိဘ/အုပ်ထိန်းသူများ၊ ဧည့်သည်တော်များ၊ ဆရာ/ဆရာမများ နှင့် ကျောင်းသား/သူများ၊ ရွှေဆွဲပြားများ အချိန်မီ ပြုလုပ်ပေးသော တာလီရတနာ ရွှေဆိုင်၊ ဆုကလပ်များ ပြုလုပ်ပေးသော မျိုးမင်းအောင် ဆုတံဆိပ်ဆိုင်၊ မိတ်ကပ် နှင့် ပန်းအလှပြင်ရာတွင် ဝိုင်းဝန်းကူညီပေးသော မိဘများ၊ ဓါတ်ပုံ နှင့် ဗီဒီယို မှတ်တမ်းတင်ပေးသောဦးကြည်လွင်နှင့်အဖွဲ့ ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားအပ်ပါသည်။

တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရှင် (၂၃)ဦးအား ဆုနှင်းသဘင်တွင် (၅)ဘာသာဂုဏ်ထူးရှင်(၁)ဦးစီကို ငွေကျပ်(၁၀)သိန်းစီ၊ (၄)ဘာသာ ဂုဏ်ထူးရှင် နှင့် ကျန်ဂုဏ်ထူးရှင်များကို (၁)ဘာသာ - (၁)သိန်းကျပ်စီ နှင့် ပဉ္စမတန်းမှ နဝမတန်းအထိ ပထမဆု ရရှိသူအားလုံးကို ရွှေစင်ဆွဲပြားနှင့် အခြားထူးချွန်ဆုရ ကျောင်းသား/ကျောင်းသူများကို ထိုက်တန်စွာ ချီးမြှင့်ခဲ့ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/2562၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5358၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ရရှိသည့်
အပိုဆုငွေပမာဏကို
(၁၅)ရက်အတွင်း
အသုံးပြုရပါမည်

ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ	ရရှိမည့် အပိုငွေရာခိုင်နှုန်း	ရရှိမည့် အပိုငွေကျပ်ပမာဏ	ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ	ရရှိမည့် အပိုငွေရာခိုင်နှုန်း	ရရှိမည့် အပိုငွေကျပ်ပမာဏ	ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ	ရရှိမည့် အပိုငွေရာခိုင်နှုန်း	ရရှိမည့် အပိုငွေကျပ်ပမာဏ
၁၀၀၀	၂၀%	၂၀၀	၅၀၀၀	၄၀%	၂၀၀၀	၂၀၀၀၀	၁၀၀%	၂၀၀၀၀
၃၀၀၀	၃၀%	၉၀၀	၁၀၀၀၀	၁၀၀%	၁၀၀၀၀	၃၀၀၀၀	၁၀၀%	၃၀၀၀၀

- GSM/ WCDMA နှင့် CDMA (Prepaid နှင့် Postpaid) သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- ရရှိသည့် အပိုဆောင်းဆုငွေအား ပြည်တွင်းဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ချ်ပို့ခြင်းနှင့် အင်တာနက်အသုံးပြုခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
- GSM/ WCDMA အသုံးပြုသူများအတွက် ခံခြစ်ကတ်၊ E-top up စနစ်၊ Myanmar Mobile Money စနစ် နှင့် ဘဏ်မှတဆင့် ငွေဖြည့်ခြင်း စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA အသုံးပြုသူများအတွက် ခံခြစ်ကတ်ဖြင့် ငွေဖြည့်သွင်းနိုင်ပါသည်။
- ရရှိသည့် အပိုဆုငွေ ပမာဏကို (၁၅) ရက်အတွင်း အသုံးပြုရပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၈-၁-၂၀၁၆ရက်မှ ၁၁-၂-၂၀၁၆ရက် အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါး ထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၂-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၃၁၀၂၇၊ ၀၆၇-၄၃၁၀၄၂တို့သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။ **လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ချီရေရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ် (၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ် (၁၉)၊ နေပြည်တော်

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၊မြေကွက်အမှတ်-၇၃၇/ကမြေကွက်တည်နေရာအမှတ်-၇၃၇/ကဆိုလ်ရှိန်(၂)လမ်း၊ ကုလားကြီးစုကျေးရွာအပိုင်းလှိုင်သာယာမြို့နယ် ဦးလှသန်းအမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးလှသန်းထံမှ အရပ်ကတိအရောင်းအချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သူဒေါ်ခင်သန္တာအေး(၁၄/အဓန(နိုင်)၁၆၃၀၉၃)မှပါမစ်ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာကိုယ်တိုင်ဝန်ခံချက်ရုံးခန်းထောက်ခံစာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာမြို့နယ်စည်ပင်သာယာရေးကော်မတီထောက်ခံချက်တို့ကိုတင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားချပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၇၃၄/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၃၄/ခ)၊ ကျော်သူ ၁၉ လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးပု)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးပု)ကွယ်လွန်သဖြင့် ဒေါ်ခေါင်း (AA-၀၄၆၇၉၅)က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကို တင်ပြပြီး ၎င်း၏ကိုယ်စားကိုယ်စားလှယ်လွှဲစာအမှတ် (၅၂၈၈/၂၀၁၅)ဖြင့် GP ရသူ ဒေါ်တိုးတိုးကျော် ၁၂/မဂတ(နိုင်)၀၆၆၄၆၈ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း နှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ (၄၇၈၈/၂၀၁၅)တင်ပြ၍ ပိုင်ဆိုင်၊ အပိုင်ပေး၊ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၊ မြေကွက်အမှတ် ၂၂၄၊ မြေကွက်တည်နေရာ အမှတ် ၂၂၄၊ သမိန်ဗရမ်းလမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးဝင်းလှိုင် ၉/မမန(နိုင်)၀၁၂၄၄၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား လှိုင်သာယာမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် ၁၁၂/၁၅ဖြင့် မျှိုညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု၏ ၂၂-၁၀-၂၀၁၅ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမအာရီမှုအမှတ် ၈၇/၂၀၁၅ဖြင့် ဘီလစ်ခန့်အပ်ကြောင်း ၁၇-၁၂-၂၀၁၅ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားသည့်စာ၊ နှစ် ၆၀မြေငှားစာချုပ် (ဂရန်) မူရင်းတို့တင်ပြ၍ ဘီလစ်ဒေါ်နော်အောင်သိန်းကြွယ် ၁၂/လသယ(နိုင်)၀၀၂၃၂၂မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

မော်လမြိုင်ပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ မောင်ဇေယျာမင်းသန့်နှင့် တတိယတန်းမှ မောင်ဇေယျာမင်းခန့်တို့၏ မိဘအမည်မှန်မှာ ဦးသိန်းလှထွေး ၆/လလန(နိုင်)၀၇၀၀၁၈နှင့် ဒေါ်နိုင်နိုင်စိုး ၆/လလန(နိုင်) ၀၆၁၃၉၃ ဖြစ်ပါကြောင်း။

ဦးသိန်းလှထွေး-ဒေါ်နိုင်နိုင်စိုး

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊ဆေးရုံ ဒါယိကာမကြီး အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ မဟာစည်သာသနာ့ရိပ်သာ

ဒေါ်မမကြီး

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၅၀စီနေ (ဦးပု-ဒေါ်ဖွား)တို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ (ဦးဌေးအောင်)-ဒေါ်အေးအေးမြင့်တို့၏ မိခင်ကြီး၊ (ဦးသိန်းဇော်ဦး)-ဒေါ်ခင်ကြည်ကြည်ဇော်တို့၏အဘွား၊ ဦးညီညီအောင်-ဒေါက်တာသက်နှင်းအေး၊ ဦးကောင်းခန့်ညီမင်းတို့၏ဘွားဘွား၊ Jia Fu လေး၏ ဘွားဘွားကြီးသည် ၂၇-၁-၂၀၁၆ရက် နံနက် ၈း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်ကြည် (စစ်တောင်း)

Chairman (Ever Loyal Int'L Co.,Ltd)

အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇားဂရာလမ်း၊အမှတ်၂၇၇နေ (ဦးကျော်-ဒေါ်စိန်) တို့၏ သမီး၊ (ဦးစိန်)၏ ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း [လက်ထောက်ကထိက-ငြိမ်း၊ ဓာတုအင်ဂျင်နီယာဌာန၊ RIT, MD(Ever Loyal)]၊ ဦးမောင်မောင်ဦး (Director-Ever Loyal)၊ (ဦးမောင်မောင်နိုင်၊ Director-Ever Loyal)တို့၏ ချစ်လှစွာသော မိခင်၊ မောင်ဟိန်းကိုကိုဦး (IECM, ခေတ္တဂျပန်)၊ မောင်ဟိန်းဇေယျာဦး (G-11, YA)တို့၏ အဘွားသည် ၂၆-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၉း၅၆နာရီတွင် အထက်ပါစမ်းချောင်းမြို့နယ် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးထွန်းလှိုင် (ကော့ပေါက်ကျေးရွာ) (ရွှေပန်းထိမ်ဆရာကြီး)

ဆုံမှတ်ကဖီး

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မိုလ်တထောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ ရာဇာမိရာဇ်အိမ်ရာ၊ အမှတ် ၂၆၁၊ အခန်း(၀၀၁)၊ မြေညီထပ်နေ ဆုံမှတ်ကဖီး မှ (ဦးလှသွင်-ဒေါ်သန်းခင်)တို့၏သား၊ (ဦးအေး)-ဒေါ်ရင်မေတို့၏သားသမက်၊ ဒေါ်လှလှစိန်၏ခင်ပွန်း၊ ကိုအေးကျော်သူ- မဇင်ပြုံး ထူး၊ ကိုမောင်မောင်အုန်းပွင့်-မအေးဇာဇာတို့၏ဖခင်၊ မောင်အေးဇေပိုင်၊ မောင်မင်းသုတ တို့၏အဘိုးသည် ၂၆-၁-၂၀၁၆ရက်၊ (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၃၀-၁-၂၀၁၆ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်)။

ကျန်ရစ်သူမိသားစု

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

(ကြည်း) ၂၇၀၉၀ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန့်

(၂၉-၁-၂၀၁၂) (၂၉-၁-၂၀၁၆) မိသားစုနှင့် ချစ်တပည့်များကိုခွဲခွာ သွားခဲ့သည်မှာ (၄)နှစ်ပြည့်ပြီဖြစ်သော်လည်း မေ့မရခဲ့ပါ။

ပြုခဲ့သမျှ ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါသည်၊

ရောက်ရှိရာမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ပါ။

အမျှ…အမျှ…အမျှ

ချစ်တပည့်များ ဗိုလ်ကြီး နိုင်လင်းအောင်
ဗိုလ်ကြီး ကျော်ကျော်လတ်
ဗိုလ်ကြီး ဇော်အောင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နုနုရည်

အသက် (၆၄)နှစ်

Amazing Holidays Hotels & Resorts ရုံးချုပ်၏ဝန်ထမ်းဖြစ်သူ မခိုင်မိမိဇော်၏မိခင်ကြီး ဒေါ်နုနုရည် အသက် (၆၄) နှစ်သည် ၂၄-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

Chairman, MD, GM နှင့်ဝန်ထမ်းများ

Amazing Holidays Hotels & Resorts

၃၆ နှစ်မြောက်အလွမ်း

အလှူဒါယိကာမကြီး ဒေါ်တင်မြ

တွင်းမရှာ-မြိုင်မြို့နယ်

အသက်(၅၅)နှစ်

(ဦးစိုးမင်း)၏ဇနီး (ဦးကံရ)၏အစ်မ၊ ကျေးဇူးရှင် မေမေ (ခ) အမြဲ သားတို့၊ သမီး တို့နဲ့ ဘယ်လောက်ပင်ဝေးကွာသွားသွား မမေ့နိုင်…

မေမေတွက်ရည်ဇွန်း၍ ပြုလုပ်သမျှသော အလှူဒါနများကို မြင့်မြတ်သောဘုံဌာနမှ အားပါပါနဲ့ သာဓုခေါ်နိုင်ပါစေ…

သား။ ဗိုလ်ကြီးသန်းဆွေ(ငြိမ်း)ကကလုံ၊ ဓာတ်ပုံသန်းဆွေ (မြန်မာနိုင်ငံဓာတ်ပုံ အသင်း) ဒေါ်ခင်စန်းရီ အထပြ အထက (၅)၊ မရမ်းကုန်း။
မဲ့တကက-ကျော်ဆွေ-မရီရီဝင်း လနစ(ဝါဒီ)
(ဦးကျော်ဝင်းထိန်)-မစန်းစန်းအေး (တွင်းမ)

သမီး။ (ဦးမြင့်အေး)-ဒေါ်ခင်မာရီ (တွင်းမ)
ဒေါ်ခင်မာလာ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပညာရေးညွှန်ကြား ရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီး။
ဒေါ်ခင်မာမာ၊ ကျောင်းအုပ်ဆရာမကြီး၊ အထက(ခွဲ)၊ ဓတ္တွဲ-မြို့သစ်မြို့နယ်။
ဒေါ်ခင်ခင်၊ အလပြ အထက (တွင်းမ)

မြေးများ။ မအိအိမွန်(ခ)အိဇေမြတ် (မြို့ပြအင်ဂျင်နီယာ)-ခေတ္တစင်ကာပူ။
ဗိုလ်ကြီးလှိုင်မင်းထက် (လေကြောင်းရန်ကာကွယ်ရေး)
မောင်ပြည့်ဝထွန်း၊ စတုတ္ထနှစ် (စိတ်ပညာ)
မောင်သူရစိုး၊ ဒုတိယနှစ် (ဘူမိ)၊ ဒဂုံတက္ကသိုလ်၊
မောင်စည်သူထွန်း၊ မဟေမာန်နှင်းဖြူ၊ မောင်မျိုးကျော်ကျော်၊ မငြိမ်းဟေမာန်ဆောင်း၊

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၉၆၅၉၇ Zong Shen zs110-60 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှသိန်း ၉/တဆန(နိုင်)၀၇၃၁၉၆၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ပဲ့ထွမြား/တောင်)၊ မြေကွက်အမှတ် (၃၂၆) (၃၀ ×၅၀)စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ် (၃၂၆)၊ နဝရတ်(၃)လမ်း၊ ပဲ့ထွမြား တောင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ (ဦးမြင့်ကြည်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ (၁၅ ×၅၀) စတုရန်းပေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူဒေါ်စန်းအင် ၆/ရဖန(နိုင်) ၀၃၂၀၆၆ နှင့် ကျန်(၁၅ ×၅၀)စတုရန်းပေအား ဝယ်ယူသူ ဒေါ်မြင့်မြင့်ဇော် ၉/မမန(နိုင်) ၀၀၇၆၇၆မှ တင်ပြပါမစ်သည် မိသားစုဓာတ်ပုံ၊ ရွှေပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့သာပါ ရှိပြီး မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းမပါသော ပါမစ်မူရင်းတင်ပြ၍ နှစ် ၆၀ မြေငှား (စာချုပ်) ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

ရဟန်းဒါယကာ ဦးကျော် (မြန်မာ့မီးရထား၊ ငြိမ်း)

နိုင်ငံတော်ပြက္ခဒိန်အကြံပေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန

အသက် (၇၈)နှစ်

၂၂-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးကျော်အား နာမကျန်းစဉ် ဆေးကုသပေးခဲ့သော ဆရာဝန်ကြီးများ၊ ဆေးကုသမှု တာဝန်ယူဆောင်ရွက်ပေးခဲ့သော အရာရှိများ၊ ဆရာ၊ ဆရာမများ၊ ပြုစုဆောင်ရွက်ပေးခဲ့သော မိတ်ဆွေများနှင့် အစစအရာရာကူညီပေးခဲ့ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ လုပ်ဖော်ကိုင်ဖက်များ၊ ဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သတင်းမေးကြသော မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်းများ၊ လွမ်းသူ့ပန်းခြင်းပို့ဆောင်ပေးကြသော ဌာနဆိုင်ရာနှင့် မိတ်ဆွေများအားလုံး တစ်ဦးချင်းစီတိုင်းကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန် ဒါယကာကြီး

ဦးကြူးခင်(ခနောင်တို)

မိုးရေကြောင်းသယ်ယူပို့ဆောင်ရေး

အသက် (၇၅)နှစ်

၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဦးကြူးခင်၏နာရေးကိစ္စအဝဝကိုအစကဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသောဆွေမျိုးများ၊ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အသင်းအဖွဲ့များ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း သတင်း မေးမြန်းအားပေးနှစ်သိမ့်ပေးကြသူများ၊ ပြည်တွင်းပြည်ပမှ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူး အထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်ညွန့်လွင်
အသက်(၈၄)နှစ်

ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဓာတုဗေဒဌာန ဒေါက်တာသဇင်လွင် (ပါမောက္ခ)၏မိခင် ဒေါ်ညွန့်ညွန့်လွင်(ကထိက-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)သည် ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဓာတုဗေဒဌာန ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ

ဓာကြည့်တိုက်မိသားစု
ရန်ကုန်အဝေးသင်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ၊ ငြိမ်း)
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစန်းမောင်(တန့်ဆည်)
မုံရွာမြို့

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်
အသက်(၇၂)နှစ်

ဘားအံမြို့၊ ဗိုလ်ချုပ်လမ်း၊ မင်းတန်းရပ်နေ (ဦးအုန်းသောင်-ဒေါ်ဝင်းကြည်)တို့၏သမီး၊ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာနေ(ဦးထွန်းရင်-ဒေါ်မေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဆက်သွားလမ်း၊ အမှတ် ၅၁၃နေ ဗိုလ်မှူးသာနု(ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဝင်းမော် [အမှတ်(၁)သတ္တုတွင်းထုပ်ပိုး]၊ ဒေါ်ရီရီသန့် (နယ်စပ်ရေးရာဝန်ကြီးဌာန)၊ ဗိုလ်မှူးကျော်ထင်(တပ်မတော်-ရေ)-ဗိုလ်ကြီးခင်ခင်နု(တပ်မတော် အသည်းအထူးကုဆေးရုံကြီး)တို့၏မိခင်၊ မောင်ဉာဏ်ဝင်းထင်(အထက-၅၊ မရမ်းကုန်းမြို့နယ်)၏အဘွားသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမောင်ထွေး (ငြိမ်း)
(ဗသက၊ စစ်ရေးပြဌာနမှူးဟောင်း)
အသက်(၇၁)နှစ်

သူငယ်ချင်း ဦးကြည်စော (ဒုတိယညွှန်ကြားရေးမှူး၊ ဖျာပုံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မီမီမောင်ထွေး (မြဝတီရုပ်/သံ၊ ငြိမ်း)တို့၏ဖခင် ဗိုလ်ကြီးမောင်ထွေး(ငြိမ်း)(ဗသက၊ စစ်ရေးပြဌာနမှူးဟောင်း)သည် ၂၆-၁-၂၀၁၆ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ်(၇၇)မှ
သူငယ်ချင်းများနှင့်မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်ကြည်စိန်
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
မြန်မာစာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်(၁)၊ ၄၂လမ်း၊ ၆၇လမ်းထောင့်နေ ဦးမြမောင် (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ ကျောက်ဆည်တက္ကသိုလ်)၏ဇနီး ဒေါ်ကြည်ကြည်စိန်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ မြန်မာစာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)သည် ၂၇-၁-၂၀၁၆ရက် နံနက် ၇:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆရာကြီးနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ
ကျောက်ဆည်တက္ကသိုလ်တွင်
တာဝန်ထမ်းဆောင်ခဲ့သော သမီးတပည့်များ
ယုယုထွန်း၊ လှလှမြင့်၊ စန္ဒာဝင်း၊
အေးအေးထွန်း၊ ခင်ရျာစု၊ ခင်စန္ဒာတိုး

ဦးသိန်းဝင်း (ဦးဖိုးတုတ်)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ် ၆၇၊ ပထမထပ်နေ (ဦးသန်း)-ဒေါ်ရွှေတို့၏သားကြီး၊ ဦးသန်းလွင်-ဒေါ်ဝင်းဝင်းထွန်း၊ ဒေါ်တင်တင်အေး၊ (ဦးသန်းဆွေ)-ဒေါ်မြင့်မြင့်အေး၊ ဦးတင်ဝင်း-ဒေါ်စိုးစိုးအေး၊ ဦးကျော်စိုး-ဒေါ်နိုင်ချိုချိုသန်းတို့၏အစ်ကိုကြီး၊ တူ၊ တူမ ရစ်ယောက်တို့၏ဘကြီးသည် ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇:၂၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ပြည့်ဖြိုးအောင်
B.A (Philosophy), Dip:in English (T.H.S)
THACOS MARITIME CO.,LTD
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ် ၃၀၇-ဒီ၊တန်သာယာ ၂လမ်း၊ ကြည်စုရပ်ကွက်နေ (ဦးကျော်အေး)-ဒေါ်လှလှအေးတို့၏သား၊ဦးကြည်ထွန်း၊ဦးအောင်မြင့်၊ ဦးစိန်လှ၊ ဦးထွန်းလှ၊ ဦးစံလင်း၊ ဒေါ်ရွှေရွှေဝင်း၊ ဒေါ်တင်တင်လှတို့၏တူ၊ မောင်ထွန်းသော်၊ မောင်ရိုးသီဟတို့၏ညီ၊ မောင်ဖိုးချို၊ မသူဇာဝင်းတို့၏အစ်ကိုသည် ၂၆-၁-၂၀၁၆ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ရှုလ်ဘီ(ခ)ဒေါ်ခင်ရီ
အင်ဂျင်နီယာဌာန၊အဆောက်အအုံ ရန်ကုန်မြို့တော်စည်ပင်
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဆင်မင်းလမ်း၊ အမှတ် ၁၁၄နေ (ဦးမောင်မောင်-ဒေါ်ပုရှူး)တို့၏ သမီး၊ ဦးမြတ်ဝင်း-ဒေါ်တင်မေဝင်း၊ ဦးအေးမောင်-ဒေါ်ကွလ်စွန်ဘီ၊ (ဦးကျော်ညွန့်)-ဒေါ်ကျော့စိန်၊ (ဦးမင်းညို)-ဒေါ်အုန်းခင်၊ ဒေါ်တင်တင်လှ၊ (မစန်းရီ)တို့၏ညီမ၊ ကိုတင်ထွန်း-မခင်ဝင်းကြည်တို့၏အစ်မ၊ မောင်ထူးမြတ်ဦး၊ မမိုးပွင့်ဖြူတို့၏အဒေါ်သည် ၂၆-၁-၂၀၁၆ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးစွန်နီကာဗရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာ ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ မွေ့ရာ ဒါယိကာမကြီး
ဒေါ်ခင်မြင့်(ခ)ကေ့ပိုးကြူး
ဒိုက်ဦး၊ (၃၅၁) ဘီရုံ၊ သိမ်ကြီးဈေး
အသက်(၉၀)

ရန်ကုန်မြို့၊ အနော်ရထာလမ်း၊ အမှတ် ၁၉၅နေ (ဦးချိန်ကျန်-ဒေါ်ငြိမ်းကြည်)တို့၏သမီး၊ (ဒေါ်ကျင်မြိုင်)၊ (ဦးကျင်စိန်-ဒေါ်ဝိုင်းကြည်)၊ (ဒေါ်ကျင်မြ)တို့၏ညီမ၊ လောင်ပင်ကျောင်း-(ဒေါ်ညိုညို)၊ ဦးအောင်မြင့်-ဒေါ်ဖြူဖြူဝင်း၊ ဦးကြီးမြင့်-ဒေါ်အေးမြင့်တို့၏အစ်မ၊ (ဦးခင်မောင်ဝင်း)၏ဇနီး၊ မုံရွာမြို့နေ ဒေါ်မြအေး၏အစ်မ၊ ဦးအောင်ထွေး-ဒေါ်မို့မို့ဝင်း၊ ဒေါက်တာကျော်နိုင်-ဒေါက်တာသီတာဝင်းတို့၏မိခင်၊ မသဇင်အောင်ထွေး၊ မမေစပယ်ကျော်၊ မဆုမြတ်သီတာ၊ မအိရတနာကျော်တို့၏အဘွားသည် ၂၈-၁-၂၀၁၆ရက် မြန်မာစံတော်ချိန် နံနက် ၁:၄၅နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) မြန်မာစံတော်ချိန် နံနက် ၉နာရီတွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်ရွှေ (နတ်မှော်ရွာ၊ ဘီလူးကျွန်း)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ ၅လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက် ၂၇၊ အခန်း ၂၀၄နေ (ဦးငွေထွန်း-ဒေါ်ငွေကြည်)တို့၏သမီး၊ (ဦးပန်းအောင်)၏ဇနီး၊ ဦးအောင်ချိန်ဆန်း(YCDC၊ ငြိမ်း)-ဒေါ်ခင်ခင်ချို (လ/ထညွှန်မှူး၊ ငြိမ်း၊ ဆည်မြောင်း၊ NEPS)၊ ဦးအောင်ထူး (ချမ်းသာ Co.,Ltd.)၊ ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းတင်ထွဋ်-ဒေါ်သီတာအောင် (ဆည်မြောင်း၊ ငြိမ်း)၊ ဦးနိုင်ဆန်း(ခေတ္တ-USA)-ဒေါ်တင်တင်မွန်(ခေတ္တ-USA)၊ ဦးစိုးလွင်(ဆိပ်ကမ်းအရာရှိ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကျောက်ဖြူ) - ဒေါ်ခင်ထွေးဝင်း (အလက-၁၁၊ တာမွေ)တို့၏မိခင်၊ ကိုတင်ကိုကိုအောင်မျိုး (Technical Consultant, Awa Instruments, S'pore) (New Gate Engineering Co.,Ltd.)၊ မပန်းမြင့်မြင့်ဝေဝေ(ခေတ္တ-S'pore)၊ ကိုသီဟအောင်မျိုး(China Shipping)-မဖူးပွင့်နိုင်၊ ကိုဇင်ကိုကိုအောင် (Ben Lines Myanmar Agencies)၊ မယမင်းသော်သော်ထွဋ်(Final Part I, IM 1)၊ မအောင်ကြင်းဖြူ @ Rohana (ခေတ္တ-USA)တို့၏အဘွားသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်လှကျော့စိန် (စစ်တွေ)
အသက်(၈၁)နှစ်

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(လစ-၄၂၀)နေ (ဦးမောင်ထွန်းအောင်-ဒေါ်စံလှဖြူ)တို့၏သမီး၊ (ဦးဖလောင်းဖြူ-ဒေါ်မသာဦး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၁)လမ်း(ယာ)၊ အမှတ် ၂၈နေ ဦးဦးရွှေဖြူ၏ဇနီး၊ ဦးကျော်စိန်-ဒေါ်မလှဝင်း၊ ဒေါ်ကျော့စိန် - ဦးရဲထွန်းခိုင်(ခ)ဦးရွှေတိုး၊ ဒေါ်နိုင်နိုင်-ဦးတင်ကျော် (သစ်တောဦးစီး၊ မြေပုံမြို့)တို့၏မိခင်၊ မခိုင်ငြိမ်းစိုး၊ မခိုင်ငြိမ်းဝင်း၊ မောင်ဘုန်းနိုင်ဦး (MLA)၊ မမေမြတ်နိုးပိုင် (MLA)၊ မောင်ဉာဏ်လင်းထက်(MCCI)၊မအေးသော်တာအောင်တို့၏ အဘောင်ရှင်သည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်ထွန်းညိမ်း(ငြိမ်း)
အသက်(၈၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စိန်ကုန်းရပ်ကွက်နေ (ဦးစံတင်-ဒေါ်ပြည့်)တို့၏သား၊ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ ဦးထွန်းဝေ၊ ဒေါ်သင်းသင်းဦး၊ အရာခံဗိုလ်သန်းမြင့်(ငြိမ်း)-ဒေါ်အေးအေးစိုး၊ ဦးတင်မောင်နိုင်၊ တပ်ကြပ်မျိုးသန့်(ငြိမ်း) - ဒေါ်သင်းသင်းလှ၊ ဗိုလ်ကြီးနိုင်လင်းဦး(ငြိမ်း) (ဦးစီးအရာရှိ၊ ထုံးဘို(၂)ကျောက်ထုတ်စခန်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်သိစုငယ်တို့၏ဖခင်၊ ဦးဇော်ဝင်းထွန်း-ဒေါ်အေးသန္တာဖြူ၊ မောင်မြတ်သူ၊ မအိသန္တာဖြူ၊ မသဲစုနန္ဒာနိုင်၊ မယွန်းနန္ဒာနိုင်၊ မယုနန္ဒာနိုင်၊ မထူးထူးမြတ်၊ မောင်ဇင်မင်းသန့်၊ မောင်မင်းခန့်ကိုတို့၏အဘိုးသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ထုံးဘို(၂)စခန်းနေအိမ်မှထုံးဘိုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်မာစော
(လက်ထောက်မန်နေဂျာ၊ ငြိမ်း)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
(MPT ရုံးချုပ်)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၂လမ်း၊အမှတ် ၈၅၂၊ မြေညီထပ်နေ (ဦးလှတင်)-ဒေါ်စောရင်တို့၏သမီး၊ ဦးကျော်နိုင် (အင်ဂျင်နီယာ)-ဒေါ်မြင့်မြင့်ကြွယ်၊ ဦးဝင်းနိုင် (Strand Hotel)-ဒေါ်ခင်စောထွန်း၊ (ဦးစောနိုင်)-ဒေါ်ခင်အေးမူ၊ ဦးကံလင်း-ဒေါ်ခင်မာတင်တို့၏ အစ်မကြီး၊ ကိုအုပ်စိုးသူ - မဟန်နီဝင်းနိုင် (Daewoo International)၊ ဗိုလ်ကြီးအောင်ငြိမ်းချမ်း - မချောမြရယ်ကျော်၊ မောင်ကေလွင်၊ မောင်ဇင်ဖြိုးဝေ၊ မောင်ဇင်လင်းထိုက်တို့၏ အဒေါ်သည် ၂၇-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၅နာရီတွင်ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [နေအိမ်နှင့် တောင်ဥက္ကလာပ၊ (၁၀)ရပ်ကွက်၊ ၁၀လမ်းမှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကြည်လင် (ထားဝယ်)
တပ်မတော်-ရေ (ငြိမ်း)
အသက်(၇၉)နှစ်

(ဦးဘိုးမြိုင်-ဒေါ်စုရင်)တို့၏သား၊ (ဦးလွန်းစိ - ဒေါ်ထူးရွှေ)တို့၏ သားသမက်၊ စမ်းချောင်းမြို့နယ်၊မြေနုလမ်း၊ အမှတ် ၂၉-B၊ အခန်း ၉နေ (ဒေါ်အုန်းမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်အေးအေးလွင်)၊ ဦးအေးဟန်-ဒေါ်သီသီလွင်(လ/ထညွှန်မှူး၊ DWIR)၊ ဒေါ်နုနုလွင်(သံလွင်ဈေး)၊ ဦးမိုးဦးလွင်-ဒေါ်ပန်းမြင့်၊ (ဦးသန်းရွှေ)-ဒေါ်သီဂီထွေးတို့၏ဖခင်၊ မောင်ထွန်းထွန်းဦး(ခ)ထက်ထက်၊ မောင်ဝံသဟန်လွင်-မဇင်မာထွန်းတို့၏အဘိုးသည်၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစောလွင်(ခ)ဦးတိုးလှ
(ကျိုက်ထော်)
တပ်မတော်မှတ်တမ်းရုံး
အသက်(၈၄)နှစ်

ကျိုက်ထော်မြို့နေ (ဦးဖိုးကွန်း-ဒေါ်လှ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ငြိမ်းငြိမ်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကန်တော်ကလေး ၉၂လမ်း၊ အမှတ် ၁၁၁(ပထမထပ်-B)နေ ဒေါ်သိန်းလှ၏ခင်ပွန်း၊ ဦးအောင်ကိုကို-ဒေါ်နန်းလေးသွယ် (Sydney-Australia)၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ခင်မိမိလွင်(အထက်တန်းပြ၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဖခင်၊ မထက်ထက်အောင်၊ဓာမောင်းရွှေပါသွယ်၊ မောင်နေသီဟအောင်၊မဇေကရီမြတ်ဇော်၊ မဇင်မော်နန်းတင်တို့၏ အဘိုးသည် ၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအေကေမဇွန်းဒါး
ဦးစီးအရာရှိ(ငြိမ်း)၊ ဆောက်လုပ်ရေး
အကြံပေးပုဂ္ဂိုလ်(ကကယာ)
အကြံပေးပုဂ္ဂိုလ်(ပဆဝ)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ် ၁၆၃နေ (DR.J.K Mazumdar-Mrs.Mazumdar)တို့၏သား၊ ဒေါ်ရှုလ်၏ခင်ပွန်း(မောင်အောင်ဇော်ဦး)(မောင်သန့်ဇင်)၊ ဦးမြင့်ထွေး-ဒေါ်ရတနာ၊ ဒေါ်သက်သက်နွယ်တို့၏ဖခင်၊ မောင်အောင်ပြည့်ဖြိုး၏အဘိုးသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ရွှေနေ ဦးခင်မောင်ဝင်း
အသက်(၅၄)နှစ်

ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာအုပ်စု၊ ငြိမ်းချမ်းသာစံကျေးရွာနေ (ဘုရားဒါယကာ ဦးချစ်ဆွေ - ဘုရားဒါယိကာမ ဒေါ်မြသန်း)တို့၏ သား၊ ကသာမြို့နယ်၊ ရပ်ကွက်(၅)နေ ဦးမင်းနိုင်-ဒေါ်ချစ်မြင့်တို့၏ သားသမက်၊ မန္တလေးမြို့နေ ကိုဒိုး-မချောလှလွင်တို့၏အစ်ကို၊ မန္တလေးမြို့၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း ၆၀×၃၄ (စကားဝါလမ်းထောင့်)နေ ဒေါက်တာမေသူနိုင် (ကထိက၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်)၏ ခင်ပွန်းသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး အရိုးပြာအားဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသက်တင်
အငယ်တန်းအင်ဂျင်နီယာ(၁)၊မြို့ပြ
ဆောက်လုပ်ရေးတံတားအထူးအဖွဲ့(၄)
အသက်(၄၉)နှစ်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ အမှတ် ၈၀/၅၊ ဘုရားလမ်းနေ ဦးဝဏ်ကြည် - ဒေါ်ခင်ညိုတို့၏ သားထွေး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်နေ ဦးဝါရီ-ဒေါ်အုန်းသန့်တို့၏ သားသမက်၊ ဦးဝင်းမြင့်(ဦးစီးအရာရှိ၊ မြို့ပြ) ဆောက်လုပ်ရေးတံတားအထူးအဖွဲ့(၄)-ဒေါ်မူမူလှ (စာရင်းကိုင်-၃) ဆောက်လုပ်ရေးတံတားအထူးအဖွဲ့(၄)တို့၏ညီ၊ ဒေါ်ခင်သန်းအေး၏ခင်ပွန်း၊ မောင်ညီမ်းအောင်လင်း၊ မောင်ဝေလျှံကျော်တို့၏ဖခင်သည် ၂၇-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၂၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။[တံတားအထူးအဖွဲ့(၄) ဝန်ထမ်းအိမ်ရာမှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတေဇ
မြို့နယ်သြဝါဒါစရိယ
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ ကမာရွတ်ရွာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇသည် ၂၁-၁-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၆:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)တွင် အန္တိမအဂ္ဂိဈာပန ပူဇောကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ
ကမာရွတ်ရွာမကျောင်းတိုက်၊ လှိုင်မြို့နယ်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကောသလ္လ (မဟာဂန္ဓဝါစကပဏ္ဍိတ)
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

မြိတ်မြို့၊ ကန်ဖျားရပ်၊ ပဒ္မမြားကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်သည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) ၂၅-၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက်) ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဦးကျော်လှိုင်(ဓနုဖြူ)
ဝင်းပိုင်၊ စက်မှု အထက(၁)၊ နတ်မောက်(ဇဟန်း-ငြိမ်း)
အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်နေ(ဦးသိန်းဇေ-ဒေါ်သီလ)တို့၏သား၊ (ဦးဘတင်-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၂၂၆နေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဦးထူးအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း)-ဒေါ်စန်းစန်းလှိုင်၊ အရာခံဗိုလ်ဦးတင့်ဝေ(တပ်မတော်ဆေး/မင်္ဂလာဒုံ)-ဒေါ်စိုးစိုးလှိုင်၊ ဦးဇော်မင်းလှိုင်-ဒေါ်ထွေးထွေးမြင့်(TU-မှော်ဘီ)၊ ဦးဇော်ဝင်းလှိုင်၊ ဦးနေမျိုးလှိုင်၊ ဒေါ်သီတာလှိုင်(TU- မှော်ဘီ)၊ (ဦးမိုးအောင်လှိုင်)-ဒေါ်ညွန့်ညွန့်စန်း၊ ဦးတင်ထွဋ်လှိုင်-ဒေါ်အေးကြည်ဝင်းတို့၏ဖခင်၊ မမေသူလှိုင်၊ မမေသွယ်လှိုင်(မြန်မာ့မီးရထား/နေပြည်တော်)၊ ဗိုလ်ကြီးအောင်ချစ်မင်း(ခမရ-၅၄၀)မြောက်ဦး၊ မဆုရည်ဖြိုး(ME.CM/YTU)၊ မောင်ဟိန်းထက်ဇော်၊ မောင်လွင်မင်းဦးတို့၏အဘိုးသည် ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၃၀နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ ဦးထွန်းမြင့်(ခ)နူးရ်မိုဟာမက် (သထုံမြို့)
ကျောင်းအုပ်ဆရာကြီး(ငြိမ်း)
ရွှေလှေ အထက (ဘီးလင်းမြို့နယ်)
ဇင်းကျိုက် အထက၊ အထက(၃)သထုံမြို့
သိမ်ဈေး အထက၊ အထက(၂)မော်လမြိုင်မြို့
အထက(၂)ရန်ကင်း
အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ စွန်နီမွတ်စလင်မ်ကဗရ်စတာန်ဥယျာဉ်တော်
အသက်(၈၀)

သထုံမြို့နေ (ဦးအီဗရာဟင်-ဒေါ်မတာ)တို့၏သား၊ (ဦးအစ္စမိုင်အင်- ဒေါ်မာပု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ချယ်ရီလမ်း၊ ဝေဘာဂီ၊ အမှတ် ၇/၇၅နေ ဟာဂျီမဒေါ်ခင်သန်းအေး(အထက်တန်းပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးထွန်းထွန်းနိုင်-ဒေါ်နီနီလွင်၊ ဟာဂျီဦးကျော်သူရ-ဟာဂျီမ ဒေါ်အေးအေးခိုင်၊ ဦးဝင်းသူရ၊ ဒေါ်အေးစန္ဒာထွန်း-ဦးသိုက်ထွန်း၊ ဦးညီညီဇော်-ဒေါ်မျိုးဇေရီဝင်း၊ ဒေါ်အေးသန္တာထွန်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေးရစ်ယောက်တို့၏အဘိုးသည် ၂၇-၁-၂၀၁၆ရက် နံနက် ၉:၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ အဆွရ်နာမာစ်အပြီးတွင် ရေဝေးစွန်နီမွတ်စလင်ကဗရ်စတာန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဇော်လင်း အသက်(၇၈)နှစ်
ပ/၂၀၉၉၊ ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ရွာသာကုန်းကျေးရွာနေ(ဦးကြိုင်-ဒေါ်သိန်း)တို့၏သား၊ (ဦးဘခွေး)-ဒေါ်မြရင်တို့၏သားသမက်၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါ်ခင်စော၊ ဦးသန့်ဇော်လင်း-ဒေါ်တင်အုန်းမြင့်၊ ကိုသန့်ဇော်၊ ကိုဝေလင်း-မသရဖီ၊ ကိုကြိုင်ထွန်းဇော်၊ ကိုငြိမ်းဇော်တို့၏ဖခင်၊ မောင်မင်းသန့်၊ မရွှေရည်မြတ်ပွင့်၊ မောင်သစ်လင်းတို့၏အဘိုးသည် ၂၈-၁-၂၀၁၆ရက် နံနက် ၀၀:၃၀နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊မေခလာလမ်း၊ အမှတ် ၈၆၈နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက် ပါတောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

Captain စိုးကျော်ဆန်း
အသက်(၆၀)

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း(ငြိမ်း) (သုခိအောင်)-ဒေါ်ခင်မြမြတို့၏သား၊ ဦးစွမ်းရည်-ဒေါက်တာမိုးမိုးဆန်းတို့၏မောင်၊ (ဦးတိုးကျော်ဆန်း)၏အစ်ကို၊ မရေဝေသန္တ၊ မယုယလီမွှာတို့၏ ဦးလေး၊ မ Ava ၏အဘိုးလေးဖြစ်သူ အမှတ် ၃၊ သမြေရိပ်မွန် ၁၈ဝရက်လမ်း၊သာကေတမြို့နယ်နေ Captain စိုးကျော်ဆန်းသည် ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)ထိုင်းဒေသစံတော်ချိန် ၀၀:၁၂ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဘန်ကောက်မြို့၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းကြေကွဲစွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသက်တင် အသက်(၄၉)နှစ်
အငယ်တန်းအင်ဂျင်နီယာ(၁)၊မြို့ပြ၊ တံတားအထူးအဖွဲ့(၄)၊မန္တလေး

ဒေါ်ခင်သန်းအေး၏ခင်ပွန်း၊ မောင်ညီမ်းအောင်လင်း၊ မောင်ဝေလျှံကျော်တို့၏ဖခင်သည် ၂၇-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)နှင့်
တံတားအထူးအဖွဲ့(၄)၊ ဝန်ထမ်းမိသားစု

အခြေခံလူတန်းစားများနှင့် ကျူးကျော်နေထိုင်သူများအတွက် အငှားအိမ်ရာစီမံကိန်းတည်ဆောက်၊ မကြာမီ နေထိုင်ခွင့်ပြုမည်

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေး ဇန်နဝါရီ ၂၈

ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် ကျူးကျော်နေထိုင်၍ လုပ်ငန်းလုပ်ကိုင်ကာ ဘဝရပ်တည်နေကြသော ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုဘဝလုံခြုံစိတ်ချ အဆင့်မြင့်စွာ နေထိုင်နိုင်စေရေးအတွက် မန္တလေး အောင်မြေသာစံမြို့နယ် ဧရာဝတီမြစ်ကမ်းအနီး မြို့ပတ်လမ်းနှင့် တာရိုးဟောင်းအကြားတွင် အငှားအိမ်ရာများ တည်ဆောက်လျက်ရှိရာ မကြာမီကာလအတွင်း နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

"ဒီပြောင်းရွှေ့လုပ်သားတွေက မြစ်ကမ်းတစ်လျှောက်မှာပဲ စားဝတ်နေရေးအတွက် လုပ်ကိုင်နေထိုင်ကြတာ ဖြစ်တဲ့အတွက် သူတို့လုပ်ငန်းနဲ့နီးတဲ့ ဒီနေရာမှာပဲ နေထိုင်နိုင်အောင် ဆောက်လုပ်ပေးခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် မြစ်ဘေးတစ်လျှောက် သာယာလှပလာမယ်။ ဒုစရိုက်မှုတွေလည်း ကင်းစင်ပပျောက်သွားမယ်။ နောက်ပြီး နိုင်ငံတကာခရီးသွားဧည့်သည်တွေလည်း အများဆုံး လာရောက်လည်ပတ်နေတာမို့

စာမျက်နှာ ၆ ကော်လံ ၄ ❖

ယနေ့ ဖတ်စရာ

ဆွီဒင်နိုင်ငံက ဒုက္ခသည် ၈၀၀၀၀ ကို တိုင်းပြည်အတွင်းမှ နှင်ထုတ်မည်

စာ ၂

ကမ္ဘာ့ရွှေဈေးထက် မြန်မာ့ရွှေဈေးကပို၊ ဈေးကွက်အတွင်း ဝယ်လိုအားကျ၍ ပြန်ရောင်းလိုအား မြင့်မား

စာ ၇

အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ဒုတိယအဆင့်၌ ရန်ကုန်နှင့် ချောင်ဘူရီအသင်းတို့ တွေ့ဆုံ

သတင်း-ညီမြတ်သော်တာ

ရန်ကုန် ဇန်နဝါရီ ၂၀

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၆ ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာကလပ်အသင်းမှာ ယခုရာသီတွင် အကြိုခြေစစ်ပွဲဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး ၂၀၁၅ MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်းမှာ ထိုင်းပရီမီယာလိဂ်ကလပ် ချောင်ဘူရီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံရှိ ချောင်ဘူရီတွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းမှာ ယခုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပါက Play-off အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဂျေလိဂ်ကလပ် FC တိုကျိုအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရထားသော်လည်း ယခုရာသီအစတွင် နည်းပြအပြောင်းအလဲနှင့်အတူ ရလဒ်ပိုင်းဆိုးရွားနေသည့်အသင်းဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲတွင် သုံးပွဲဆက်တိုက်နိုင်ပွဲပျောက်ထားပြီး အမာခံကစားသမားအချို့ဒဏ်ရာရရှိနေရာ အဝေးကွင်းဖြစ်သောကြောင့် ပိုမိုရှုန်းကန်ရဖွယ်ရှိနေသည်။

ထို့ပြင် ရန်ကုန်အသင်းသည် ပြည်တွင်း၌လည်း ပွဲတျပ်များ ဆက်တိုက်ကစားနေရပြီး

စာမျက်နှာ ၁၄ ကော်လံ ၁ ○

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် စိတ်ကြိုက်မြန်မာစာဘာသာရပ် အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

မန်စီးတီးအသင်းအတွက် ဒုတိယအနိုင်ဂိုးကို ဒီဘရိုင်းသွင်းယူစဉ်။

ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲ မန်စီးတီးနှင့်လီဗာပူးတို့တွေ့ဆုံ

သီဟ-ရေးသည်

အင်္ဂလန်ဖလားတစ်လုံးဖြစ်သည့် ကက်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်စီးတီးနှင့် အဲဗာတန်တို့ယှဉ်ပြိုင်ခဲ့ရာ မန်စီးတီးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ဒုတိယအကျော့ ပွဲစဉ်တစ်ပွဲဖြစ်သည့် လီဗာပူးနှင့် စတုတ်စီးတီးတို့ပွဲတွင်လည်း နှစ်ကျော့ပေါင်း တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် လီဗာပူးတို့ အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး မန်စီးတီးနှင့် တွေ့ဆုံမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၄ ■

CLAIMS DAY NOTIC
M.V MALACCA HIGHWAY VOY:NO (12)

Consignees of cargo carried by M.V HALACCA HIGHWAY VOY:NO (12) are here by notified that the vessel will arrive on about 31-1-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTIC
M.V CITY OF MUMBAI VOY:NO (27)

Consignees of cargo carried by M.V CITY OF MUMBAI VOY.NO (27) are here by notified that the vessel will arrive on about 1-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့အလင်း Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

မင်္ဂလာပါတပည့်တို့ -

ဒီကနေ့မှ ချရမှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့်မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ဘာသာရပ် ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာ ဘာသာရပ် ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင်သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ မြန်မာစကားပြေကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနဲ့ မြန်မာပြဇာတ် လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး(၄)ပုဒ် မေးပါမယ်။ အဲဒီမေးခွန်း (၄)ပုဒ်မှာ မြန်မာဝတ္ထုတိုနဲ့ မြန်မာပြဇာတ်တစ်ပုဒ်၊ သံဝရပျို့တစ်ပုဒ်၊ မြန်မာကဗျာဖွဲ့နည်းတစ်ပုဒ်နဲ့ မြန်မာစာပေသမိုင်း တစ်ပုဒ်တို့ ပါဝင်ပါတယ်။ (၃)နာရီမေးခွန်းလွှာဖြစ်ပြီးတော့ မေးခွန်းအပုဒ်တိုင်းမှာ အဝှဒ်ခွဲများ ပါဝင်ပါတယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ(၁၀)ဦးရဲ့ ဝတ္ထုတို(၁၁)ပုဒ်နဲ့ ပြဇာတ်(၃)ပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူ့အကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုနဲ့ဆိုလိုချက်ရောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူ အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။ ဝတ္ထုတိုကို လေ့လာရာမှာ ဒီသဘောတရားတွေကို အခြေခံထားပြီး လေ့လာရမှာ ဖြစ်ပါတယ်။ ဝတ္ထုတိုတွေကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာ ဖြစ်တယ်။

ဝတ္ထုအာဘော်ဆိုတာကတော့ ဝတ္ထုတိုရေးသူရဲ့ ဆိုလိုချက်ပဲ ဖြစ်ပါတယ်။ ဝတ္ထုတိုရေးသူဟာ ဝတ္ထုတိုမှာ မိမိရဲ့ဆိုလိုချက် (အာဘော်)ကို ပေါ်လွင်အောင် ဖော်ပြရပါတယ်။ စာဖတ်သူအနေနဲ့လည်း ဝတ္ထုတိုတစ်ပုဒ် ဖတ်ပြီးသွားတဲ့အခါ ဝတ္ထုတိုရေးဆရာရဲ့ ဆိုလိုချက် (အာဘော်)ကို နားလည်သွားမှ ဖြစ်ပါတယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်း စတဲ့ ဖန်တီးမှုအတတ်ပညာတွေနဲ့ ဇာတ်လမ်းဖန်တီးတာကို ဆိုလိုတာ ဖြစ်တယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာက ဇာတ်လမ်းမှာပါဝင်ရတဲ့ ဇာတ်ဆောင်တွေကို အသက်ဝင်လာအောင်၊ စရိုက်သဘာဝ ထင်ရှားလာအောင် ဖန်တီးရေးဖွဲ့တာကို ဆိုလိုခြင်းဖြစ်တယ်။ ဇာတ်ဆောင်ဖန်တီးရာမှာ ဇာတ်ဆောင်တွေရဲ့ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတို့နဲ့ ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကံသုံးပါးအမူအရာလို့ ဆိုအပ်တဲ့ ကိုယ်နှုတ်နှလုံးအမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝ စတာတွေကို ပေါ်လွင်အောင်ရေးဖွဲ့လေ့ရှိကြတယ်။

နောက်ခံဖန်တီးပုံဆိုတာကတော့ ဇာတ်လမ်းဖြစ်ပျက်ရာ နောက်ခံ အကြောင်းအရာတွေကို ဖန်တီးရေးဖွဲ့ခြင်းဖြစ်တယ်။ ဇာတ်လမ်းအဖြစ်အပျက်ရဲ့ နောက်ခံအကြောင်းအရာတွေကတော့ ခေတ်နောက်ခံ ဒါမှမဟုတ် အချိန်ကာလနောက်ခံ၊ ဒေသနောက်ခံတွေဖြစ်ပြီး ဒီနောက်ခံ အကြောင်းအချက်တွေကို စာရေးသူက ဝတ္ထုတိုရဲ့ ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ပြီး ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

ဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်းကို လေ့လာရာမှာတော့ စာရေးသူရဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာရမှာ ဖြစ်ပါတယ်။ ဝတ္ထုတိုက ပေးတဲ့ ရသနဲ့အသိအမြင်ဆိုတာကတော့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးတဲ့နောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးခံစားရပြီး ဘယ်လိုသင်ခန်းစာ၊ ဘယ်လို ဘဝအသိအမြင်မျိုး ရတယ်ဆိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဝတ္ထုတိုလေ့လာသူတစ်ယောက်အနေနဲ့ ဒီအချက်ကိုလည်း အလေးထား လေ့လာရမှာ ဖြစ်တယ်။

သာဓကအနေနဲ့ အမျိုးသားပညာဝန်ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစိဝတ္ထုတိုကို လေ့လာပြပါမယ်။ ဒီဝတ္ထုတိုကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့ အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်တဲ့အတွက် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်းဆိုတဲ့ စာရေးသူရဲ့အာဘော်ကို တွေ့နိုင်တယ်။ ဒီအာဘော်ကို ပေါ်လွင်စေဖို့အတွက် လူငယ်တစ်ယောက်ရဲ့ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီး ထားတယ်။

ဇာတ်လမ်းပါ အဓိကဇာတ်ဆောင်ဖြစ်တဲ့ မောင်ဘစိရဲ့ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ် တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူ ဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။

ဒီဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်းကို လေ့လာရာမှာတော့ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ ပေါ်လွင်ထိမိတဲ့စကားလုံးတွေနဲ့ ရေးဖွဲ့ထားပုံတွေကို ဖော်ထုတ်လေ့လာရမှာ ဖြစ်ပါတယ်။

ရသနဲ့အသိအမြင်ပိုင်းမှာတော့ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသ ခံစားစေနိုင်ပြီး ရိုးသားတဲ့အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်း စတဲ့ အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ် မေးခွန်း ၁(ခ)ကတော့ မြန်မာပြဇာတ်မေးခွန်း ဖြစ်ပါတယ်။ ပြဇာတ်(၃)ပုဒ်သာ ပြဋ္ဌာန်းထားတဲ့အတွက် ဒီပြဇာတ်(၃)ပုဒ်ကိုပဲ ရှုထောင့်အမျိုးမျိုးနဲ့ မေးမှာဖြစ်ပါတယ်။ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့စာပေမျိုး ဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာလည်း ဝတ္ထုတို လေ့လာတုန်းကလိုပဲ ပြဇာတ်ရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။

သာဓကအနေနဲ့ အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့ စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူရဲ့အာဘော်ကို တွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အချိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါ အရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။

ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထွေသံသရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာ ပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ ထားခြင်း ဖြစ်ပါတယ်။ မူရင်းပျို့စာမှာ စာကိုယ်ပိုဒ်ရေ ၁၈၉ ပိုဒ်၊ နိဂုံးပိုဒ်ရေ ၄ ပိုဒ် စုစုပေါင်း ၁၉၃ ပိုဒ် ပါရှိပေမယ့် ကျောင်းသားများအတွက် အပိုဒ် ၁ မှ ၇၁ ထိကိုပဲ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီ ဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကို ရေးတဲ့အခါမှာ စာဖတ်သူ အလိမ္မာတိုးစရာ အကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာ အနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။ သံဝရပျို့ကို လေ့လာတဲ့အခါမှာလည်း ပျို့နိဒါန်းမှာပါရှိတဲ့ ပျို့လေ့လာနည်းများကို လက်စွဲပြုပြီးတော့ လေ့လာရမှာ ဖြစ်ပါတယ်။ ပျို့ကိုလေ့လာရာမှာ အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်းဆိုပြီး ကဏ္ဍသုံးခုခွဲပြီး လေ့လာသင့်ပါတယ်။

သံဝရပျို့လာအကြောင်းအရာတွေကို နိဒါန်းမှာ ခွဲပြထားပါတယ်။ အကြောင်းအရာ လေ့လာရာမှာ ပထမအဆင့်အနေနှင့် အခန်းအလိုက် ပါဝင်တဲ့ အကြောင်းအရာတွေကို ကဏ္ဍခွဲပြီး လေ့လာသင့်ပါတယ်။ အကြောင်းအရာတွေကို ကဏ္ဍခွဲကြည့်မယ်ဆိုရင်-

(၁) မြတ်စွာဘုရား ဟောရခြင်းအကြောင်း (၂) ခမည်းတော်နှင့် သံဝရမင်းသား ပြောဆိုခန်း (၃)အမတ်ကြီးနှင့်တိုင်ပင်ခန်းများ (ဒီနေရာမှာ အမတ်ကြီးနှင့်တိုင်ပင်ခန်း ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ဆိုပြီးတော့ သုံးကြိမ်ရှိပါတယ်။ သုံးကြိမ်လုံးကို လေ့လာရမှာ ဖြစ်ပါတယ်။) (၄) အမတ်များက နန်းလျာထားရန်တောင်းပန်ခန်း (၅) သံဝရမင်းသား ထီးနန်းရခန်းဆိုပြီးတော့ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာရပါမယ်။ ဇာတ်ဆောင်တွေရဲ့စရိုက်ကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတွေကို လေ့လာဖို့ လိုပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင်သုံးဦးကို တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနှင့် သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်သုံးဦးရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံနဲ့ အရည်အသွေးတွေကို မိမိရဲ့ အရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ ရူပကအလင်္ကာအဖွဲ့တွေ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့အဖွဲ့ကောင်းတွေ၊ စကားပုံတွေ၊ ဆိုရိုးစကားတွေ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်-

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြလျှချင် "ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။

သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံ အောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာ နဖူးပေါ်လက်တင် ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။

ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူအနားကို အလွယ်တကူ ကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့ လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ (၇)ရက် ပုန်းနေလေ့ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူအနားကိုကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့" ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြား ဆိုတာဟာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင် ရေးရပါမယ်။

ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲ ဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး သံဝရပျို့စာသားများကနေ ဆိုရိုးစကားဖြစ်လာတဲ့ အဖွဲ့အနွဲ့တွေအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများ အလွန်ပါပါတယ်။ ပျို့စာသားများ သည်ပင်လျှင် နောင်အခါ ဆိုရိုးများ၊ စကားပုံများ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိတဲ့ ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက် ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥသည်ချောင်" လို့ ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆံချောင်တဲ့ ကြက်ဥဆိုတဲ့အနေနဲ့ တင်စားပြီး သုံးစွဲခြင်းဖြစ်ပါတယ်။

ဒီလိုပဲ "ငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့ရမယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားတွေကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက် စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

အရှင်းဆုံးပြောရရင် အဲဒီအချက်ကို ကြည့်ရုံနဲ့ ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲအပေါ် အသင်းကြီးတွေကအစ ပေါ့ပေါ့ဆဆသဘောမထားကြဘူးဆိုတာ မြင်သာလွန်းတယ်။ ပြောမယ်ဆိုရင် အဆင့်အတန်းရော၊ ခြေစွမ်းနဲ့စုဖွဲ့မှုပါ အတွာကြီးကွာတဲ့ အသင်းငယ်လေးတွေနဲ့ ရင်ဆိုင်ကြရချိန်မှာတောင် လူငယ်တွေနဲ့ အရန်တွေကို ပွဲမထုတ်ရဲကြတဲ့အပြင် အမှားမခံလိုကြတဲ့ အသင်းကြီးတွေရဲ့ ဖြစ်စဉ်နောက်ကွယ်မှာ ခိုင်မာတဲ့အကြောင်းအခြင်းအရာတွေက ရှိကိုရှိတယ်လို့ ဆိုကြတယ်။ အထူးသဖြင့် ဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲမှာ အဲဒီထိပ်တန်းပါဆိုတဲ့ အသင်းကြီးတွေရဲ့ အခြေအနေနဲ့ ဖြစ်တည်မှုတွေကိုပဲ ပြန်ပြီးကြည့်၊ ချယ်လ်ဆီးဆိုရင် လက်ရှိအခြေအနေအရ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဘယ်လိုမှ မဖြစ်နိုင်တော့သလို ယူရိုပါလိဂ်ဝင်ခွင့်ရဖို့တောင်မှ မသေချာဘူး။ ဒီတော့ ဒီအက်ဖ်အေဖလားကသာ ချယ်လ်ဆီးအတွက်

အသက်ကယ်ဆေးသဘောဆောင်တယ်။

ပြောချင်တာက ပရီမီယာလိဂ်ရဲ့ ဥရောပဝင်ခွင့်စည်းမျဉ်းက ပုံမှန်အရ ငါးသင်းသာရှိတယ်။ ထိပ်ဆုံးလေးသင်းက ချန်ပီယံလိဂ်ရမှာဖြစ်ပြီး ယူရိုပါလိဂ်ဝင်ခွင့်ကိုတော့ အဆင့် ၅ တစ်သင်းတည်းသာ ရမှာဖြစ်တယ်။ ထပ်ပြောရရင် အက်ဖ်အေဖလားနဲ့ ကက်ပီတယ်ဝမ်းဖလားတို့မှာ ဗိုလ်စွဲတဲ့အသင်းတွေက အဲဒီထိပ်ဆုံးငါးသင်းထဲမှာ ပါနေမှသာ အဆင့် ၆ နဲ့ အဆင့် ၇ နေရာကအသင်းတွေက ယူရိုပါလိဂ်ရကြမှာဆိုတော့။ အရှင်းဆုံးပြောရရင် ပရီမီယာလိဂ်မှာ အဆင့် ၆ နဲ့ ၇ ရရင်တောင်မှ ဥရောပဝင်ခွင့်ရဖို့ မသေချာဘူးဆိုတော့။ အဲဒီမှာ လက်ရှိထိပ်ဆုံးငါးသင်းစာရင်းပေါက်ဖို့ ရုန်းကန်နေရတဲ့ အသင်းကြီးတွေ၊ မသေချာတဲ့အသင်းကြီးတိုင်းရဲ့ အဓိကဦးတည်ရာဟာ ဒီအက်ဖ်အေဖလားပြိုင်ပွဲအပေါ် ဦးတည်သက်ရောက်ကုန်ကြတယ်။

တခြားမကြည့်နဲ့ မန်ယူရဲ့ပကတိအရှိတရားကိုပဲကြည့်။ ပရီမီယာလိဂ်မှာ အဆင့် ၅ နေရာရောက်နေပြီး ထိပ်ဆုံးက အာဆင်နယ်နဲ့ ခုနစ်မှတ်ကွာနေတယ်။ ၁၆ ပွဲကစားဖို့ကျန်ချိန်မှာ ခုနစ်မှတ်သာကွာဟခြင်းဟာ သချာသဘောအရ ချန်ပီယံဖြစ်ဖို့အထိ မျှော်မှန်းနိုင်တယ်ဆိုသော်ငြား လက်ရှိအချိန်မှာ မန်ယူဆိုတာက ပွဲတစ်ပွဲနိုင်ဖို့တောင်မှ ခက်ခက်ခဲခဲရုန်းကန်နေရတဲ့ အသင်းဖြစ်သလို အဲဒီလိုအခြေအနေအရ အောင်မြင်မှုရဖို့ အသာထား ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖို့တောင်မှ မသေချာဘူး။ ပြီးတော့ မန်ယူဟာ အောင်မြင်မှုမဲ့လာတာ ဘောလုံးရာသီသုံးခုရှိပြီ။ အဲဒီလိုအခြေအနေမှာ အောင်မြင်မှုတစ်ခုပြန်ရဖို့ လိုသလို ဗန်ဟားလ်အနေနဲ့လည်း သူသုံးခဲ့တဲ့ငွေ၊ သူ့ရဲ့အဆင့်အတန်းနဲ့ ဂုဏ်သိက္ခာအတွက် အောင်မြင်မှုတစ်ခုရယူပေးဖို့ပါ အရေးပါတယ်ဆိုတော့ မန်ယူလိုအသင်းအတွက်တောင်မှ အက်ဖ်အေဖလားက သိပ်အရေးပါလာသလို ဆိုခဲ့ပြီးတဲ့အတိုင်း ထိပ်ဆုံးငါးသင်းစာရင်းဝင်ဖို့တောင် မလွယ်တဲ့ ချယ်လ်ဆီးအတွက်လည်း အက်ဖ်အေဖလားက အသက်ကယ်ဆေးသဘောဆောင်ပါတယ်လို့ ကောက်ချက်ဆွဲထောက်ပြကြတယ်။

ပြောမယ်ဆိုရင် အက်ဖ်အေဖလားဆိုတာက ဂုဏ်သိက္ခာအရလည်း အဆင့်အတန်းရှိတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ဒီပွဲမှာအောင်ပွဲရတဲ့ အသင်းကလည်း အောင်မြင်မှုတစ်ခုအပြင် ဥရောပဝင်ခွင့်တစ်နေရာပါ ရမှာဆိုတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်တယ်။ ဒီတော့ အဲဒီအချက်နဲ့ လက်ရှိ ပရီမီယာလိဂ်အသင်းကြီးတွေရဲ့ မန်နေဂျာတွေ ကြုံတွေ့နေရတဲ့ဖိအားနဲ့ စောင့်ကြည့်ခံစားရမှုတွေနဲ့ ချိန်ဆကြည့်ရင် ဒီအက်ဖ်အေဖလားဟာ အသင်းကြီးတိုင်းအတွက် ပိုပြီး အာရုံစိုက်စရာဖြစ်နေတာ ထင်ရှားတယ်။ အထူးသဖြင့် အခုကာလမှာ မော်ရင်ညိုက တလပ်လက်မဲ့၊ ဂွာဒီယိုလာက ရာသီကုန်တာနဲ့ဘိုင်ယန်ကထွက်မယ်။ ဒီတော့ အဲဒီလို ခေါ်ယူရရှိနိုင်တဲ့ ထိပ်တန်းမန်နေဂျာတွေ ရှိနေခြင်းဟာ အင်္ဂလန်ထိပ်တန်းအသင်းကြီးတွေရဲ့ မန်နေဂျာအတွက် ဖိအားပိုပြင်းသလို သူတို့ရဲ့ ဂုဏ်သိက္ခာ၊ သူတို့ရဲ့နေရာနဲ့ ရပ်တည်မှုအတွက် အဓိကကျသထက်ကျလာတယ်။

ပြောရရင် မန်စီးတီး မန်နေဂျာ ပယ်လီဂရီနီဆိုရင် သူ့အနာဂတ်က ဘယ်လိုမှမခိုင်မာဘူး။ သူကိုင်တွယ်ခဲ့တဲ့ကာလအတွင်းမှာ မန်စီးတီးကို ကျေနပ်လောက်တဲ့အောင်မြင်မှု ယူမပေးနိုင်သလို မနှစ်ကလည်း ဖလားလက်မဲ့ဖြစ်တယ်။ ဒီနှစ်လည်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ မသေချာသလို ကက်ပီတယ်ဝမ်းဖလားမှာလည်း ဆီမီးရောက်နေတယ်ဆိုသော်ငြား ပထမအကျော့မှာ ရှုံးပွဲကြုံထားလို့ ဗိုလ်လုပွဲတက်နိုင်ဖို့တောင် မသေချာဘူး။ ဒီတော့ ပယ်လီဂရီနီအတွက်ကလည်း အက်ဖ်အေဖလားက ပစ်ပယ်လို့မရတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်နေသလို ဂျာဂျင်ကလော့အတွက်လည်း သူပထမဆုံးကိုင်တွယ်တဲ့ရာသီမှာ အောင်မြင်မှုတစ်ခုနဲ့ ဥရောပဝင်ခွင့်ရဖို့ အက်ဖ်အေဖလားက လျစ်လျူရှုလို့မရတဲ့ ပြိုင်ပွဲတစ်ရပ်လိုဖြစ်လာတယ်။

ဒီတော့ လာမယ့်ဇန်နဝါရီ ၃၀ နဲ့ ၃၁ ရက်နေ့တွေမှာ ကျင်းပမယ့် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်တွေနဲ့ ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။ သေချာတာက ဒီနှစ် အက်ဖ်အေဖလားပြိုင်ပွဲဟာ အရင်နှစ်တွေကထက် အသင်းကြီးတွေရဲ့အာရုံစိုက်မှုကို ခံနေရတယ်ဆိုတာပဲဖြစ်တယ်။ ပြီးတော့ ပြိုင်ပွဲကောင်းတစ်ပွဲ ဖြစ်ဖို့ဆိုတာကလည်း ပြိုင်ပွဲဝင်အသင်းတွေရဲ့ အဲဒီပြိုင်ပွဲအပေါ်ထားတဲ့ စိတ်ပိုင်းဖြတ်မှုကလည်း အရေးပါတယ်။ ဒါ့အပြင် အသင်းငယ်တွေဆိုတာကလည်း ဒီအက်ဖ်အေဖလားမှာ တင်းခံကစားတတ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဆင့်တက်လေ၊ ဝင်ငွေတိုးလေဖြစ်တဲ့အပြင် အသင်းငယ်လေးတွေက ကစားသမားတွေဟာလည်း အဲဒီပြိုင်ပွဲမှာ ခြေစွမ်းပြတာ အသင်းကြီးတွေကိုဆွဲဆောင်ဖို့ ကြိုးစားတတ်ကြတော့။ တတိယအဆင့်မှာတုန်းကတောင် မန်ယူက ရှက်ဖီးလ်ကို ခက်ခက်ခဲခဲရင်ဆိုင်အနိုင်ရခဲ့သလို လီဗာပူးဆိုရင်လည်း အိတ်ထရာကို တစ်ပွဲတည်းနဲ့တောင်မနိုင်တဲ့အခါ။ သေချာတာကတော့ ဒီနှစ်အက်ဖ်အေဖလားဟာ အာရုံစူးစိုက်မှုများပြားခြင်းနဲ့အတူ အရင်ကထက် ပိုမိုဆွဲဆောင်အားကောင်းနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။

ရာထူးမှနုတ်ထွက်ရန် မန်ယူအသင်းမန်နေဂျာ ဗန်ဟားလ် ကမ်းလှမ်းခဲ့ခြင်းမရှိ

ပြီးခဲ့သည့် ဇန်နဝါရီ ၂၃ ရက်တွင် မန်ယူအသင်းက အိမ်ကွင်းအိုးလ်ထရက်ဖို့ဒ်၌ ဆောက်သမ်တန်အသင်းကို ၁-၀ ဖြင့် အရေးနိမ့်ခဲ့သော ပရီမီယာလိဂ်ပွဲအပြီးတွင် မန်ယူမန်နေဂျာ ဗန်ဟားလ်သည် ရာထူးမှနုတ်ထွက်ရန် အသင်းတာဝန်ရှိသူများထံ တင်ပြ တောင်းဆိုမှုမရှိကြောင်း မန်ယူအသင်းနှင့် နီးစပ်သူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောဆိုခဲ့သည်။

ဆောက်သမ်တန်နှင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ရပြီးနောက် မန်ယူအသင်းပရိသတ်များက မန်ယူကစားသမားများနှင့် မန်နေဂျာ ဗန်ဟားလ်တို့ကို အော်ဟစ်လှောင်ပြောင်မှုများ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း မန်ယူအသင်း ဒုတိယအမှုဆောင်အရာရှိ အက်ဝုဒ်ဝက်က မန်နေဂျာ ဗန်ဟားလ်အား မန်ယူမန်နေဂျာအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ပြောဆိုခဲ့ပြီး မန်ယူမန်နေဂျာအနာဂတ်အတွက် ဆုံးဖြတ်ချက်မချမီတွင် မိသားစုနှင့်တိုင်ပင်ရန် အကြံပြုခဲ့သည်ဟု ဗြိတိသျှမီဒီယာ တစ်ခုတွင်လည်း ဖော်ပြခဲ့သည်။ မန်နေဂျာ ဗန်ဟားလ်သည် ဆောက်သမ်တန်နှင့်ပွဲအပြီးတွင် ဇာတိနိုင်ငံဖြစ်သည့် ဟော်လန်သို့ ပြန်သွားခဲ့သော်လည်း အဆိုပါ ခရီးသည် သမီးဖြစ်သူ၏ မွေးနေ့ပွဲကို တက်ရောက်ရန် သွားရောက်ခြင်းသာဖြစ်ပြီး ပြီးခဲ့သည့် အင်္ဂါနေ့တွင် မန်နေဂျာ ဗန်ဟားလ်သည် မန်ယူအသင်း၏ လေ့ကျင့်ကွင်းဖြစ်သော ကာရင်တန်ကွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

မန်နေဂျာ ဗန်ဟားလ်က ဆောက်သမ်တန်နှင့်ပွဲအပြီးတွင် သူ့အနေဖြင့် မန်ယူပရိသတ်များ၏ လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသောကြောင့် စိတ်ပျက်မိကြောင်း ဝန်ခံပြောဆိုခဲ့သည်။ သို့သော်လည်း ဗန်ဟားလ်က သူ့အနေဖြင့် မန်ယူအသင်းမန်နေဂျာ ရာထူးမှ နုတ်ထွက်ရန် ရည်ရွယ်ထားခြင်းမရှိကြောင်း သူ၏ ရင်းနှီးသည့် မိတ်ဆွေအချို့ကို ပြောဆိုခဲ့သည်ဟု သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။

အခြားသတင်းတစ်ပုဒ်အရ မန်ယူအသင်းသည် ချယ်လ်ဆီးအသင်း မန်နေဂျာဟောင်း မော်ရင်ညိုအား ဗန်ဟားလ်၏နေရာတွင် အစားထိုးခန့်အပ်သွားရန် သဘောတူညီမှုရရှိထားပြီဖြစ်သည် ဟုဆိုသည်။ သို့သော်လည်း မန်ယူအသင်းတာဝန်ရှိသူများအနေဖြင့် မော်ရင်ညိုအား မည်သည့်အချိန်တွင် ဗန်ဟားလ်၏နေရာ၌ အစားထိုးမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း အဆိုပါ သတင်းတွင် ဆက်လက်ရေးသားထားသည်။

မန်ယူအသင်းနှင့် မန်နေဂျာ ဗန်ဟားလ်တို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၁၇ ခုနှစ် မေလတွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

အောင်က

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

မြီးတိုလေးတို့နေတဲ့ရွာ

မကျန်ရွာကို ရောက်လျှင်ရောက်ချင်း တော့ သူတို့လေးတွေက မြင်ကွင်းထဲသို့ ရောက်မလာကြသေး။ မကျန်သည် လဟယ် မြို့မှ မြောက်မိုင်သာသာခန့်သာဝေးပါသည်။ အိမ်ခြေ ၁၀၀ စွန်းစွန်းလေးရှိ၏။ ခေတ်မီ သော မြန်မာပေါ်စကို သွပ်ကို မိုးထားသလား၊ ဒါမှမဟုတ် အခြားအမျိုးအစားထားတော့ မသိ။ တစ်ရွာလုံးမှာ နှစ်အိမ်လောက်သာရှိ သော သွပ်မိုးအိမ်၊ ကျန်တာတွေကတော့ ရှေးရိုးစဉ်လာမပျက် ဝင်ပေါက်တစ်ပေါက်၊ နောက်ဖေးထွက်ပေါက် တစ်ပေါက်နှင့် မလွယ် ပေါက် တစ်ပေါက်သာရှိသော အိမ်ကလေး များ။ အိမ်ကလေးများဟု ကျွန်တော်ပြော လိုက်မိသော်ငြား အချို့အိမ်ကိုတော့ အိမ်ကြီး များဟု ပြောရပေမည်။ အတူနေထိုင်ကြသော မိသားစုနှင့်လူဦးရေများပြားပြီး အိမ်ကလည်း ရှည်ရှည်ကြီး ဖြစ်နေသောကြောင့်ပင်။ ကျွန်တော့်တပည့် နာဂတိုင်းရင်းသားလေး ငီးလာကဲ၏ ပြောစကားအရဆိုလျှင် ရမ်စီး ဘက်က ရွာတွေမှာ မိသားစုဝင် ၁၀၀ ကျော် ပင် စုပေါင်းနေထိုင်ကြသည်ဟူ၏။

မကျန်ရွာသည် လဟယ်-ဒုံဟီးမှတစ်ဆင့် နန်းယွန်း၊ ထိုမှပန်ဆောင် အိန္ဒိယနယ်စပ်ထိ ဆက်သွယ်သွားလာနိုင်ပါသည်။ လဟယ်-ဒုံဟီး-နန်းယွန်း-ပန်ဆောင်လမ်း ၁၃၅/၄ မိုင် ကို တဏ္ဍာနှစ်အလိုက်၊ လမ်းပိုင်းအလိုက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဖွံ့ဖြိုး ရေးရန်ပုံငွေ၊ ငွေအပ်လုပ်ငန်းစနစ်ဖြင့် စစ် မြေပြင်အင်ဂျင်နီယာတပ်ရင်းများက ဖောက် လုပ်ပေးခဲ့ကြခြင်းဖြစ်သည်။ နန်းယွန်း-ပန် ဆောင်လမ်း ၃၄/၀မိုင် အနည်းငယ်ကျန်ရှိ နေသော လမ်း/တံတားလုပ်ငန်းများကို တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီနှစ်ခုက အပြီးသတ် ဆောင်ရွက်လျက်ရှိသည်။ မကျန် ရွာသည် လဟယ်-ဒုံဟီး-နန်းယွန်း-ပန်ဆောင် လမ်းကို အားပြုနိုင်သကဲ့သို့ နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ထပ်မံဖောက်လုပ်ပေးထားသည့် မကျန်မှ တိုက်ရဲ-ဆပ္ပလော်-ဆော်လော်-ပုံညို လမ်းမှလည်း အိန္ဒိယနယ်စပ်ထိ ဆက်သွယ် သွားလာ နိုင်မည်ဖြစ်သည်။ ဆိုရသော်. . .

မကျန်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ လူမှုစီးပွားဘဝအခြေအနေ တစ်စတစ်စ မြင့်မားတိုးတက်လာစေဖို့အတွက် ထိုလမ်းများ ကိုအားထားနိုင်ကြောင်းတွေ့ရသည်။ လဟယ် မှ တိုက်ရဲသို့ သွားလာနိုင်သော လမ်းတစ်သွယ် လည်း ရှိသေးသည်။ လဟယ်-လောင်ကျန်း နောက်ကုန်း-အုံ့ပေါ်လမ်းဆုံမှ တိုက်ရဲသို့ ၁၃ မိုင် ခရီးဖြစ်သည်။

မကျန်ရွာအကြောင်းကို စကားဆက်ပါ ဦးမည်။ အိမ်ခြေ ၁၀၄ အိမ်ရှိပြီး အပေါ်နှင့် အောက် အစုနှစ်စု ကွဲနေသည်။ အကြီးအကဲ နှစ်ဦးက ရွာ၏အုပ်ချုပ်ရေး ကိစ္စအဝဝကို တာဝန်ယူထားပြီး သူတို့နေအိမ်အတွင်း၌ သားရဲတိရစ္ဆာန်တို့၏ ဦးချိုများ၊ အရိုးခေါင်း များကို ချိတ်ဆွဲထားကြောင်း တွေ့ရသည်။ နေအိမ်အားလုံးနီးပါးကို တောင်ထန်းရွက်တို့ ဖြင့် အမိုးမိုးထားသည်။ ကလေးများ၏ ပညာ ရေးအခြေအနေမှာ မဆိုးလှ။ ရွာတွင် အခြေခံ ပညာ မူလတန်းကျောင်း တစ်ကျောင်း ဖွင့်လှစ် ထားပြီးဖြစ်သကဲ့သို့ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ဖူးသော လူငယ်နှစ်ဦးကလည်း ဝိုင်းဝန်းကူညီ သင်ကြားပေးလျက်ရှိသည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အစီ အစဉ်အရ အိန္ဒိယနိုင်ငံ၏ ပထမအကြိမ် အထောက်အပံ့ဖြင့် ချင်းပြည်နယ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လမ်း/ တံတားလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ တည်ဆောက် ပေးခဲ့ရာ မကျန်ကျေးရွာ၌လည်း နှစ်ထပ် စာသင်ကျောင်း တစ်ကျောင်း ဆောက်လုပ် ပေးထားပြီးဖြစ်သည်။ ယင်းကျောင်းသို့ သွား ရောက်ကြည့်ရှုစစ်ဆေးရင်း မကျန်ရွာ၏ အခြေအနေကို သိခွင့်ရခဲ့ခြင်းဖြစ်၏။ ထိုရွာ တွင် နေထိုင်ကြသော နာဂတိုင်းရင်းသားများ ကို မကျန်မျိုးနွယ်စုဟု လူသိများသည်။ မကျန် မျိုးနွယ်စုများသည် မကျန်ရွာအပြင် ၎င်း၏ အနီးတစ်ဝိုက်ရှိ စံတို၊ လုံခင်၊ လွန်းထောင်း၊ ခါးလယ်နှင့် ဝုထကျေးရွာများ၌လည်း နေထိုင် လျက်ရှိကြကြောင်းသိရ၏။ ရောက်တုန်း ရောက်ခိုက် လုံးတီးဆန်ကို မောင်းဆုံတွင် ထည့်၍ ဖျုအောင်ဖွပ်သည်ကို ကြည့်ရှု လေ့လာခွင့်ရခဲ့သည်။ ထစ်ခါချက်လျှင် တစ်ခါ ထောင်း၍ဖွပ်သည်ပဲလားတော့မသိ။ မောင်း ဆုံအပေါက်သေးသေးလေးမှာ ထောင်း သည့် ကျည်ပွေ့ကလည်းသေးတာကတော့ အမှန်ပင်။

ရွာရှိကလေးငယ်များနှင့် မကြာခင် အဖွဲ့ ကျသွားကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြ သည်။ ကလေးငယ်များနှင့် မိတ်ဆွေဖြစ်သွား ကြသောအခါ ထိုကလေးငယ်များ၏ ကစား ဖက်ဖြစ်ဟန်တူသော မြီးတိုလေးများက မကြောက်မရွံ့ အနားသို့ရောက်လာကြသည်။ ပလမတော့ သတိမထားမိခဲ့။ အတူပါလာ သော မောင်လင်းလင်းနိုင်နှင့် ငြိမ်းချမ်းတို့က ပြောပြ၍ လိုက်လံကြည့်ရှုခဲ့ရာ မြင်မြင် သမျှ ခွေးအားလုံးသည် အမြီးတိုလေးများ ဖြစ်နေသည့်အပြင် နားရွက်ဖျားလေးတွေ ကိုလည်း ဖြတ်ထားကြကြောင်း တွေ့လိုက်ရ၏။ ဒါတွေပဲလားဆိုတော့ မြစ်ဝကျွန်းပေါ်စကား နှင့် ပြောရလျှင် မကသေးပါ။ ဝက်လေးများ၏ နားရွက်များသည်လည်း အဖျားလေးတွေ ပြတ် နေကြသည်။ ရွာမလေ့ရပ်မလေ့တစ်ခုပဲ ဖြစ် ပါလိမ့်မည်။ မွေးထားသော ခွေးလေးများ ပိုမိုလှပစေရန်၊ ရောဂါဘယဒဏ်ခံနိုင်ပြီး ပိုမို ကျန်းမာဖွံ့ဖြိုးကြစေရန် ရည်ရွယ်ပြုလုပ် ခြင်းဖြစ်ကြောင်း၊ ဝက်လေးများကိုလည်း ကျန်းမာပြီး အသားတိုးစေရန် နားရွက်ဖျား လေးများ ဖြတ်ပေးရခြင်းဖြစ်ကြောင်း သိရ သည်။ အဲဒီဓလေ့က ရွာတော်တော်များများမှာ ရှိတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ခုန် ပေါက်ပြေးလွှားဆော့ကစားရင်း မီးဖိုတွေ ဘာတွေပေါ်ကို ခလုတ်တိုက်ပြီးလဲကျ၊ လက် တွေ ခြေထောက်တွေမှာ မီးအပူလောင်တဲ့ ဒဏ်ရာရခဲ့ရင် အနာမရင်းအောင်၊ မြန်မြန် ကျက်အောင်ဆိုပြီး လူကြီးတွေက ခွေးလေးရဲ့ နားရွက်ဖျားလေးကိုဖြတ်၊ ထွက်လာတဲ့သွေးစ သွေးနလေးတွေကို မီးလောင်အရေပြားပေါ်မှာ လိမ်းပေးတယ်။ တကယ်လည်း အနာမြန်မြန် ကျက်တယ်ဟု ငီးလာကဲက ပြောပြသည်။ ထူးဆန်းသော ကုထုံးပါတကား။

မကျန်ရွာမှ အပြန်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သော လဟယ်-လုံခင်- ယွန်းတိုင်း-လွန်းထောင်း-နမ့်ပုတ်ချောင်းလမ်း ၂၆/၀မိုင် ကို ဝင်ရောက်ကြည့်ရှုစစ်ဆေး ခဲ့သည်။ နမ့်ပုတ်ချောင်းသည် ခန္တီးမြို့၏ အထက်ဘက် ရှစ်မိုင်ခန့်တွင် ချင်းတွင်း မြစ် တဲသို့ စီးဝင်ပေါင်းဆုံကြောင်း သိရသည်။ နာဂဒေသမှ ချောင်းကြီးချောင်းငယ် အသွယ် သွယ်တို့သည် ချင်းတွင်းမြစ်အတွင်းသို့ နေရာ အနှံ့မှ လာရောက်ပေါင်းစည်းကြသည်။

မကျန်ရွာမှ လဟယ်မြို့သို့ ပြန်အရောက် တွင် နေအတော်စောင်းနေပေပြီ။

လဟယ်မြို့နယ် မကျန်ကျေးရွာအဝင်လမ်းကို တွေ့ရစဉ်။

■ မြင့်စိုး(နတလ)

ဧရာဝတီတိုင်းဒေသကြီး

လှိုက်လှဲပျူငှာဖိတ်ခေါ်မှာ ရေချိုအပန်းဖြေကမ်းခြေ ညောင်ချောင်းသာ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ - သပြေထွန်း

ဤဒေသသည် ချောင်းသာ၊ ငွေဆောင်၊ ငပလီစသော ဒေသများကဲ့သို့ တောင်ပု၊ တောင်ချွန်း၊ တောင်ဝန်း၊ တောင်ဝိုင်း၊ တောင်တံတိုင်းတွေ မရှိငြားသော်လည်း ပင်ကြီးပင်ငယ်၊ ပင်ရှယ်ပင်လတ်၊ ပင်ပျပ်၊ ပင်စောက်၊ ပင်တောက်၊ ပင်ငုံ၊ အပင်စုံကိုဖြင့် မြစ်ဝကျွန်း ပေါ်ဝိသဏ္ဌာ စိမ်းစိမ်းစိုစိုလေး လှပနေသည်။ ရွက်တော့၊ ရွက်ဝန်း၊ ရွက်ချွန်း၊ ရွက်သေး၊ ရွက်ထွေး၊ ရွက်ငုံ၊ အရွက်စုံကိုဖြင့် အတိပြီးသော ကိုင်းစိုက်ခင်း စိမ်းစိမ်းညို့ညို့တို့ဖြင့် မှို့မှို့မောက်မောက်ကလေး လှပနေသည်။

ဧရာဝတီ၏လက်ခွဲ ပန်းလှိုင်မြစ်အတွင်းက ကြည့်လိုက်လျှင်ပင်နီမှိုင်းချည်တစ်ခါ၊ မြင့်ချည်တစ်လှည့် သဘာဝဆန်သည့် ကမ်းပါးယံတွေကို တွေ့မြင်နေရသည်။ စီစီတီဗွီကင်မရာဖြင့် ဤဒေသ၏ တစ်နေ့တာရိုက်ကွင်းကို စောင့်မျှော်ကြည့်မည်ဆိုပါက အရှေ့ဘက်တွင် ညောင်တုန်းမြို့ပေါ်ရှိ မြို့ပြနေသူတို့၏ လှုပ်ရှားသွားလာ စားသောက်နေထိုင်ကြသည့်ပုံရိပ်များ၊ တောင်ဘက်တွင် ဒေသချင်းဆက်စပ်နေသည့် ကျေးလက်တောရွာရှုမျှော်ခင်းများ၊ မြောက်ဘက်တွင် လေ့ငယ်တက်စင်းများ၊ ထင်းတဲ့လှေများ၊ မျောဖောင်များ၊ လှိုင်းကြက်ခွပ်လေးများ လှုပ်ရှားနေသည့် ပန်းလှိုင်မြစ်ရေပြင်ကျယ်နှင့်တစ်ဖက်ကမ်းရှိ မျက်စိတဆုံး စိုက်ခင်းများ၊ အနောက်ဘက်တွင် မှိုင်းပျပျမြင့် လှိုင်းထနေသည့် ဧရာဝတီမြစ်မကြီး၏ ရေပြင်ကျယ်ကြီးနှင့် တစ်ခေတ်တစ်ခါက သမိုင်းစာမျက်နှာတွင် ကမ္ဗည်းတွင်ခဲ့သည့် ဥမ္မာဒန္တီမင်းသမီး၏ ကောင်းမှုတော်စေတီ၊ ထန်းပင်ထန်းတောတို့က ညို့ညို့။ ကောင်းကင်မြင်မတော့ တိမ်ညိုမိလ္လာတိမ်စုတာနှင့် တိမ်ပြာရောယှက် မကာန်းကွက်နှင့် တိမ်သက်တန်ရောင်၊ အဝါဘောင်ဝယ်၊ မှောင်တဲ့တစ်ခါ၊ ပြာခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က ဆိုသတဲ့သို့ တိမ်နဂါး၊ တိမ်ဂဠုန်တို့နှင့် အိပ်တန်းပျံငှက်များ၊ ဤဒေသကား အခြားမဟုတ်။ ဤအရပ်နေသူတို့အတွက် ဧရာဝတီကပေးသည့် သဘာဝလက်ဆောင်ညောင်ချောင်းသာ (ရန်ကင်းသာ)ကမ်းခြေအပန်းဖြေနေရာ အရိပ်အဝန်းတစ်ခုပင် ဖြစ်ပါတော့သည်။

သဘာဝကပေးအပ်လာသည့် ဤနေရာလေးစည်ကားဖို့၊ သာယာဖို့၊ အေးမြဖို့၊ ဘေးမခဖို့၊ ကျန်းမာဖို့၊ လန်းဖြာဖို့အတွက် မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့ကလည်း ဒီအတိုင်းကြည့်မနေ။ ယခင်နှစ်နှင့်မတူအောင် အသွင်သစ်နှင့် တူမဟဲ့ဆိုသလို ဆောင်စရာရှိတာ ညွှန်ကြားဖြေသဆုံးမထိန်းကျောင်းပေးလို့၊ ရှောင်စရာရှိတာတွေ တားမြစ်ပဲ့ပြင်သွန်သင်ပေးလို့ပေါ့။ သန့်ရှင်းသာယာလှပဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ပြင်သင့်တာတွေပြင်စေ၊ မကောင်းမှုဒုစရိုက်တွေနဲ့ပတ်သက်ပြီး မမြင်သင့်တာတွေလည်းမဝင်စေနဲ့ စသဖြင့်အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ စည်းကမ်းပိုင်း၊ ဝန်ဆောင်မှုပိုင်း၊ ဆက်ဆံရေးပိုင်းတွေနှင့် စနစ်တကျတည်ဆောက်ပေးထားတော့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ကမ်းခြေဖြစ်မြောက်ရေးကော်မတီတွေကိုလည်း ဧည့်သည်တွေနှင့် ပြည်သူတွေက ကြည်ဖြူနေလိုက်ကြတာ။

ရေပေါ်စားသောက်ဆိုင်များ၊ နားနေဆောင်များ၊ အပန်းဖြေထီးရိပ်ဝိုင်းများ၊ အမိုးချွန် လေးဖက်ပွင့်လေညင်းခံဘန်ဂလိုများ၊ သဲသောင်ပြင်တစ်လျှောက် ကလေးကစားကွင်းများ၊ အပျော်စီးဖြင်းအလှများ၊ ရေတိမ်စီးမော်တော်ဘုတ်ငယ်များ၊ ပုစွန်တုပ်မီးကင်၊ ငါးသလောက်ကင်၊ ကောက်ညှင်းပေါင်း၊ ဖရဲသီး၊ ကုန်စိမ်းသီးနှံ၊ ရိုးရာမုန့်များ စသည်ဖြင့် ကိုယ့်ရွာနှင့်ကိုယ့်အရပ်၊ ကိုယ့်လျှာနှင့် ကိုယ့်ပါးစပ်ဆိုသလို ယဉ်ကျေးသော စားသောက်မှုပုံစံနှင့် ကိုက်ညီအောင် စည်းကမ်းတကျရောင်းချ။ နွေးထွေးသော ဝန်ဆောင် မှုပုံရိပ်များဖြင့် ပျူပျူငှာငှာ။

ဤအပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ်အပန်းဖြေကြရင်း ခရီးသွားဟန်လွှဲ၊ သာသနာရောင်ဖုံးသည့် မြို့ရွှေညောင်တုန်းရှိ သမိုင်းဝင်မိုးဟုတ်စေတီတော်မြတ်ကြီးနှင့် ဥဿျှစ်လှစေတီတော်၊ အတုလမာရဇိန်ကြေးသွန်းဘုရားကြီးနှင့် နိုင်ငံအေးရပ်ပွားတော်စသည့် သာသနာ့အရိပ်အဝန်းများသို့လည်း ဝင်ရောက်ဖူးမြော်ကြည်ညိုလှူဒါန်းရင်း နားခိုနိုင်ကြပါသည်။

"မြသီတာ မြစ်အလွှာနား ရောက်ပြန်တော့ ××× လှိုင်းတလေးတွေ ပြေးတက်လာတဲ့ သောင်စပ်မှာ၊ ငှက်မောင်နှံတောင်ပံယှက်ပြီး ပျံဝဲလာတာကို မြင်ရပြန်တယ် ပန်းနွယ်ရေ ×××" ရုပ်ရှင်မင်းသားအဆိုတော် တေးသံရှင် တွံတေးသိန်းတန်ရဲ့ ကျေးလက်ဆန်သည့် အသံလှိုင်းတို့ကလည်း ညောင်ချောင်းသာကမ်းခြေတစ်လျှောက် ယနေ့အထိ လွင့်ပျံ့သစ်လွင်နေဆဲပင်။ ဒါသည်ပင် စာရေးဆရာကြီး လင်းယုန်သစ်လွင်၏ "သီတာသောင်ခြေဦး" သန္နေတည်ပေါက်ဖွားရာ နယ်နိမိတ်ဝန်းကျင် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ယခုသော်တစ်မူ မြောက်လေရွှင်ရွှင် သဇင်ပွင့်ဖူး၊ ဆောင်းဦးချိန်ခါသို့ပင် ရောက်ခဲ့ပြန်ချေပေါ့။ မြနန္ဒာရေညိုညိုရစ်ခါသန်းကိုပင် ညောင်ချောင်းသာ ရေချိုချိုရစ်ခါသန်းတယ်လို့ပင် ပြောရလေမလား။ ဘယ်လောက်စည်ကားလိုက်မလဲ။ သည်သောင်ယံတစ်လျှောက် တိုးလို့မှ ပေါက်ပါ့မလား။ ရေချိုအပန်းဖြေ ကမ်းခြေလေး သို့မဟုတ် ညောင်တုန်း၏ နှလုံးသားညောင်ချောင်းသာ ကမ်းခြေသို့ အပန်းဖြေရန် အရောက်လာလည်ဖို့ လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်ရင်း. . .။

စစ်ကိုင်းတိုင်းဒေသကြီး

အန္တရာယ်ရှိ စားသောက်ကုန်များရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ဗိုးချမ်း - မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဈေးကြီးများတွင် အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ အခြေအနေများကို တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှု ဖြေရှင်းအဖွဲ့မှ ဦးဆောင်ပြီး ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက လိုက်လံစစ်ဆေးလျက်ရှိကြောင်းသိရသည်။

စားသောက်ကုန်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက "ဒုတိယအကြိမ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့ ပူးပေါင်းအဖွဲ့တွေ ဈေးကြီးတွေမှာ အခုလို ထပ်မံပြီး လိုက်လံစစ်ဆေးတာဖြစ်ပါတယ်။ ဈေးထဲမှာ အန္တရာယ်ရှိ စားသောက်ကုန်တွေရောင်းချတဲ့ဆိုင်တွေ တွေ့ရှိပါက ဆိုင်ရှင်တွေကို ဆက်လက်မရောင်းချဖို့နဲ့ ဆက်လက်ရောင်းချနေပါက ပညာပေးကာလသတ်မှတ်ပြီး ခေါ်ယူသတိပေးတယ်။ လက်ကျန်ပစ္စည်းတွေကို သိမ်းဆည်းဖျက်ဆီးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်း၊ တိုင်းဒေသကြီးကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီများ ပူးပေါင်းကာ မုံရွာမြို့ပေါ်ရှိ ချင်းတွင်းရတနာဈေးနှင့် မြသလ္လာဈေးတို့တွင် အန္တရာယ်ရှိ စားသောက်ကုန်များရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကချင်ပြည်နယ်

မြစ်မီးရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေး

ကချင်ပြည်နယ် မိုးမောက်မြို့နယ်ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မြစ်မီးရောင်ကျေးရွာစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီလ တတိယပတ်ကကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသောင်းညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြစ်မီးရောင်စီမံကိန်း အကောင်အထည်ဖော်ရာတွင် အတိုးရငွေကိစ္စများ၊ ကြုံတွေ့ရသောအခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး

ရေဂါလန် ၇၆ သိန်းကျော်ဆံ့ အများသုံးမီးရထားရေကန် ပြန်လည်တူးဖော်

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျွန်းလှခုံကျေးရွာအနီးရှိ နှစ်ပေါင်းများစွာတူးဖော်ခြင်းမပြုဘဲ တိမ်ကောနေသည့် မီးရထားရေကန်ကြီးကို ရေဂါလန် ၇၆ သိန်းကျော်ဆံ့ အများသုံးရေကန်အဖြစ် ပြန်လည်တူးဖော်လျက်ရှိသည်။ အဆိုပါကန်ကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၄၃ ဒသမ ၅၇၅ သန်း အကုန်အကျခံကာ KBS ကုမ္ပဏီက တာဝန်ယူပြီး ယခုနှစ် ဇန်နဝါရီ ၇ ရက်က စတင်တူးဖော်ခဲ့ရာ ယခုအခါ ၆၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ယင်းမီးရထားရေကန်ကြီး ပြန်လည်ပြုပြင်ပြီးစီးပါက မြို့ပေါ်ခြောက်ရပ်ကွက်ရှိ အိမ်ထောင်စု ၄၃၈၀ ကျော် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်းသိရသည်။

အောင်ကျော်စိုး(ကောလင်း)

မကွေးတိုင်းဒေသကြီး

ရေနည်းချိန် ရေပေးဝေမှုအဆင်ပြေစေရေး ဂန့်ဂေါ၌ဆောင်ရွက်

ဂန့်ဂေါမြို့ ရေပေးဝေရေးလုပ်ငန်းကို မြို့အနီးဖြတ်သန်းစီးဆင်းသည့် မြစ်သာမြစ်အတွင်းမှ မြစ်ရေတင်စနစ်ဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးလျက်ရှိရာ ယခုအခါ မြစ်သာမြစ်ရေနည်းပါးလာသည့်အတွက် ဇန်နဝါရီလ တတိယပတ်တွင် မြစ်ရေတင်လုပ်ငန်း ပုံမှန်ဆောင်ရွက်နိုင်ရေး အခက်အခဲကြုံရသည်များရှိလာသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေသွယ်မြောင်းဖောက်လုပ်ကာ ရေတင်ခဲ့ရသည်။

"ရေသုံးစွဲသူများ အခက်မကြုံရစေဖို့ ဇန်နဝါရီ ၂၂ ရက်ကစပြီး ဘက်ဟိုးလုတ်ဒါ(ထွန်စက်)ဖြင့် မြစ်ရေစီးကြောင်းလမ်းလွှဲပြောင်းရယူခြင်း၊ ရေအနက်ရယူခြင်း၊ ရေအိုင်ဖြစ်စေခြင်း၊ ရေအဆက်မပြတ်စီးဆင်းစေခြင်းတို့ ဆောင်ရွက်ပြီး ဇန်နဝါရီ ၂၆ ရက်မှာ ရေတင်ခြင်း၊ ရေပေးဝေခြင်းတို့ကို ပုံမှန်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ ရေသွယ်မြောင်းဖောက်လုပ်သဖြင့် ရေနည်းချိန်ကာလဖြစ်သည့် နွေရာသီကာလ၌ပါ ရေပေးဝေရေးလုပ်ငန်း ပုံမှန်ဆောင်ရွက်နိုင်မည်ဟု သိရသည်။

ကျော်သန်းဆွေ

မန္တလေးတိုင်းဒေသကြီး

(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပျော်ဘွယ်၌တည်ဆောက်

ပျော်ဘွယ်မြို့နယ်အတွင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို တည်ဆောက်လျက်ရှိကြောင်းသိရသည်။ ပျော်ဘွယ်မြို့နယ်အတွင်း ယခင်က တိုင်းရင်းဆေးကုဌာနအဖြစ်သာတည်ရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဝေဒနာရှင်များကို မန္တလေး တိုင်းရင်းဆေးရုံသို့ လွှဲပြောင်းကုသပေးခဲ့ကြရသည်။ ထိုကဲ့သို့ကုသပေးရခြင်းကြောင့် ဝေဒနာရှင်များအနေဖြင့် ခရီးစရိတ်အခက်အခဲ၊ သွားလာရေးအခက်အခဲများ ကြုံတွေ့ခဲ့ရပြီး အဆိုပါ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံကြီး တည်ဆောက်ပြီးစီးပါက ယင်းအခက်အခဲများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

ပျော်ဘွယ်မြို့နယ်(၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံသည် အလျား ၁၂၆ ပေ၊ အနံ ၆၄ ပေ၊ တစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၄၂ သိန်းဖြင့် စွယ်တော်ထွန်း ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်လျက်ရှိပြီး ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်အားလိုင်းများပြုပြင်ဆောင်ရွက်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်း ဓာတ်အားလိုင်းများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ဇန်နဝါရီလတတိယပတ်က မြို့နယ်လျှပ်စစ်ဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးမင်းနှင့် အင်ဂျင်နီယာ ဦးမင်းမင်းဦးတို့သည် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၀ တို့နှင့်အတူ ၃၃ ကေဗွီ ဓာတ်အားလိုင်းပေါ်ရှိ မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ နိမ့်နေသော ဓာတ်အားလိုင်းကြိုးများကို ကြေသီးအသစ်လဲလှယ်အစားထိုးကာ မြှင့်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

ရှမ်းပြည်နယ်

ခရီးသွားလုပ်ငန်းမှ ဝင်ငွေရှာဖွေပေးသော အင်းလေးကန်ဇီဝရပ်ဝန်းနယ်မြေ

အင်းလေးကန်အတွင်း ဒေသခံများ ဝမ်းရေးအတွက် ငါးရှာဖွေနေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ-တင်မောင်လွင်

"အိမ်သာမှုညှော်လာ" ဆိုရိုးစကားအတိုင်း ရှမ်းပြည်နယ် တောင်ကြီး၊ ညောင်ရွှေ၊ ရွှေညောင်၊ အင်းလေးဒေသများတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီး သွား တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ညှော် လမ်းညွှန်များနှင့်ဖြစ်စေ၊ မိမိတို့အစီအစဉ်ဖြင့် လမ်းညွှန်စာအုပ်မြေပုံများအသုံးပြု၍ဖြစ်စေ ထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှုဒေသများသို့ နေ့စဉ် ဝင်ရောက်လျက်ရှိသည်။

ပွင့်လင်းသော ဆောင်းရာသီတွင် ကမ္ဘာလှည့်နိုင်ငံခြားသားများ လာရောက်မှုများသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်၊ ပဲခူး၊ ပြည်၊ မုံရွာ၊ အလောင်းတော်ကဿပ၊ တောင်ကြီး အင်းလေးရပ်ဝန်းဒေသများ၌ ခရီးသည်များတည်းခိုရန် ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာများကို နိုင်ငံတော်အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရာ ဧည့်ရိပ်သာ ဟိုတယ် ၇၈ လုံးတည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း၌ ဟိုတယ်၊ မိုတယ် ၃၄ လုံး ထပ်မံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အင်းလေးဒေသ ဇီဝအဝန်းနယ်မြေ ကန်ပတ်လည် အရှေ့ဘက်ခြမ်း အင်းလေးဟိုတယ်ဇုန်တွင် ဟိုတယ်၊ မိုတယ် ၁၄ လုံး၊ အင်းလေးကန် အနောက်ဘက်ခြမ်းတွင် ဟိုတယ်သုံးလုံးကို ဆောက်လုပ်ထားရာ တိုးချဲ့လုပ်ငန်းအနေဖြင့် အင်းလေးကန် အရှေ့ဘက်ခြမ်းတွင် ဟိုတယ်ကိုးလုံးကို ထပ်မံဆောက်လုပ်လျက်ရှိသည်။

အင်းလေးရပ်ဝန်းဒေသတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ နေ့စဉ် ၂၀၀ ကျော် ဝင်ရောက်လာကြပြီး တန်ခိုးကြီးဘုရားများဖြစ်သော အင်းလေးဖေါင်တော်ဦး၊ နမ့်ပန်အလိုတော်ပေါက်နှင့် အင်းတိန်ဒေသ ရွှေအင်းတိန်ဘုရားစေတီ၊ နှစ် ၁၀၀ ကျော်က ရွှေကျောင်းတော်ကြီး၊ စော်ဘွားဟော်နန်းများသို့ စက်ဘီးဖြင့်လည်ပတ်ခြင်း၊ ခြေကျင်လျှောက်လှေလာခြင်း၊ အင်းလေးရိုးရာရက်ကန်းလုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ရွှေချည်ထိုး၊ ငွေချည်ထိုးလုပ်ငန်း၊ ပန်းပဲလုပ်ငန်းများကို အထူးစိတ်ဝင်စားစွာ လေ့လာကြသည်။

အင်းလေးရပ်ဝန်းဒေသသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များဖြစ်သော အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ထိုင်း၊ ဂျာမနီ၊ တရုတ်၊ ကိုရီးယားနှင့် ဥရောပဒေသတို့မှ လာရောက်လေ့လာကြသည်။

၂၀၁၄ ခုနှစ်က အင်းလေးကန်ဒေသသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၁၀၃၇၉၀ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၁၁၈၃၇၄ ဦး လာရောက်လည်ပတ်ကြသည်။

အင်းလေးကန်တောရိုင်းဘေးမဲ့ဧရိယာ ထိန်းသိမ်းရေးကို သက်ဆိုင်ရာ ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အင်းလေးကန်အတွင်း ငှက်မျိုးစိတ် ၂၇၀၊ ငါးမျိုးစုံ ၄၃ မျိုး၊ လိပ်သုံးမျိုး၊ လိပ်ပြာ ၆၄ မျိုး၊ ကုန်းနေရေနေ သတ္တဝါ ၃၄ မျိုးတို့ ရှင်သန်လှုပ်ရှားကြသည်။ သဘာဝပေါက်ရောက်ပင်တွင် ဆေးဖက်ဝင် ၅၂၇ ပင်၊ သစ်ခွ ၁၃၅ မျိုးတို့ ရှင်သန်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်က အင်းလေးကန်သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ၁၉၃၇ ခုနှစ်မှစတင်ပြီး ရေဝေရေလဲဒေသများတွင် ရေမြေထိန်းသိမ်းရေးလုပ်ငန်းများကို အစဉ်အဆက်ဆောင်ရွက်ခဲ့သည်။ ရေများ ခန်းခြောက်ခြင်း၊ ရေတိမ်ပိုင်းဖြစ်ခြင်း၊ သောက်ရေသုံးရေရှားပါးခြင်း၊ သွားလာရေးဝန်ဆောင်မှု ခက်ခဲခြင်းများ မဖြစ်ပေါ်ရေး၊ ကျွန်းမျောများ ကုန်းသေမဖြစ်ရေးနှင့် ငါးများရှားပါးလာမှု မရှိရေး၊ ပြည်တွင်းပြည်ပကမ္ဘာလှည့်ခရီးသည်များအတွက် ခရီးသွားလုပ်ငန်းများ ပိုမိုထက်မြက် သွက်လက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။

အင်းလေးသည် မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရပြီး မြန်မာနိုင်ငံ၏ လောပိတရေအားလျှပ်စစ်၏ အဓိက ရေအရင်းအမြစ်တစ်ခုဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်း၏ဆွဲဆောင်ရာ ထူးခြားယဉ်ကျေးမှု အမွေအနှစ်ဖြစ်ရာ အင်းလေးကန်ပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍အဖွဲ့ဝင် ၁၁ ဦးဖြင့် ၂၂-၅-၂၀၁၅ ရက်က တရားဝင်ဖွဲ့စည်း၍ အင်းလေးကန်ရပ်ဝန်းဒေသကို ထိန်းသိမ်းလျက်ရှိကြသည်။ အဆိုပါအဖွဲ့က ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှစတင်၍ သက်ဝင်လှုပ်ရှားခဲ့ပြီး အင်းလေးကန်စိမ်းလန်းစိုပြည်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ အင်းသူအင်းသားများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရေး၊ လက်ရက်ကန်းဖြင့် အပိုဝင်ငွေရရှိရေး၊ ခရမ်းချဉ်၊ ကြံစိုက်ပျိုးမှုဖြင့် ဈေးကောင်းရရှိရေးတို့ကို ဌာနဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျစီမံချက်ချပြီး ဝင်ငွေပိုမိုရရှိလာရေးကို ဦးစားပေးသင့်ကြောင်း ဒေသခံတောင်သူများက ဆန္ဒရှိနေကြသည်။

အဆိုပါအဖွဲ့တွင် အင်းလေးဘေးမဲ့တောဌ ပုံမှန်ကင်းလှည့်ထိန်းသိမ်းရေး၊ လူထုပညာပေးရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကန်ရေဝန်းကျင်ရေထုအမြင့်မပေ ခုနစ်ပေအထက်အမြဲရှိနိုင်ရေး၊ သုတေသနပြုရေးနှင့် မြေပုံအသုံးချမှု မှန်ကန်ရေးတို့ကို အခန်းကဏ္ဍအလိုက် ပညာပေးဆိုင်းဘုတ်၊ ပိုစတာများစိုက်ထူပြီး ဆောင်ရွက်နေကြောင်း သိရသည်။

တိုင်းပြည်စီးပွားတိုးတက်ရေးတွင် ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိမှုသည် တစ်ဖက်တစ်လမ်းမှအရေးပါလျက်ရှိရာ သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေး၊ အင်းလေးဒေသနေပြည်သူများ အလုပ်အကိုင်နှင့်ဝင်ငွေတိုးတက်ရရှိရေးအတွက် အင်းလေးကန် ဇီဝရပ်ဝန်းနယ်မြေကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် ဆန္ဒပြုအပ်ပါသည်။

❖ ရွှေလင်းပြည့်စုံ

မန္တလေးတိုင်းဒေသကြီး

သာစည်မြို့နယ် ကျေးရွာအုပ်စုများတွင် ကုလားပဲခင်းများ စတင်ရိတ်သိမ်းနေ

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများအတွင်းက တောင်သူများ အစွေချ စိုက်ပျိုးခဲ့ကြသည် ကုလားပဲခင်းများမှာ ယခုအခါ အောင်မြင်ဖြစ်ထွန်းပြီး အသီးများဝင်းမှည့်လာပြီဖြစ်သဖြင့် စတင်ရိတ်သိမ်းနေကြပြီဖြစ်ပြီး မိမိတို့နေအိမ်ဝင်းအတွင်းသို့ နွားလှည်းများဖြင့်သယ်ဆောင်ကာ အခြောက်လှန်းထားသည်ကိုတွေ့ရသည်။ **(ဓါတ်ပုံ)**

"ကျွန်တော်တို့ ကျေးရွာတွေဘက်မှာ ကုလားပဲခင်းတွေကို ညအချိန်မှာ မသမာသူတွေက ဝင်ရိတ်ပြီး ခိုးယူနေကြပါတယ်။ တချို့ဆိုရင် လယ်ထဲမှာ တဲထိုးပြီး စောင့်အိပ်နေကြရတဲ့ အခြေအနေတွေဖြစ်နေပါတယ်။ ဒီနှစ်မှာ စိုက်ဧကများပေမယ့် မိုးရွာသွန်းမှုနည်းတော့ အောက်ခံအစိုဓာတ် မရလို့ တချို့အခင်းတွေ မအောင်မြင်ပါဘူး။ ဆောင်းဥတုကလည်း အအေးပြင်းထန်ပြီး နှင်းမကျတော့ ကုလားပဲခင်းက မအောင်မြင်ပြန်ပါဘူး။ ဒီနှစ်ကုလားပဲစိုက်ရတာ မကောင်းဘူး။ ထယ်ထိုးခ၊ ထွန်ယက်ခ၊ ကုလားပဲစေ့ချ လုပ်အားခ၊ ကုန်ကျစရိတ်များလို့ ထွက်ရှိမယ့် ကုလားပဲနဲ့တွက်ရင် ကျွန်တော်တို့ ရှုံးပါတယ်"ဟု သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာမှ ဦးဖိုးငွေက ပြောသည်။

သာစည်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းရာသီကုလားပဲကို ကျေးရွာအုပ်စု ၄၅ အုပ်စုတို့၌ ဧက ၁၀၀၀ ကျော်ခန့် စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးချိန်တွင် မျိုးကုလားပဲ တစ်တင်းလျှင် သာစည်မြို့ပေါ်ရှိ ပွဲရုံများထံမှ ငွေကျပ် ၄၅၀၀၀ပေးဝယ်ခဲ့ကြရသည်။ ယခုကုလားပဲပေါ်ချိန်တွင် ကုလားပဲတစ်တင်းကို ပွဲရုံများက ငွေကျပ် ၃၄၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

မောင်ကို(သာစည်)

နိုင်ငံတကာဘောလုံး

လာမယ့် ဇန်နဝါရီ ၃၀၊ ၃၁ ရက်တွေမှာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ စတုတ္ထအဆင့်ပွဲတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ လီဗာပူးနဲ့ဝက်စ်ဟမ်းတို့ ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေပါတယ်။ လီဗာပူးဟာ ဒီရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ဝက်စ်ဟမ်းနဲ့ နှစ်ကျော့စလုံးယှဉ်ပြိုင်ခဲ့ပြီးချိန်မှာ အိမ်ကွင်းမှာရော၊ အဝေးကွင်းမှာပါ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ လီဗာပူးတို့ ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာနဲ့အတူ စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲအချို့ကို ထုတ်နုတ်တင်ပြလိုက်ပါတယ်။

လီဗာပူး VS ဝက်စ်ဟမ်း

အကြိတ်အနယ်ရှိမယ့် ပွဲတစ်ပွဲပါ။ ပရီမီယာလိဂ်မှာဆုံခဲ့ကြတုန်းက ဝက်စ်ဟမ်းဟာ အိမ်ကွင်းမှာရော အဝေးကွင်းမှာပါ လီဗာပူးကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် လက်ရှိ အချိန်မှာလည်း ဝက်စ်ဟမ်းရဲ့ခြေက တည်ငြိမ်မှုရှိနေသလို လီဗာပူးကလည်း ခြေတည်ငြိမ်မှု မရှိပါဘူး။ ဒါပေမယ့် လီဗာပူးအနေနဲ့ ပရီမီယာလိဂ်မှာ ရလဒ်ပိုင်းတည်ငြိမ်လို့ အက်ဖ်အေဖလားကို အာရုံစိုက်ကစားလာမှာကိုတော့ သတိပြုရမှာပါ။ အထူးသဖြင့် ပရီမီယာလိဂ်မှာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ရတဲ့အတွက် လီဗာပူးတို့ ဒီတတိယပွဲစဉ်မှာ ဂရုတစိုက်ကစားသွားဖို့ရှိသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လီဗာပူးကသာ ကပ်နိုင်သွားမှာပါ။

ဗီလာ VS မန်စီးတီး

မထင်မှတ်ဘဲနဲ့ ကြည့်ကောင်းနိုင်တဲ့ပွဲပါ။ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ရပ်တည်မှုအဆင့်အတန်းကို ယှဉ်ကြည့်ရင်တော့ ကွာဟချက်ကြီးမားလွန်းပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ ဆုံခဲ့ကြတုန်းက ဗီလာဟာအိမ်ကွင်းမှာ မန်စီးတီးကို သရေခံကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။

အထူးသဖြင့် ဗီလာဟာ ပရီမီယာလိဂ်မှာရလဒ်တွေဆိုးရွားပြီး တန်းမဆင်းရဖို့အထိ ရုန်းကန်နေရတာကြောင့် ဒီအက်ဖ်အေဖလားပွဲစဉ်မှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။

ဒါ့အပြင် မန်စီးတီးဟာ ဒီရာသီမှာ အဝေးကွင်းခြေစွမ်းပိုင်း တည်ငြိမ်မှုလုံးဝမရှိပါဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း မန်စီးတီးတို့ ဗီလာရဲ့ ခံကစားအားကို ခက်ခက်ခဲခဲကျော်ဖြတ်ရဖို့ရှိပြီး ကပ်ပြီးသာအနိုင်ရမယ်။

ဒါဘီ VS မန်ယူ

မန်ယူဟာ အောင်မြင်မှုတစ်ခုရယူနိုင်ဖို့ အက်ဖ်အေဖလားကို အာရုံစိုက်ကစားနေသလို လူစုံအသုံးပြုမှုတွေလည်း ရှိနေတယ်ဆိုပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ကတော့ တိုးတက်လာမှုမရှိသေးပါဘူး။ အထူးသဖြင့် မန်ယူရဲ့ ကစားပုံက တိုက်စစ်ပိုင်းမှာ အားပျော့လွန်းတာကြောင့် ဒါဘီရဲ့ အိမ်ကွင်းခံကစားအားကို ခက်ခက်ခဲခဲကျော်ဖြတ်ရဖို့ရှိနေပြီး ကပ်ပြီးသာအနိုင်ရမယ်။

နော်တင်ဟမ် VS ဝက်ဖို့ဒ်

ဝက်ဖို့ဒ်က ပရီမီယာလိဂ်ပြိုင်ပွဲမှာ ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ လိဂ်ချန်ပီယံရှစ်ကလပ် နော်တင်ဟမ်ကလည်း အခုနောက်ပိုင်း ကစားပုံမဆိုးတဲ့အပြင် အိမ်ကွင်းအားသာချက်နဲ့ ထိန်းချုပ်ကစားသွားမှာပါ။ ဝက်ဖို့ဒ်တို့ ကစားရခက်ခဲနိုင်ပြီး သရေကျဖို့များပါတယ်။

ဝက်စ်ဘရွန်း VS ပီတာဘရော့

ဝက်စ်ဘရွန်းက ပရီမီယာလိဂ်ပြိုင်ပွဲမှာ အခုနောက်ပိုင်း တည်ငြိမ်မှုကျဆင်းလာနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်သလို ပြိုင်ဘက်ပီတာဘရော့ကလည်း ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းတဲ့အသင်းပါ။ ကစားသမားအင်အားပိုင်းမှာလည်း ပီတာဘရော့ဟာ ဝက်စ်ဘရွန်းကို မယှဉ်နိုင်ပါဘူး။ ဝက်စ်ဘရွန်းကသာ အိမ်ကွင်းမှာနိုင်ပွဲယူပြီး နောက်တစ်ဆင့်တက်သွားမှာပါ။

အာဆင်နယ် VS ဘန်လေ

အာဆင်နယ်ရဲ့ ဒီရာသီခြေစွမ်းကတည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အက်ဖ်အေဖလားမှာလည်း သုံးနှစ်ဆက်ချန်ပီယံဖြစ်ဖို့ ရည်မှန်းနေတာကြောင့် ဂျရူး၊ ဝေါလ်ကော့၊ ကိုစီနီတို့လို အဓိက ကစားသမားတွေကိုပါ ထုတ်သုံးနေတာတွေ့ရပါတယ်။ ဘန်လေကတော့ အသင်းလိုက်ကစားပုံနဲ့ ခံကစားသွားမှာဖြစ်ပေမယ့် အာဆင်နယ်ရဲ့အိမ်ကွင်းအားနဲ့ ဖိအားပေးမှုကိုတော့ ပွဲချိန်ပြည့် ထိန်းဖို့ခက်တယ်။ အာဆင်နယ်ပဲနိုင်မယ်။

ပဲလေ့စ် VS စတုတ်

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲတစ်ပွဲပါ။ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ဆုံတွေ့ခဲ့တုန်းက ပဲလေ့စ်က စတုတ်ရဲ့အိမ်ကွင်းမှာ အနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ပဲလေ့စ်ရဲ့ခြေစွမ်းက ကျဆင်းနေပါတယ်။ စတုတ်ကတော့ အသင်းလိုက်ကစားပုံ မာကျောမှုရှိသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိပါတယ်။ ဒါပေမယ့် ပဲလေ့စ်ရဲ့အိမ်ကွင်းဖြစ်နေတာကိုတော့ သတိပြုရမယ်။ သရေကျဖို့များတယ်။

ပို့စ်မောက် VS ဘုန်းမောက်

ဘုန်းမောက်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အခုနောက်ပိုင်းကစားပုံမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အသင်းလိုက်ဟန်ချက်တည်ငြိမ်ပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမဆိုးဘူး။ ဒါပေမယ့် ပရီမီယာလိဂ်အသင်းဟောင်းဖြစ်တဲ့ ပို့စ်မောက်ကလည်း အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားသွားမှာဖြစ်လို့ ဘုန်းမောက်တို့အခက်အခဲနဲ့ရင်ဆိုင်ရနိုင်ပါတယ်။ ဘုန်းမောက်နိုင်ရင်တောင် မပြတ်သားဘူး။

ကာလီစလေ VS အဲဗာတန်

အသင်းငယ်လေး ကာလီစလေဟာ ဒီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပေမယ့် အဲဗာတန်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ မလွယ်ကူနိုင်ပါဘူး။ အဲဗာတန်ဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေထက်မြက်မှုရှိပါတယ်။ အဲဗာတန်ခံစစ်က အနည်းငယ်အားပျော့ပေမယ့်လည်း ကာလီစလေရဲ့တိုက်စစ်ကိုတော့ ထိန်းချုပ်နိုင်မှာပါ။ အဲဗာတန်ပဲ အနိုင်ရမယ်။

မီလ်တန် VS ချယ်လ်ဆီး

ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖို့ ခက်ခဲနေတဲ့အတွက်ကြောင့် အက်ဖ်အေဖလားမှာ အောင်ပွဲရဖို့အထိ ရည်မှန်းနေသလို ဒီပွဲစဉ်မှာလည်း နောက်တစ်ဆင့် တက်နိုင်ဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ မီလ်တန်ကတော့ လိဂ်ချန်ပီယံရှစ်မှာတောင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းဖြစ်ပါတယ်။ မီလ်တန်ရဲ့အိမ်ကွင်းဖြစ်ပေမယ့် ချယ်လ်ဆီးကသာ နိုင်ပွဲရသွားမှာပါ။

ကိုချက်စတာ VS စပါး

စပါးဟာ ဆုဖလားတစ်လုံးဆွတ်ခူးနိုင်ဖို့ အက်ဖ်အေဖလားပြိုင်ပွဲကို အာရုံစိုက်ကစားနေပါတယ်။ လက်စတာကိုအနိုင်ရခဲ့တဲ့ တတိယအဆင့်ပြန်ကန်ပွဲမှာလည်း စပါးရဲ့ကစားပုံကောင်းမွန်ခဲ့ပါတယ်။ ကိုချက်စတာကတော့ အသင်းငယ်တစ်သင်းသာဖြစ်ပြီး အိမ်ကွင်းအားတစ်ခုတည်းနဲ့သာ စပါးကိုခံကစားဖို့ ကြိုးစားသွားမှာပါ။ စပါးကသာ နိုင်ပွဲနဲ့ နောက်တစ်ဆင့်တက်ဖို့ရှိတယ်။

ဝေမိုးဆက်

ရင်ဆိုင်ခဲ့ဖူးသည့် ကစားသမားများအနက် အခက်ခဲဆုံးပြိုင်ဘက်ကို အာဆင်နယ်ခံစစ်မှူး ဘယ်လာရင် ထုတ်ဖော်ပြောဆို

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း ညာတောင်ပံခံစစ်မှူး ဘယ်လာရင်က သူရင်ဆိုင်ခဲ့ဖူးသည့် ပြိုင်ဘက်ကစားသမားများအနက် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ဒေါက်ကလပ်ကော်စတာသည် ထိန်းချုပ်ရန်ခက်ခဲဆုံးကစားသမားဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၀ နှစ်အရွယ်ရှိ စပိန်ကစားသမား ဘယ်လာရင်သည် အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား အိမ်ကွင်း၌ လက်ခံကစားခဲ့သော ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွင် ဘရာဇီးတောင်ပံတိုက်စစ်ကစားသမား ဒေါက်ကလပ်ကော်စတာနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ အဆိုပါပွဲတွင် ဒေါက်ကလပ် ကော်စတာသည် ဘယ်လာရင်အား အခက်အခဲများ ကြုံတွေ့စေခဲ့သော်လည်း အာဆင်နယ်အသင်းက အိမ်ကွင်း၌ ဘိုင်ယန်မြူးနစ်ကို ၂-၀ ဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်း အိမ်ကွင်း အရီနာတွင် အာဆင်နယ်ကို ၅-၁ ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင်မူ အာဆင်နယ်အသင်း၏ ညာတောင်ပံခံစစ်နေရာတွင် ပြင်သစ်ကစားသမား ဒီဘူချီ ပါဝင်ကစားသွားခဲ့သည်။ ဘယ်လာရင်အား စီနီယာပြိုင်ပွဲများ၌ မည်သည့်ကစားသမားသည် သူ့အတွက် အခက်ခဲဆုံးပြိုင်ဘက်ဖြစ်ပါသလဲဟု မေးမြန်းမှုကို ဘယ်လာရင်က "သေချာသလောက်ရှိတာကတော့ ဘိုင်ယန်မြူးနစ်ကစားသမား ဒေါက်ကလပ်ကော်စတာပါ။ ကစားသမားတစ်ဦးဟာ ပွဲတစ်ပွဲမှာ အမှားအယွင်း ပြုလုပ်မိကောင်းပြုလုပ်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီပွဲမှာ ကိုယ့်အသင်းအနိုင်ရရင် ဒါဟာ အောင်မြင်တာပါပဲ။ ပွဲရလဒ်ကသာ အရေးကြီးပါတယ်။ ဘိုင်ယန်ကို အိမ်ကွင်းမှာ လက်ခံကစားခဲ့စဉ်က ကျွန်တော်တို့ အနိုင်ရခဲ့ပါတယ်"ဟု ဖြေဆိုခဲ့သည်။

အာဆင်နယ်အသင်းက ချန်ပီယံလိဂ်အုပ်စုအဆင့်တွင် ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူနိုင်ခဲ့ခြင်းသည် အာဆင်နယ်အသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ရင်ဆိုင်ရမည့် ဘာစီလိုနာအသင်းကို အနိုင်ယူကျော်ဖြတ်နိုင်စွမ်းရှိသည် ဆိုသည့်အချက်၏ သက်သေဖြစ်ကြောင်း ဘယ်လာရင်က ဆက်လက်ပြောဆိုသွားခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဘာစီလိုနာကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ကာ ဒုတိယအကျော့ အဝေးကွင်းပွဲအဖြစ် မတ် ၁၇ ရက်တွင် စပိန်နိုင်ငံသို့ သွားရောက်ကစားရမည်ဖြစ်သည်။

■ အောင်က

ဒိုင်ဘာလာရဲ့ အားနဲ့ စီးရီးအေချန်ပီယံ ဖြစ်လာမလားလို့ စောင့်ကြည့်ရမယ့် ဂျူဗင်တပ်စ်

အောင်က

ယခုနှစ်ရာသီအစ စီးရီးအေ ၁၀ ပွဲလောက်ကိုသာ ကြည့်မယ်ဆိုရင်တော့ ဂျူဗင်တပ်စ်အသင်းဟာ ငါးနှစ်ဆက်တိုက် စီးရီးအေဆုဖလားကို ရယူနိုင်ဖို့ဟာ ခက်ခဲတဲ့အနေအထားမှာ ရှိတယ်လို့ ပြောရမှာပါ။ အဲ့ဒီအချိန်တုန်းတဆိုရင် ၁၀ပွဲကစားပြီးချိန်မှာတော့ ၁၂မှတ်သာ ရရှိထားပြီး အမှတ်ပေးဇယားရဲ့ အဆင့် ၁၂နေရာမှာလည်း ရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့်လက်ရှိအချိန်မှာ ဂျူဗင်တပ်စ်အသင်းရဲ့အခြေအနေဟာ ရာသီအစနဲ့တော့ လုံးဝခြားနားသွားခဲ့ပြီ ဖြစ်ပါတယ်။ ပွဲစဉ် ၁၀ပြီး နောက်ပိုင်း ဂျူဗင်တပ်စ်အသင်းဟာ ၁၁ ပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့ပြီး လက်ရှိအချိန်မှာတော့ ထိပ်ဆုံးမှာရှိနေတဲ့ နာပိုလီနဲ့ နှစ်မှတ်သာကွာခြားပါတော့တယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာ ဂျူဗင်တပ်စ်အသင်းရဲ့ ပြောင်းလဲမှုတွေကတော့ လူတိုင်းအတွက် အားကျနှစ်သက်စရာဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် ဂျူဗင်တပ်စ်အသင်းရဲ့ ကစားသမားတွေဖြစ်တဲ့ မာချီစီယို၊ ဘိုနူစီ၊ ချီလီနီနဲ့ ပေါ့ဂ်ဘာတို့ဟာ ခြေစွမ်းကောင်းတွေ ပြန်လည်ရရှိထားခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီထဲမှာမှ ပိုပြီးအသင်းမှာ ဂိုးတွေသွင်းယူပြီး ခြေစွမ်းပြနေတာတတော့ တိုက်စစ်မှူးဒိုင်ဘာလာ ဖြစ်ပါတယ်။

ဒိုင်ဘာလာဟာ ပြီးခဲ့တဲ့နွေရာသီက ဂျူဗင်တပ်စ်အသင်းကို ပါလာမိုအသင်းကနေ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ ပါလာမိုအသင်းကလည်း ဒိုင်ဘာလာကို အကောင်းဆုံးအချိန်မှာ ရောင်းထုတ်ခဲ့တာဖြစ်ပြီး ပြောင်းရွှေ့ကြေးယူရို ၃၂ သန်းရရှိခဲ့ပါတယ်။ ဒိုင်ဘာလာဟာ သူ့ရဲ့တန်ကြေးနဲ့ ညီမျှတဲ့အရည်အချင်းတွေကိုလည်း ဂျူဗင်တပ်စ်အသင်းအတွက် ပြသထားနိုင်ခဲ့ပါတယ်။ ဒိုင်ဘာလာဟာ ဂျူဗင်တပ်စ်အသင်းနဲ့ ပထမဦးဆုံး ပွဲဦးထွက်ရာသီမှာပဲ ခြေစွမ်းပြကစားထားနိုင်ပြီး စီးရီးအေ ၂၁ပွဲကစားပြီးချိန်မှာတော့ ၁၂ ဂိုး သွင်းယူပေးထားသလိုဂိုးရရှိအောင်လည်း ခုနစ်ကြိမ်တိုင်ပံ့ပိုးပေးထားနိုင်သူဖြစ်ပါတယ်။

ဒ့ါအပြင် ဒိုင်ဘာလာရဲ့ လက်ရှိအသက်ဟာ ၂၂နှစ်သာရှိနေသေးတာကြောင့် ကစားသမားတစ်ဦးအတွက် အကောင်းဆုံး အသက်အရွယ်ဖြစ်သလို ပရိသတ်တွေက နှစ်သက်တဲ့ကစားသမားတစ်ဦးအဖြစ်လည်း ရှိနေပါတယ်။ ဒိုင်ဘာလာဟာ အသက်သာ ငယ်ရွယ်ပေမယ့်သူ့ရဲ့ကစားပုံတွေကတော့ ဝါရင့်ကစားသမားတစ်ဦးရဲ့ရင့်ကျက်မှုမျိုးနဲ့ အကောင်းဆုံးကစားထားနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဒိုင်ဘာလာဟာ ဂျူဗင်တပ်စ်အသင်းရဲ့ တိုက်စစ်ပိုင်းကို အကောင်းဆုံး ဦးဆောင်ထားနိုင်သလိုအသင်းအတွက် အခွင့်အရေးကောင်းတွေကို ဖန်တီးပြီး ဥရောပရဲ့အကောင်းဆုံး လူငယ်ကစားသမားတစ်ဦးအဖြစ် ရှိနေတာလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဒိုင်ဘာလာဟာ တိုက်စစ်မှူးတီဗက်ဇ်နဲ့ မနိုင်းယှဉ်နိုင်သေးပေမယ့် သူ့ရဲ့အသင်းအပေါ်မှာ အကောင်းဆုံးစွမ်းဆောင်နိုင်မှုကတော့ သံသယဝင်စရာတောင်မလိုပါဘူး။

ဒီနှစ်ရာသီအစောပိုင်းတွေက ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီဟာ အသင်းရဲ့တိုက်စစ်မှူးနဲ့ကွင်းလယ်ကစားသမားတွေကို အလှည့်ကျသုံးနေမှုတွေရှိနေခဲ့ပေမယ့် ဒိုင်ဘာလာနဲ့ မန်ဇူကစ်တို့ရဲ့အတွဲဟာ အသင်းရဲ့ တိုက်စစ်ပိုင်းအတွက် အကောင်းဆုံးရှိနေတာကြောင့် မိုရာတာနဲ့ ဇာဇာတို့တောင်အသင်းမှာ ပုံမှန်ပွဲထွက်ခွင့် ရရှိဖို့အတွက် ရုန်းကန်နေရပြီဖြစ်ပါတယ်။ အခုအချိန်မှာ ခီဒီယာတလည်း အသင်းမှာ ပြန်လည်ကစားနိုင်ပြီဖြစ်တာကြောင့် ဂျူဗင်တပ်စ်အသင်းရဲ့ကွင်းလယ်ပိုင်းဟာ ပိုမိုကောင်းမွန်မှုတွေရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဒိုင်ဘာလာဟာ အသင်းရဲ့လူငယ်ကစားသမားတစ်ဦးဖြစ်ပေမယ့် ဂျူဗင်တပ်စ်အသင်းနဲ့ပတ်သက်တဲ့ ဖိအားတွေသူ့ရဲ့ပခုံးပေါ်မှာရှိနေပြီဖြစ်ပါတယ်။ ဒ့ါအပြင် တိုက်စစ်မှူး ဒိုင်ဘာလာဟာ အာဂျင်တီးနားလက်ရွေးစင်အသင်းနဲ့အတူ သုံးပွဲပါဝင်ကစားခွင့် ရရှိထားသူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း လာမယ့်ပွဲတွေမှာတော့ ဒိုင်ဘာလာဟာနိုင်ငံအသင်း လက်ရွေးစင်အသင်းမှာ ပိုမိုကစားခွင့်ရရှိလာမယ်ဆိုတာကလည်း သံသယဝင်စရာတောင်မလိုပါဘူး။ ဒ့ါအပြင် လာမယ့် ၂၀၁၈ ကမ္ဘာ့ဖလားမှာတော့ ဒိုင်ဘာလာဟာ သူနဲ့တစ်နိုင်ငံတည်းသာဖြစ်တဲ့ ကမ္ဘာ့ကျော်တိုက်စစ်မှူး မက်ဆီနဲ့တွဲဖက်ပြီး လက်ရွေးစင်အသင်းမှာ ကစားဖို့တောင် ရှိနေပါတယ်။

ဂျူဗင်တပ်စ်အသင်းဟာ ပြီးခဲ့တဲ့ နွေရာသီကတည်းက အသင်းကို ရေရှည် ရည်ရွယ်ချက်နဲ့ ဒိုင်ဘာလာ၊ ဆန်ဒရို၊ ခီဒီယာနဲ့နီတိုတို့ကို ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းနဲ့အတူ သူတို့ဟာ အနာဂတ်မှာ ပိုမိုတိုးတက်လာဖို့ရှိပါတယ်။ လက်ရှိအချိန်မှာတော့ ဂျူဗင်တပ်စ်အသင်းဟာ စီးရီးအေရဲ့ချန်ပီယံပြေးလမ်းပေါ်မှာ ရှိနေပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲကိုလည်း ပိုမိုအာရုံစိုက်ဖို့လိုအပ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ်ပိုင်းတွေအတွင်း အဆက်မပြတ်တိုးတက်မှုတွေ ရရှိနေခဲ့တယ်ဆိုတာကတော့ အမှန်ပါ။ ဒါပေမယ့် ဥရောပမှာ အောင်မြင်ဖို့အတွက် ချန်ပီယံလိဂ် ဆုဖလားရယူနိုင်ဖို့လည်း လိုအပ်ပါသေးတယ်။

ဒ့ါအပြင် ဒီနှစ်ရာသီမှာ ဂျူဗင်တပ်စ်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြနေတဲ့ ဒိုင်ဘာလာဟာ လက်ရှိခြေစွမ်းအတိုင်းကိုသာ ဆက်လက်ထိန်းထားနိုင်မယ်ဆိုရင်တော့ ဥရောပရဲ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်စ်အအနေနဲ့တလည်း ဒိုင်ဘာလာကို အလောတကြီးရောင်းထုတ်ဖို့တော့ မစဉ်းစားသင့်ပါဘူး။ လက်ရှိအချိန်မှာတော့ ဂျူဗင်တပ်စ်အသင်းဟာ ပါလာမိုအသင်းကနေ ဒိုင်ဘာလာကို ခေါ်ယူခဲ့မှုဟာပြီးခဲ့တဲ့နွေရာသီမှာ ဈေးကွက်မှာတော့ အသင်းအတွက် အကောင်းဆုံးအဖြစ်ခဲ့တယ်ဆိုတာကတော့ သံသယဖြစ်စရာတောင် မလိုပါဘူး။

ဒါတွေကြောင့်လည်း ဒီနှစ်ရာသီမှာ စီးရီးအေရဲ့ဆုဖလားကို ရယူနိုင်ဖို့အတွက် နာပိုလီ၊ အင်တာမီလန်အသင်းတို့နဲ့အတူ ယှဉ်လျက်ရှိနေတဲ့ ဂျူဗင်တပ်စ်အသင်းအတွက်တော့ လူငယ်တိုက်စစ်မှူး ဒိုင်ဘာလာဟာ အဓိကကစားသမားအဖြစ် ရှိနေတာကတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း ဂျူဗင်တပ်စ်အသင်းဟာ ဒိုင်ဘာလာရဲ့အားနဲ့ စီးရီးအေဆုဖလားကို ငါးနှစ်ဆက်တိုက် ဆက်လက်ယူနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

စီးရီးအေပွဲစဉ်(၂၂)

စနေနေ့ (၃၀-၁-၁၆)

ည ၈း၃၀	ကာပီ	-	ပါလာမို
ည ၁၁း၃၀	အတ္တလန္တာ	-	ဆက်ဆူအိုလို
နံနက် ၂း၁၅	ရိုးမား	-	ဖရိုစီနုန်

တနင်္ဂနွေနေ့ (၃၁-၁-၁၆)

ည ၆း၀၀	ချီယေဗို	-	ဂျူဗင်တပ်စ်
ည ၉း၃၀	နာပိုလီ	-	အမ်ပိုလီ
ည ၉း၃၀	ဂျိနိုအာ	-	ဗီအိုရင်တီးနား
ည ၉း၃၀	တိုရီနို	-	ဗီရိုနာ
ည ၉း၃၀	အူဒီနီစ်	-	လာဇီယို
ည ၉း၃၀	ဘိုလော့ဂ်နာ	-	ဆမ်ဒိုးရီးယား
နံနက် ၂း၁၅	မီလန်	-	အင်တာ

australian open

ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်တက်ရောက်နိုင်သည့် ဗြိတိသျှတင်းနစ်မယ်အဖြစ် ကွန်တာ မှတ်တမ်းဝင်

၂၀၁၆ ခုနှစ် တင်းနစ်ရာသီ၏ ဂရင်ဆလမ်ပြိုင်ပွဲများအနက် ပထမဆုံးပြိုင်ပွဲဖြစ်သော ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၈ ရက်က စတင်ကျင်းပခဲ့သည်။

၂၀၁၆ ခုနှစ် ဩစတြေးလျ တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် နာမည်ကျော် တင်းနစ်မယ်များ ဖြစ်သည့် ရာရာပိုဗာ၊ ဗစ်တိုးရီးယား အဇာရန်ကာ၊ ကာရိုလိုင်းဝေါ့ဇ်နီယာစကီ၊ ဂျီလီနာဂျန်ကိုဗစ်၊ အန်နာအိုင်ဗန်နိုဗစ်တို့ ပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ကမ္ဘာ့အဆင့် (၄၇) ဖြစ်သူ ဗြိတိသျှတင်းနစ်မယ် ဂျိုဟန်နာကွန်တာမှာမူ ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်လာနိုင်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် တရုတ်နိုင်ငံသူ ကျောင်းရှီအိုင်အား ၆-၄၊ ၆-၁ ဖြင့် အနိုင်ရခဲ့သူ ကွန်တာ (၂၄နှစ်)သည် ၁၉၈၃ခုနှစ် နောက်ပိုင်းတွင် ဂရင်းဆလမ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ၌ ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည့် ဗြိတိသျှတင်းနစ်မယ်ဖြစ်လာခဲ့သည်။ ကွန်တာသည် ၁၉၈၃ ခုနှစ် အမေရိကန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် ဗြိတိန်နိုင်ငံသူ ဂျိုဒူရီပြီးနောက် ဂရင်ဆလမ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံး တက်ရောက်လာနိုင်ခဲ့သူဖြစ်သည်။ ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်လည်း ကွန်တာသည် ၁၉၇၇ ခု နှစ် ဩစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည့် ဆူးဘာကာ ပြီးနောက် ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ယခုနှစ် ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းသည် ကွန်တာအတွက် ဂရင်ဆလမ်ပြိုင်ပွဲတစ်ခုတွင် ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာနိုင်ခြင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကွန်တာအား ဟန်ဂေရီနွယ်ဝင် မိဘများက ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မွေးဖွားခဲ့ခြင်းဖြစ်သော်လည်း ၂၀၀၅ ခုနှစ်ကတည်းက ဗြိတိန်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ အစောပိုင်းက ကွန်တာသည် ဩစတြေးလျနိုင်ငံသူတစ်ဦးအဖြစ် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် မေလတွင် ဗြိတိန်နိုင်ငံသားဖြစ်လာခဲ့ပြီး ဂရိတ်ဗြိတိန်ကို ကိုယ်စားပြုကာ ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နေသူ ဖြစ်သည်။

ကွန်တာသည် ၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၏ ပထမအဆင့်တွင် နာမည်ကြီး တင်းနစ်မယ်တစ်ဦးဖြစ်သူ ဗီးနပ်စ်ဝီလီယံအား ၆-၄၊ ၆-၂ ဖြင့် အနိုင်ယူနိုင်ခဲ့သည်။